www.burmeseclassic.com

(၁၀)အုပ်မြောက်အရေးထုတ်

# ပေါ့ကိုး

# ပွိဒိုင်ပိ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | – ဒေါ်ယဉ်မိုးပိုင် (ဆောင်းညပြာသို စာပေ) အမှတ်–၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – ဒေါ်နီနီခိုင် (၀၇၁၃၅) သီရိမေရောင်စုံပုံနှိပ်တိုက် အမှတ်(၁၉)၊ လမ်း(၉၀)၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။ |
| အတွင်းဖလင် | – ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | – သီရိမေ |
| ကွန်ပျူတာစာစီ | – မေသန့်စင် |
| ပုံနှိပ်ခြင်း | – ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ (ပထမအကြိမ်) |
| အုပ်ရေ | – ၂၀၀ |
| တန်ဖိုး | – ၅၀၀ ကျပ် |

၈၉၅ .၈၃

ဟော့လိုင်း

ဗွီအိုင်ပီ ချစ်သူ / ဟော့လိုင်း – ရန်ကုန်

ဆောင်းညပြာသို စာပေ၊ ၂၀၁၂ အောက်တိုဘာလ

၁၄၉ စာ၊ အလျား ၁၃ စင်တီ၊ အမြင့် ၂၀ စင်တီ

(၁) ဗွီအိုင်ပီ ချစ်သူ


www.burmeseclassic.com

www.burmeseclassic.com

# (၁)

"ဒီမှာ–ပဲရစ်ဟီလ်တန်၊ ကိုယ် မင်းကို ရှင်းပြမယ်··ကိုယ်နဲ့ မက်ဒေါနား ချစ်ခဲ့တယ်ဆိုတာ အရင်တုန်းက ကိစ္စပါ။ အဲဒီနောက်ပိုင်း ကီတ်ဝင်းစလက်နဲ့တွဲဖြစ်တယ်ဆိုတာလည်း အလုပ်သဘောအရပါပဲ၊ ရှာကီရာနဲ့ ညတိုင်း ကလပ်တက်တယ်ဆိုတာက သူ့ဆန္ဒကြောင့် အားနာပြီး အဖော်လိုက်ပေးတာပါ။ တေလာဆွစ်နဲ့ ချက်ထရီယမ်ပေါ်တယ်မှာ ရေအတူဆူးရင်း အကြည်ဆိုက်နေတယ်ဆိုတာကလည်း ပါပါရာဇီတွေကို အမြင်ကတ်လို့ တမင်လုပ်ပြတာပါ··ကိုယ့်အိမ်ကို ခဏ ခဏ လာတဲ့ အေဗရာဘာဗင်းကလည်း ရိုးရိုးသူငယ်ချင်းပါပဲ···ဘယ်သူမှ မသိဘူး မှတ်လို့···မီရှဲဝေနဲ့ နှစ်ယောက်အတူ လက်ချင်းချိတ်ပြီး Game City သွားမိတာကိုတော့ တောင်းပန်ပါတယ်···ဂျင်နီဖာလိုပက်နဲ့ တွဲရိုက်ထားတဲ့ပုံ အင်တာနက်ပေါ်ရောက်သွားတာကလည်း ကိုယ်နာမည်ကြီးတာကိုမနာလိုတဲ့ မသာကောင်တွေကြောင့်ပါ··ရှာရာပိုဗာကတော့ ပြောပါတယ် တစ်နေ့ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



မော်ဒယ်တွေကြားမှာ ဗျာများနေတဲ့ ကိုယ့်ကို သနားလည်း သနားတယ်·· ချစ်လည်းချစ်တယ်တဲ့။ ကိုယ်ကတော့ သူ့ကို ညီမလေးတစ်ယောက်ထက် မပိုနိုင်လို့ မွေးမွေးလေးပဲပေးပြီး နှစ်သိမ့်ခဲ့ပါတယ်··မွေးမွေးပေးတယ်ဆို တာ ရေမွှေးပုလင်းကို ပြောတာနော်··မင်းလည်း သိသားနဲ့··ကိုယ် ဘယ် လောက် သစ္စာရှိတယ်ဆိုတာ၊ မင်း ကိုယ့်ဆီမလာတဲ့နေ့က ကိုယ် လွမ်းဖျား လွမ်းနာကျပြီး ဘယ်လိုမှ မခံစားနိုင်တော့လို့···အင်ဂျလီနာဂျိုလီနဲ့အတူ KTVသွားတာကို စိတ်မဆိုးနဲ့နော်၊ နောက်တစ်နေ့ လေဒီဂါ ဂါ နဲ့ မာဆတ် သွားဖို့ ချိန်းထားတာရှိလို့ သူ့ကို အရင်ဒိတ်ပေးလိုက်တာပါ··ကိုယ် မင်း ကို ဘာလို့ဒီလောက်ရှင်းပြနေသလဲဆိုတော့ ဂျက်စီကာအယ်ဘာက အမှန် ကို အမှန်အတိုင်းပြောတတ်တဲ့ ယောကျာ်းမျိုးမှ ပြန်ချစ်နိုင်မယ်ဆိုလို့ပါ··· ဒီလောက်ဆို မင်းအပေါ် ကိုယ်ဘယ်လောက်အလေးအနက်ထားလဲဆိုတာ သိလောက်ပါပြီနော်··အခုတော့ ကိုယ့်ကို ခွင့်ပြုပါဦး၊ မဖဲဝါက ရေဝေး သွားဖို့ လာခေါ်နေပြီ'

စိတ္တဇဆေးရုံရဲ့လူနာခန်းအတွင်းမှာ တစ်ယောက်တည်း ပြောချင် ရာပြောပြီး ထွက်သွားသော ဝေဒနာရှင်တစ်ယောက်ကိုကြည့်၍ မိုးမြင့်စံ ရယ်ချင်သွားသည်။

ထို့ကြောင့် ရယ်ရင် ကောင်းမလား··မရယ်ရင် ကောင်းမလား·· ဟု တွေးရင်း သူ့ဘေးနားမှ စိတ်ရောဂါအထူးကုဆရာဝန်၏ မျက်နှာကို ကြည့်လိုက်ရာ ပြုံးနေသည်ကို တွေ့လိုက်ရသဖြင့် သူပါ လိုက်ပြုံးလိုက် သည်။

ဒေါက်တာက မိုးမြင့်စံကို ထိုလူနာအကြောင်း နည်းနည်း ပြော ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သူက··လေကြီး မိုးကြီး သိပ်ပြောတဲ့ လူနာ···တစ်ခါတလေ တစ်ယောက်တည်း အဆောင်တွေ ပတ်ပြေးနေတတ်တယ်···ဘာလို့ ပြေးနေတာလဲ လို့··မေးတော့··ချောတဲ့လူတွေ လိုက်ဖမ်းနေတယ်ဆိုလို့··တဲ့လေ'

မိုးမြင့်စံ အခု မှ ရယ်ချလိုက်သည်။

ပြုံးရုံနဲ့မရတော့။

ဘယ်ရမလဲ··ဒီလူနာက ဒေါက်တာ ပြောသလို လေကြီးမိုးကြီး ဝေဒနာရှင်ကိုး···

လောကမှာ လေကြီးမိုးကြီးပြောတဲ့လူလောက် ... ာကောင်းတာ မရှိ။

ဒေါက်တာ၏ဦးဆောင်မှုဖြင့် ဝေဒနာရှင်များကို ပုက်လံကြည့်ရှုရင်း အဆောင်တစ်ဆောင်ရှေ့အရောက်တွင် အခန်းတွင်းမှ စိတ်ဝင်စားရောကောင်းသော စကားသံများ ထွက်လာသည်။

'ဘယ်လိုလဲ နောင်ကြီးရဲ့··ခင်ဗျားပြောတော့ ခင်ဗျားဟာ နာမည်ကြီးရှေ့နေပါဆို··အခုတော့ ခင်ဗျားကိုင်လိုက်မှ တရားခံဟာ သေဒဏ်ဆေးခံလိုက်ရပါရောလား··ဘယ်လိုဖြစ်ရတာလဲ'

'ဒါကတော့ တရားခံက ညံ့တာကိုးဗျ··ကျုပ်က မှာထားတယ်··တရားသူကြီးက မင်းကို ဘာမေးမေး ရူးချင်ယောင်ဆောင်နေ ဆိုတာကို တရားသူကြီးရဲ့မျက်လုံးပေါ့ကိုကြည့်ပြီး ကြောက်လို့ အမှန်အတိုင်း ဝန်ခံလိုက်တယ်လေ'

'ဘယ်လိုဝန်ခံလိုက်တာလဲ'

'သူ အမှန်တကယ် လိမ်လည်မှုကျူးလွန်ခဲ့ပါတယ်လို့'



www.burmeseclassic.com

www.burmeseclassic.com



‘ဟင်…လိမ်လည်မှုကျူးလွန်တာနဲ့ သေဒဏ်ပေးတယ်‥ဘယ်သူ့ကို ဘယ်လိုလိမ်လိုက်လို့လဲ’

‘တစ်ဖက် နောက်တန်းကစားသမားကိုလေ…လိမ်ပြီး ဂိုးသွင်းလိုက်တာ၊ ဂိုးသွင်းပြီး အောင်ပွဲခံနေတဲ့အချိန်ရဲက လာဖမ်းသွားတယ်’

‘ဟင်‥လိမ်ပြီး ဂိုးသွင်းတာကို ဖမ်းတယ်‥ဒါ မတရားလုပ်တာပဲ’

‘တရားတာပေါ့ဗျ…အလိမ်ခံရတဲ့ ကစားသမားက တရားသူကြီးရဲ့သားပဲ’

‘ဒါပေမယ့်…သေဒဏ်ပေးတာကတော့ လွန်ပါတယ်ဗျာ’

‘မလွန်ပါဘူး‥တရားသူကြီးက သူ့သားကန်တဲ့ အသင်းဘက်က သူ့မိန်းမကို ကြေးထပ်ပြီး ကျုပ်နဲ့လောင်းထားတာကိုးဗျ’

‘ဟာ‥ဒါဆိုရင် ခင်ဗျားက တရားသူကြီးရဲ့မိန်းမကို ရလိုက်တာပေါ့’

‘ရတော့ ရပါတယ်ဗျာ‥ဒါပေမယ့်‥တစ်နေ့ ထမင်းလေးနပ်စားလို့ ကျုပ်ရှာသမျှ ကုန်ပြီ‥တော်တော် အစားကြီးတဲ့မိန်းမဗျာ‥အီး‥ဟီး‥ဟီး‥ဟီး‥’

‘မငိုပါနဲ့ဗျာ‥ကျုပ်တစ်ယောက်လုံး ရှိပါတယ်‥ကျုပ်လည်း ဝိုင်းပြီး ရှာကျွေးမှာပေါ့‥ခင်ဗျား မကျွေးနိုင်တဲ့နေ့တွေ ခင်ဗျားမိန်းမ ကျုပ်ဆီ လွှတ်လိုက်‥ကျုပ်က လက်ရှိမှာ အစည်းအဝေးထိုင်နေတုန်း လက်သည်မပေါ်ဘဲ အီးပေါက်သွားတဲ့အမှုတွေ…အများသုံးအိမ်သာမှာ ပေါက်တဲ့ ပုံတွေခွဲတဲ့ တရားခံကို ချောင်းပြီးဖမ်းတဲ့အမှုတွေ‥စတိုးဆိုင်တွေမှာ အကြွေ ပြန်မအမ်းနိုင်လို့ သကြားလုံး ပြန်အမ်းတဲ့စနစ်ကို စတင်တီထွင်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စုံစမ်းဖော်ထုတ်ရတဲ့အမှုတွေ…အဲဒီလိုအမှုကြီးတွေကို ကိုင်တွယ်နေတဲ့ အပြည်ပြည်ဆိုင်ရာတရားသူကြီးတစ်ယောက်ပဲ…နာမည်က အာနိုးဗန်ဒီန်းဒွေးကျော့ဟိန်း တဲ့'

မိုးမြင့်စံ စိတ်ဝေဒနာရှင် နှစ်ယောက်၏ အပြန်အလှန်စကားသံများကို နားထောင်ပြီး သဘောကျနေစဉ် အဘိုးကြီးတစ်ယောက် သူ့အနားသို့ ရောက်လာပြီး စာလေးတစ်စောင် လာပေးသည်။

'လူလေး…ဒီစာကို ဖတ်ကြည့်ပါလား…အဘ ကိုယ်တိုင်ရေးထားတာ'

ဒီအဘိုးကြီးပုံစံက ယဉ်ယဉ်လေးဖြစ်ရမည်ဟု တွေးရင်း မိုးမြင့်စံ တရကြာသက်သွားသည်။

သူ စိတ်ချမ်းသာစေရန်လည်း စာကို ယူဖတ်ကြည့်လိုက်သည်။

ကလေး ရယ်..

ဘဘက မင်း အပျိုဖြစ်တဲ့အချိန်က စပြီး သိန်းငှက်လို မျက်လုံးမျိုး နဲ့ ဒေါက်တောက် ကြည့်နေခဲ့တာကို ဆင်ကြံ့ကြံ့ပြီး ချွေးချောင်းချောင်း နေတယ်လို့ ဘာလို့ လျှောက်ပြောရတာလဲ။ အဲဒီလိုလုပ်ရအောင် ဘဘက ဝံပုလွေလား။

တကယ်ဆို မင်းဘေးနားမှာ ဆောက်တဲ့လို တွယ်ကပ်ချင်တဲ့စိတ်တစ်ခုတည်း နဲ့ အသက်ရှင်နေတာပါ။ အခုလည်း မင်းလေးကို ချစ်မိတဲ့အချစ်ကြောင့် ဘဘခမျာ မျောက် မီး ခဲကိုင်မိသလို မရိုးမရွဖြစ်နေပါတယ်။

ပုတ်သင်ညိုု အပျိုလိုချင် ခေါင်း ညိတ်ဆိုတာလို ကလေး

ဆောင်း ညပြာ သို့စာလေ

www.burmeseclassic.com



နဲ့တွေ့တိုင်း ခေါင်းညိတ်နေရတဲ့ ဘဘရဲ့အမူအကျင့်တွေကို သတိထားမိမယ်ဆိုရင် လိပ်လို ကိုယ့်ဘက် ကိုယ်ယက် ပြောနေတာ မဟုတ်မှန်း ကလေး သိမှာပါ။

သူများတွေက ဘဘကို နွားအို မြက်နုကြိုက်တယ် လို့ ကွယ်ရာမှာ ပြောကြလေမယ့် နွားပျို သန်လှ နွားအိုပေါင်ကျိုး သလောက်ဆိုတာကို ကလေး နဲ့ညားမှပဲ သက်သေပြတော့မယ်။

စပါးကြီး မြွေလို ညို့အားကောင်းတဲ့ ကလေးလေး ရယ်.. မင်းဘေးနားမှာ ဘဲတွေဝိုင်းနေတာ ခါချဉ်အုံလိုပါပဲ။ အဲဒါကို မြင်ရတော့ ဘဘနှလုံးသားကို ပျားတုပ်သလို ခံစားရတာပေါ့။

ရွှေစွန်ညို ဘာကိုလိုလို့ ဝဲတယ်ဆိုတာ သိနေတော့လည်း အဲဒီဘဲတွေကို လူသားစားမိကျောင်းလို အစိမ်းလိုက်ဝါးစားပစ် ချင်နေတယ်။

အဲဒီတော့ ..ဘဘရဲ့စိတ်တွေကလေးအပေါ် နွားသိုးကြိုး ဖြတ် မဖြစ်ရလေအောင် မင်းဘေးနားက ခါချဉ်ကောင်တွေကို ခါချပြီး ပျားတုပ်ခံလိုက်ရတဲ့ ဘဘရဲ့နှလုံးသားကို သားပိုက် ကောင်လို ကလေး ရဲ့ရင်ခွင်ထဲ ထည့်ထားပေးပါတော့။

ဘဘကောင်းလိပ်ရှော

(မှတ်ချက် - သဘောကောင်းသည်၊ အဆိပ်ပြင်းသည်။)

စာကို ဖတ်ပြီး မိုးမြင့်စံ တော်တော်လေးစားသွားသည်။
လူက ရူးပေမယ့် ထူးနေသည်က စာ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်စာရေးဆရာကများ ရေးပေးလိုက်ပါလိမ့်…တစ်မျက်နှာလုံး တိရစ္ဆာန်ရုံထဲက မထွက်တော့။

'ဘယ်လိုလဲ လူလေး…အဘ ရေးတာ ကောင်းရဲ့လား…ဒီစာက ဘဘရဲ့၁၆နှစ်အရွယ် ကောင်မလေးကို ပေးဖို့၊ အဲဒါ..လူလေးကို အရင်ပြတာ'

မိုးမြင့်စံကလည်း အချုန်နဲ့ မ,ပေးသည်။

'ကောင်းတာပေါ့ဗျ…အဘကောင်မလေး တစ်ချက်တည်းနဲ့ကြွေသွားလိမ့်မယ်…နေပါဦး…အဘကောင်မလေးက ဘယ်သူလဲ'

'မေကြိုးကြာ'

အဘိုးကြီးက ပြောပြီး မိုးမြင့်စံလက်ထဲမှစာကို ပြန်ယူ၍ ပြေးထွက်သွားသည်။

ပါးစပ်မှလည်း…

'တက်ဂလောက်…တက်ဂလောက်…ဟဲ့..မြင်း..ပြေးစမ်း..ကြိုးကြာလေးရှိရာကို'

မိုးမြင့်စံ သူ့ဘေးနားမှ ဒေါက်တာကို ကြည့်လိုက်သည်။

'ဒီကလူနာတွေကတော့ ဆလံပါပဲ ဆရာရယ်…တစ်ခါတလေ သူတို့ရဲ့ အသိဉာဏ်ကို ကျွန်တော်တို့ လူကောင်းတွေတောင် လိုက်လို့..မမီဘူး'

'ဟုတ်ပါတယ်ကွာ…တကယ်တော့..သူတို့ဟာ စိတ်တစ်ခုကြောင့် အခုလိုဘဝမျိုးရောက်နေတာပါ…အဲဒီစိတ်ကို ဉာဏ်နဲ့သာ ထိန်းချုပ်နိုင်မယ် ဆိုရင်..အမြင်မှား၊ အသိမှား၊ အယူမှားတွေ မရှိတော့ဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရဲ့အယူအဆကို မိုးမြင့်စံလည်း ထောက်ခံသည်။

'ဟုတ်တယ်နော်…ဒေါက်တာ၊ လောကမှာ အရေးအကြီးဆုံးက ဉာဏ်ပဲ..သူတို့တွေဘဝမှာ ဉာဏ်ကို အသုံးမချနိုင်လို့ ဒီလိုဘဝမျိုးရောက်ရတာ..အဲဒါကြောင့် ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီးက အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားရမယ်လို့ ဆုံးမခဲ့ပေတာပဲ'

မိုးမြင့်စံ မိုးကုတ်ဆရာတော်ကြီးကိုလည်း စိတ်ထဲမှာ ပို၍ ကြည်ညိုလေးစားသွားမိသည်။

'ဒါပေါ့ကွာ…ဒါကြောင့်လည်း ငါတို့က လူနာတွေကို အခါခွင့်သင့်တိုင်း တရားခွေတွေ ဖွင့်ဖွင့်ပြရတာပေါ့'

'ကောင်းတာပေါ့ ဒေါက်တာရယ်…အဲဒီတော့…သူတို့ အခြေအနေက…'

'အများကြီးတိုးတက်လာတာပေါ့ကွာ…သတိကောင်းတဲ့ လူနာတွေဆို အဲဒီအချိန်မှာ တော်တော်လေး ငြိမ်သွားတယ်၊ ဒါလည်း တိုးတက်မှုတစ်ခုပါပဲ'

မိုးမြင့်စံရဲ့ မျက်စိထဲမှာ ဘုရားလက်ထက်က လင်ကို မြွေကိုက်၊ သားကို စွန်ချီ၊ အိမ် မီးလောင်၊ မိဘ သေ၍ သွက်သွက်ခါ ရူးသွားသော မပဋာစာရီကို ဘုရားရှင်က တရားပြလိုက်ရာ ပြန်ကောင်းပြီး ရဟန္တာမ ဖြစ်သွားသော ရုပ်ပြစာအုပ်ကို ပြန်အမှတ်ရလိုက်သည်။

လောကတွင် ရတနာသုံးပါးထက် အဖိုးတန်သောရတနာ မရှိ။

'ကဲ…မင်းကို ဆရာ တခြားအခန်းတွေ လိုက်ပြဦးမယ်'

'ဟုတ်ကဲ့…ဒေါက်တာ'

ဒေါက်တာ၏ဦးဆောင်မှုဖြင့် မိုးမြင့်စံ အဆောင်တွေကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကြည့်ရာ ပုံစံမျိုးစုံဖြင့် စိတ်ထင်ရာလုပ်နေကြသော ဝေဒနာရှင်တွေကို တစ်ယောက်တစ်မျိုး မရိုးရအောင် တွေ့ရလေသည်။

တစ်နေရာမှာတော့ ဝေဒနာရှင်တစ်ယောက် အခန်းထဲမှာ ထိုင်ပြီး ဟန်ပါပါဖြင့် ဘောလုံးပွဲကြေငြာနေသည်။

'MRTV 4 အားကစားဝါသနာရှင် ပရိသတ်များခင်ဗျာ..ယနေ့ ယှဉ်ပြိုင်ကန်မယ့် ဘာစီလိုနာအသင်းနဲ့ လမ်းမတော်F.Cအသင်းရဲ့ပွဲစဉ်ကို ကျွန်တော် ပေတစ်ရာချက်စူကနေ ဘာသာပြန်ပြီး ပေါက်ကရကြေငြာမှာ ဖြစ်ပါတယ်...ဟော...ပြောရင်းဆိုရင်း နှစ်ဖက် ကစားသမားတွေ ကွင်းထဲလေးဖက်ထောက်ပြီး ဝင်လာပါပြီ...ပြီးတော့..အချင်းချင်း ခြေသလုံးကိုက်ပြီး နှုတ်ဆက်ကြတယ်ခင်ဗျ...ဟော...ဒိုင်လူကြီးက အသင့်ယူလာတဲ့ ပုလွေကို ထုတ်ပြီး မှုတ်လိုက်တယ် ဆိုရင်ပဲ..ဘောလုံးဟာ ဘာစီလိုနာခြေထဲမှာပဲ...ရောက်နေပါတော့တယ် ခင်ဗျ...လမ်းမတော်အသင်း ကစားသမားတွေ နောက်က လိုက်ချိတ်တယ်...သံချိတ်ကြီးနဲ့...ချိတ်လို့မရလို့ မတ်တတ်ရပ်ကြည့်နေတယ် ခင်ဗျ...အခုဆိုရင် ကမ္ဘာကျော်ဘောလုံးသမား မက်ဆီဟာ လမ်းမတော်အသင်းက ကစားသမားအယ့်တစ်ယောက်လုံးကို ဂိုးသမားပါမကျန်...လိမ်ပြီး ဂိုးသွင်းတော့မယ် ခင်ဗျ...အဲ..အချိန်မီပါပဲခင်ဗျာ...လမ်းမတော်အသင်းက နောက်တန်းကစားသမား နှစ်ယောက် မက်ဆီကို ဝိုင်းပြီး ထိုးတယ်ခင်ဗျ...လက်သီးနဲ့...မက်ဆီ ပယ်နယ်တီဧရိယာထဲမှာ ကြယ်တွေလတွေ မြင်ပြီး မှောက်သွားပါတယ်...အဲဒါကို ဒိုင်က အနီကတ် ပြဖို့ ပြေးအလာ လမ်းမတော်အသင်းရဲ့ တိုက်စစ်မှူးက ဒိုင်လူကြီးကို ပြေးပြီး ဘောင်းဘီ ဆွဲချွတ်လိုက်တယ်ခင်ဗျ...ဖင်မှာ ပွေးကွက်တွေမှ ထင်းနေတာပါပဲ...ဒိုင်လူကြီး ရှက်



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ သူ့ကိုယ်သူ အနီကတ်ပြပြီး ကွင်းထဲက ထွက်ပြေးသွားပါတယ် …လမ်းမတော်အသင်း ပရိသတ်တွေကလည်း ပရော်ဖက်ရှင်နယ် ပီသစွာ မတရားလုပ်ရပါ့မလား ဆိုပြီး‥ဘာစီလိုနာကစားသမားတွေကို ရေသန့်ဗူးနဲ့ ပစ်တယ် ခင်ဗျ…အဲဒီအချိန် လမ်းမတော်အသင်း ဂိုးသမားကလည်း ဘောလုံးကို လက်နဲ့ပိုက်ပြီး ဘာစီလိုနာအသင်းရဲ့ ဂိုးပေါက်ထဲကို ပြေးပြီး ပစ်ထည့်လိုက်ပါတယ်ခင်ဗျာ‥ဂိုးပါတယ် ခင်ဗျာ…ဂိုးပါတယ်…ဘယ်သူမှ မရှိတဲ့ ဂိုးပေါက်ထဲကို လှလှပပ လက်နဲ့ပစ်ထည့်လိုက်တာ လမ်းမတော်အသင်း အဖွင့်ဂိုး စတင် ရရှိသွားပါတယ်…အဲဒီအချိန်မှာ ဘာစီလိုနာအသင်းရဲ့ပရိသတ် ကောင်မလေးတစ်ယောက်က မကျေနပ်လို့ ကွင်းထဲကို ပြေးအလာ…လမ်းမတော်ကစားသမားတွေ ဝိုင်းပြီး ပွဲသိမ်းဘာဂျာမှုတ်လိုက်လို့ ပွဲက တစ်ဂိုး ဂိုးမရှိနဲ့ ပြီးသွားပါတယ် ခင်ဗျ…ဂုဏ်ယူစရာပါပဲ ခင်ဗျာ…MRTV 4 ပရိသတ်များ မြင်တွေ့ကြရတဲ့အတိုင်းပါပဲ…အခုဆိုရင် မြန်မာနိုင်ငံကိုယ်စားပြု လမ်းမတော် F.C အသင်းဟာ စပိန်နိုင်ငံ ကိုယ်စားပြု ဘာစီလိုနာအသင်းကို အသန့်ရှင်းဆုံးကစားပြီး တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ယူဗိုလ်စွဲသွားပါပြီ ခင်ဗျာ‥ချန်ပီယံဆုအဖြစ် ကျွန်တော်တို့ ရေချိုးရင်သုံးတဲ့ အလျှူခံဖလားကြီးကိုဆွတ်ခူးရရှိသွားပါပြီခင်ဗျာ'

သူက ပြောလည်း ပြော၊ လက်ခုပ်လည်း အားရပါးရတီး၊ လေပါချွန်လိုက်သေးသည်။

'ဖြောင်း…ဖြောင်း…ဖြောင်း…ရှူး'

ဒေါက်တာက မိုးမြင့်စံကို ထိုလူနာအကြောင်း ရှင်းပြလိုက်သည်။

'သူ့အဖြစ်ကလည်း သနားစရာပါကွာ‥မြန်မာနဲ့ ဗီယက်နမ်ကန်



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေ့က အိမ်ပေါင်ပြီး မြန်မာအသင်းဘက်က လောင်းတာ··ခုနစ်ဂိုးပြတ် ရှုံးသွားလို့ နလံမထူနိုင်ဘဲ စိတ်ဖောက်ပြန်သွားရှာတာပါ'

'ဖြစ်မှဖြစ်ရလေဗျာ··သူကိုကလည်း မိုက်ပါတယ်'

မိုးမြင့်စံ ထိုလူနာကိုလည်း ကိုယ်ချင်းစာသွားသည်။

တော်ပါသေးရဲ့···

သူတောင် မလောင်းမိလို့။

အဲဒီအချိန်မှာ···စောစောက မိုးမြင့်စံကို စာလာပြသော လူနာ အဘိုးကြီးအား ခေါင်းငိုက်စိုက်ဖြင့် ပြန်လှည့်လာသည်ကို တွေ့လိုက်ရသည်။

မိုးမြင့်စံက သူ့ပုံစံကိုကြည့်ပြီး စိတ်ဝင်စားလာသည်နှင့် အနားရောက်သောအခါ လက်တို့၍ မေးလိုက်သည်။

'ဘယ်လိုလဲ၊ အဘကောင်မလေးကို ရည်းစားစာပေးတာ အဆင်ပြေလား'

အဘိုးကြီးက မျက်နှာရှုံ့မဲ့မဲ့ဖြင့်

'မပြေပါဘူးကွာ··ကြိုးကြာလေး သိပ်ရက်စက်တယ်၊ ခုနလေးတင်ပဲ ဖိုးကြက်ဖနဲ့လိုက်ပြေးသွားတယ်···ဟင့်···ဟင့်'

ပြောပြီး ထိုလူနာအဘိုးကြီးက မျက်ရည်မဆည်နိုင်ဘဲ မိုးမြင့်စံ အနားမှပြေးထွက်သွားသည်။

မိုးမြင့်စံ တစ်ချက်ရယ်ပြီး ဒေါက်တာ့မျက်နှာကို ကြည့်လိုက်သည်။

ဒေါက်တာကလည်း မိုးမြင့်စံကို ကြည့်၍ရယ်သည်။

'ကဲ··အမျိုးသားလူနာဆောင်တော့ နံ့သွားပြီ၊ အမျိုးသမီးလူနာ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဘက် ကြည့်ချင်သေးလား…အခန့်မသင့်ရင် မင်းကို အရူးမလေးတွေက မင်းသား မင်းမော်ကွန်းနဲ့မှားပြီး ပြေးနမ်းကြလိမ့်မယ်'

ဒေါက်တာ့စကားကြောင့် မိုးမြင့်စံမျက်လုံးပြူးသွားသည်။

'ဟို..အဲ..အဲဒါဆိုရင်တော့ မသွားတော့ပါဘူး ဒေါက်တာရယ်..ဒီလောက်ဆို လူနာတွေရဲ့ အခြေအနေကို ကျွန်တော် သဘောပေါက်ပါပြီ၊ အလှူကိစ္စပဲ ပြောလိုက်ရအောင်'

'ဒါဆို ငါနဲ့လိုက်ခဲ့'

ပြောပြီး ဒေါက်တာက မိုးမြင့်စံကို ရှေ့မှဦးဆောင်၍ ရုံးခန်းရှေ့သို့ ခေါ်သွားလေသည်။

ရုံးခန်းရှေ့ ရောက်သောအခါ ဒေါက်တာက မိုးမြင့်စံကို ရုံးခန်းအပြင်ဘက်နံရံမှာကပ်ထားသော လူနာများအတွက် ကုန်ကျစရိတ်စာရင်းကို လက်ညှိုးထိုးပြလိုက်သည်။

'ဒီမှာကပ်ထားတဲ့ စာအတိုင်းသာ ဖတ်ကြည့်ပေတော့'

မိုးမြင့်စံက စာကို သေချာစွာဖတ်ပြီးနောက်…

'လူနာတွေအတွက် အယောက်(၉၀၀)စာ နေ့လယ်စာနဲ့ ညနေစာ အသားဟင်းနဲ့က သုံးသိန်း၊ ဆေးဖိုးအတွက်က တစ်ယောက်စာကို ငါးရာဆိုတော့ အယောက် (၉၀၀)စာ လေးသိန်းခွဲ၊ ဒါဆို..ပေါင်းလိုက်ရင်..ခုနစ်သိန်းခွဲ၊ ကျွန်တော် ရှစ်သိန်းလှူခဲ့မယ် ဒေါက်တာ..ပိုတဲ့ ငါးသောင်းကို ဒေါက်တာတို့ လိုအပ်တဲ့နေရာ၊ ဥပမာ..လူနာတွေအတွက် ဆပ်ပြာတို့၊ မျက်နှာသုတ်ပဝါတို့…တစ်ခုခုပေါ့…အဲဒီအတွက် ကျွန်တော် ရှစ်သိန်းလှူခဲ့ပါ့မယ်'

'ဘာ…ရှစ်…ရှစ်သိန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဒေါက်တာ..ရှစ်သိန်း လှူပါ့မယ်'

မိုးမြင့်စံက ရှစ်သိန်းလှူမည်ဟုဆိုသောအခါ ဒေါက်တာ၏မျက်နှာ တဖြည်းဖြည်း အရောင်ပြောင်းလာသည်။

'ရှစ်သိန်းတောင် လှူမယ်ဆိုပါလား၊ ဒါဆို ထောပြီပေါ့..ဟီဟိ.. ရှစ်သိန်းတဲ့ကွ..ပေါပေါ့...'

ပြောပြောဆိုဆို..ဒေါက်တာက ချက်ချင်း ဆရာဝန်တို့ ကုလားထိုင်မှ မျောက်ကွယ်သွားပြီး ပုဆိုးကို ခါးတောင်းကျိုက်၍ ကွေးနေအောင် က, တော့သည်။

♪ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်..လှူ မွဲတွေက မနေးခေတ်မီ သူဌေးဖြစ်တော့မည်...ရှစ်သိန်းရပါပြီဟေ့... ပလို့ဂျိ ♪

မိုးမြင့်စံခမျာ မယုံကြည်နိုင်လွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်ပြီး၊ သူ့ရှေ့မှာ ဘရိတ်ဒန့်ဆွဲနေသော စိတ်ရောဂါအထူးကုဆရာဝန် ဆိုသူကို မျက်လုံးအပြူးသားဖြင့် ငေးကြည့်နေမိတော့သည်။

ခဏအကြာ -

'ဆရာ...စိတ်...စိတ်ကို ထိန်းပါ ဆရာ...ကျွန်တော် ရှစ်သိန်း လှူမယ်လို့ပဲ ပြောတာပါ...သိန်းရှစ်ထောင်လှူမှာ မဟုတ်ပါဘူး'

ထိုအခါ ဒေါက်တာက က,နေရာမှ ချက်ချင်းရပ်ပြီး ကုလားထိုင်သို့ ပြန်ထိုင်းကာ မျက်နှာကို တည်လိုက်သည်။

ထို့နောက် ခါးတစ်ဖက်ကို ထောက်ပြီး စတိုင်အပြည့်ဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



♬ ကျွန်တော့်နာမည် ဝူဝွန်ဖြိုးပါ..ရွာသာကြီးမှာ နေပါတယ်.. အရင်ကတော့ ခါးပိုက်နှိုက်ပေါ့..လိုင်းကားစီးတိုင်း ကျွန်တော် ပါတယ်.. လူတွေကတော့ ပြောတာပေါ့..ဒီကောင်ကလေး သိပ်တော်တယ်..ဘယ် နခါနှိုက်နှိုက် မမိဘူးတဲ့...လိုင်းကြေးပေးပြီး နှိုက်ပါတယ် ♬

ထိုအခါမှ မိုးမြင့်စံ သဘောပေါက်ပြီး သူ့နဖူး သူပြန်ရိုက်လိုက် စဉ် အပေါ်ဖြူ အောက်နီနှင့် နာ့စ်မနစ်ယောက် ပြေးလာသည်။

'ဟဲ့...ဟဲ့..ဒုက္ခပဲ...ညည်းသည်ကို ဘာတွေ သွားနှောင့်ယှက်နေ တာလဲ..သိမ့်သိမ့်ဇင် သူ့ကို အခန်းထဲ ပြန်ထည့်လိုက်ဦး'

'အေး...အေး'

နာ့စ်မတစ်ယောက်က သူ့ဘေးနားမှ သိမ့်သိမ့်ဇင်ဆိုသော နာ့စ်မ ကို ပြောလိုက်ရာ သူမက ဒေါက်တာဆိုသူကို ချိုင်းမှ ဆွဲ၍ လူနာဆောင် အတွင်းသို့ ဆွဲခေါ်သွားလေသည်။

ဒေါက်တာကတော့ ပါးစပ်က ပြောချင်ရာ ပြောပြီး ယက်ကန် ယက်ကန်နှင့် ပါသွားသည်။

'ချာမ...တားတားကို ချိုချိုတိုက်မရိလားဟင်..တားတား ချိုချို ချိုချင်တယ်'

'ဟဲ့..မသာကောင်၊ ပါးစပ်ပိတ်'

မိုးမြင့်စံ တော်တော် သေချင်စိတ်ပေါက်သွားသည်။

ရှောက်တော်စူးရောက်နေသော ဒေါက်တာကို စိတ်မသက်မသာ ကြည့်နေစဉ် ကျန်ခဲ့သော နာ့စ်မက မိုးမြင့်စံကို ခါးတို့၍သတိပေးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ဒေသ့်သည်ထင်တယ်'

မိုးမြင့်စံလည်း နာ့စ်မဘက်လှည့်၍ ပြန်ဖြေရှင်းရသည်။

'ဟုတ်ပါတယ် ဆရာမ‥ကျွန်တော်က ဒီမှာ လျှူချင်လို့ လာလေ့လာတာပါ‥အဲဒါ‥ဝင်ဝင်ချင်း ခုနလူက သူ့ကိုယ်သူ စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာဖုန်းကင်‥ဆိုပြီး လူနာဆောင်တွေ လိုက်ပြတယ်‥ကျွန်တော်က ရှစ်သိန်းလှူမယ်လည်းဆိုရော ထဖောက်ပြီး က,နေတော့တာပါပဲဗျာ'

ထိုအခါ နာ့စ်မက ပါးချိုင့်လေးပေါ်အောင် ပြုံးလိုက်သည်။

'ဟင်း‥ဟင်း‥‥ဟင်း‥ရှင်တော့ အညာမိသွားပြီ၊ သူက ဆရာဝန်ရှူး၊ ရှူးတာတောင် ရိုးရိုးဆရာဝန် မဟုတ်ဘူး၊ ကိုရီးယား ဆရာဝန်ဒေါက်တာဖုန်းကင်တဲ့၊ ဖုန်းကင်ဆိုတော့‥ရှင် ပြောင်းပြန် ပြန်ကြည့်လိုက်လေ'

မိုးမြင့်စံ တစ်ချက်စဉ်းစားပြီး‥‥

'ဖုန်းကင်‥ ဆိုတော့‥ဖင်‥‥ဟား‥ဟား‥ဟား‥ဆရာမရေ‥ခင်ကုန်း‥တဲ့'

'ဘာ'

'အဲ‥ဟုတ်ပါဘူး သူ့နာမည်က ဖင်ကုန်းလို့ ပြောတာပါ၊ တကယ်ရယ်ရတယ်နော်'

'အဲဒါဆိုလည်း ရယ်လိုက်ပေါ့ရှင်‥ရှင်က အရူး တစ်ပတ်ရိုက်ခံလိုက်ရတာကိုး'

'မသိဘူးလေ ဆရာမရယ်‥ယူနီဖောင်း မဝတ်ထားတဲ့ ဆရာဝန်ပဲ ထင်တာပေါ့‥ပြီးတော့ အဲဒီအချိန်မှာ ဆရာမတို့ကလည်း ဘယ်ရောက်နေမှန်းမသိ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့နှစ်ယောက်က ဗိုက်နာလို့ အိမ်သာပြေးနေတာပါရှင်.. ပြီးတော့ သိပ်မဆိုးတဲ့လူနာတွေကို ဒီလိုပဲလွှတ်ထားပါတယ်..ဘာမှတော့ အန္တရာယ်မရှိပါဘူး'

'ဆရာမတို့က နှစ်ယောက်လုံး ပြိုင်တူဗိုက်နာနေတာလား'

'ကျွန်မက အိမ်သာတက်နေတာပါ....ခုန တစ်ယောက်ကတော့ ဗိုက်အောင့်လို့ ဆရာဝန်ကြီးဆီမှာဆေးသွားတောင်းတာ..ရှင်ကလည်း စပ်စုလိုက်တာ..ကဲ..အလျှူကိစ္စပြောရအောင် ကျွန်မနဲ့လိုက်ခဲ့'

'ဘယ်ကိုလဲ'

'အခန်းထဲကို'

ထို့နောက်..နာ့စ်မက မိုးမြင့်စံကို သူမအခန်းထဲ ခေါ်သွားလေသည်။ (ရှုံးခန်း)

◆



www.burmeseclassic.com

www.burmeseclassic.com

# (၂)

Classic Coffee Shop ဆိုသော အဆင့်မြင့်ကော်ဖီဆိုင်လေး ရှေ့မှာ ပရာဒိုတစ်စီး ထိုးရပ်လာသည်။

ထို့နောက် ကားတံခါးကိုဖွင့်ပြီး ခြေထောက်တစ်ဖက် မြေကြီး ပေါ် ချလိုက်တယ်ဆိုရင်ပဲ ကော်ဖီဆိုင်ထဲမှ ဝန်ထမ်းကောင်မလေးတွေ အာရုံက အဲဒီမှာ စုပြုံသွားသည်။

အနက်ရောင်ရှူးဖိနပ်က ပြောင်လက်နေသလို ကားတံခါးကိုပိတ် ပြီး ဆင်းလာတဲ့ အဲဒီပုဂ္ဂိုလ်က တစ်ခါမြင်လိုက်ရုံနဲ့ တော်ရုံမိန်းမ ခုနစ်ရက် ကိုတိ ဖျားလောက်တဲ့ ရုပ်မျိုး။

နေကာမျက်မှန်အနက်ကို တပ်ထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ် မွေးများက ရိတ်ပြီးစမို့ စိမ်းဖန့်နေပုံမှာ နိုင်ငံခြားမင်းသား ရုံးလောက် သည်။

ထိုပုဂ္ဂိုလ် ဆိုင်ထဲကို တစ်လှမ်းချင်းဝင်လာသောအခါ ကော်ဖီဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ဝန်ထမ်းကောင်မလေးတွေ ချက်ချင်းခေါင်းကိုငုံ့ပြီး အရိုအသေပေး
လိုက်ကြသည်။

ဒါပေမယ့် ဝန်ထမ်းကောင်မလေးတစ်ယောက်က အဲဒါကို မသိဘဲ
သူ့ရှိရာသို့ တည့်တည့်သွားပြီး ခရီးဦးကြိုပြုသည်။

'ကြွပါရှင်..ဘာများ သုံးဆောင်ချင်ပါသလဲ'

ထိုအခါ သူက ဝန်ထမ်းကောင်မလေးကို ပြုံး၍ ကြည့်ပြီး တစ်
ခွန်းတည်း ပြန်ဖြေကာ သူ့လမ်းသူဆက်လျှောက်သွားသည်။

'ငါ မိုက်ပြည့်နေပြီ'

ဝန်ထမ်းကောင်မလေးက ကြောင်တောင်တောင်ဖြင့် ငေးကြည့်
နေမိစဉ် အခြားဝန်ထမ်းမလေးက လက်တို့သည်။

'ဟဲ့..နံ့သာဖြူ..အဲဒါ ငါတို့ကော်ဖီဆိုင်ပိုင်ရှင် ဒေါ်ကြူမြွှာမိုးမြင့်
ရဲ့သားဟဲ့..ညည့်သည် မဟုတ်ဘူး'

'ဟမ်..သူက ဒီဆိုင်ပိုင်ရှင်ရဲ့သား...'

'အေး..ဟုတ်တယ်'

နံ့သာဖြူ..ဆိုသော ဝန်ထမ်းကောင်မလေးက ဒီမှာ အလုပ်ဝင်
တာ မကြာသေးသည်မို့ ဒါကို မသိ။

သိလည်း သိရော..တော်တော်ခိုက်သွားသည်။

'အရမ်းမိုက်တာပဲဟယ်..နာမည်ဘယ်လိုခေါ်လဲ'

'မိုးမြင့်စံ..တဲ့'

'မိုးမြင့်စံ'

နံ့သာဖြူပါးစပ်မှ သံယောင်လိုက် ရွတ်ရင်း စိတ်ကူးယဉ်ကြည့်
သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထဲမှာ…သူက ကော်ဖီဆိုင်ပိုင်ရှင် ဒေါ်ဏ္ဍ္ဍမိုးမြင့်ရဲ့… ချွေးမ။

မိုးမြင့်စံက သူ့ရဲ့ တရားဝင်ယောက်ျား။ ပြီးတော့…ကလေးတစ်ယောက်ပါ မွေးလိုက်သေးသည်။

စိတ်ကူးယဉ်လို့ကောင်းနေစဉ် သူ့သူငယ်ချင်းက လက်မောင်းကို ဖိတ်ရိုက်ပြီး မေးသည်။

'ဟဲ့…ကောင်မ၊ ဘာတွေ စိတ်ကူးယဉ်နေတာလဲ'

'မဟုတ်ပါဘူးဟယ်…သူက အရမ်းကြည့်ကောင်းလို့ပါ'

'ဟဲ့…အဲဒီစကားကို သူ့အမေရှေ့မှာ မပြောမိစေနဲ့နော်…တစ်ခါတည်း အလုပ်ပြုတ်သွားဦးမယ်'

သူမသူငယ်ချင်းက တိုးတိုးလေးကပ်ပြောလိုက်ရာ နံ့သာဖြူမျက်လုံးလေး ပြူးသွားသည်။

'ဟင်…အဲဒီလောက်တောင်ပဲလား'

ထိုအခါ တခြားဝန်ထမ်းကောင်မလေးတစ်ယောက်ကလည်း သူတို့ရှိရာ လျှောက်လာပြီး စကားဝိုင်းထဲ ဝင်လာသည်။

'အဲဒီထက်ဆိုးတယ် နံ့သာဖြူရေ…ငါတို့လို သူ့ဆိုင်က ဝန်ထမ်းပြောနဲ့…သူ့သားနဲ့သင့်တော်မယ့်ဇနီးလောင်းကို အင်တာနက်ကနေ ရှာနေတာတောင် အခုထိ အကြိုက်မတွေ့သေးဘူး'

ထိုအခါ နံ့သာဖြူက အားမလိုအားမရလေးပြောသည်။

'အင်တာနက်ကနေရှာမှတော့ ဟိုပုံဒီပုံတွေပဲ တွေ့မှာပေါ့ဟယ်…တကယ်ဆို သူနဲ့သင့်တော်မယ့်မိန်းကလေးကို အပြင်လောကကနေ ရှာသင့်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့…ရှူး…'

နံ့သာဖြူဘေးမှဝန်ထမ်းမလေးက နှုတ်ခမ်းနား လက်ညှိုးထေ
ာက်၍ အချက်ပြလိုက်သဖြင့် စကားစ,ပြတ်သွားသည်။

အချက်ပြရခြင်းအကြောင်းမှာ ဒေါ်ကြူနွဲ့ဦးမိုးမြင့်နှင့် မိုးမြင့်စံ ထွ
က်လာ၍ဖြစ်သည်။

'သား…တစ်ခုခုစားသွားဦးလေ'

'မစားတော့ပါဘူး အမေရယ်‥ကျွန်တော် ဒီနေ့ စိတ္တဇဆေးရုံ
ပိုက်ဆံသွားလှူရင်း လမ်းကြုံလို့ဝင်လာတာ၊ ဗိုက်ပြည့်နေပါပြီ'

'အေး…အေး‥ဒါဆိုလည်း ကားကို ဂရုစိုက်မောင်းနော်'

'ဟုတ်ကဲ့ပါ…ကျွန်တော် သွားပြီနော်'

'အေး‥အေး'

မိုးမြင့်စံက သူ့အမေကို နှုတ်ဆက်ပြီး ကားရှိရာသို့ တစ်လှမ်းချ
င်း ထွက်သွားရာ နံ့သာဖြူ ကြည့်ကောင်းကောင်းနှင့်ငေးနေမိတော့သည်။

ဤကဲ့သို့ အာရုံက မိုးမြင့်စံ ကားနားရောက်သည်အထိ မျက်
စိ ကျွတ်ကျမတတ် ငေးကြည့်နေမိသောကြောင့် ဘာရယ်မဟုတ် ခြေလှမ်း
နှစ်လှမ်းသုံးလှမ်းခန့် လှမ်းလိုက်မိသည်တွင်

'အား…'

ငယ်သံပါအောင် အော်လိုက်သံကြောင့် နံ့သာဖြူ ပျာပျာသလဲ
ကြည့်မိရာ ကော်ဖီသောက်နေသော လူတစ်ယောက်၏ ခုံပြင်ထွက်နေသော
ခြေထောက်ကို သူမခေါက်ဖိနပ်ဖြင့် ပယ်ပယ်နယ်နယ်နင်းထားမိခြင်းဖြစ်
သည်။

'ခွမ်း'



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ...

ထိုလူခများ နာလွန်းသဖြင့် ကော်ဖီခွက်ကို လက်ထဲမှလွှတ်ချလိုက်ရာ ကော်ဖီခွက်ကျကွဲလေသည်။

'ဒါလင်..ဘာဖြစ်တာလဲ'

သူ့ရှေ့မှ အမျိုးသမီးက လှမ်းမေးသည်ကိုပင် မဖြေနိုင်သေးဘဲ ထိုသူက နံ့သာဖြူကို မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်သည်။

နံ့သာဖြူ ကြောက်အားလန့်အားဖြင့် ထိုလူ့ ခြေချောင်းကလေးတွေကိုနင်းထားမိသော သူမ ဒေါက်ဖိနပ်ကို အမြန်ကြွပြီး ဖယ်ပေးလိုက်သည်။

'တောင်း..တောင်းပန်ပါတယ်ရှင်..ကျွန်မ မမြင်လို့ပါ'

'မမြင်ရအောင် မျက်စိက ဘယ်ရောက်နေလဲကွ..အား..ကျွတ်...ကျွတ်..နာလိုက်တာ...ကော်ဖီတွေလည်း ဖိတ်ကုန်ပြီ၊ အဝတ်အစားတွေလည်း ပေကုန်ပြီ'

ထိုအခါ နံ့သာဖြူရဲ့ သူငယ်ချင်း ဝန်ထမ်းမလေးတွေကလည်း ပြေးလာသည်။

'ဟဲ့..နံ့သာဖြူ..ဘာဖြစ်တာလဲ'

'ဟို..ငါ..ငါ..သူ့ခြေထောက်ကို တက်နင်းမိလို့'

'ဒုက္ခပါပဲဟယ်...နင်က အရာရာနဲ့အကြောင်းကြောင်းချည်းပဲ'

အဲဒီအဖြစ်အပျက်တွေကို အစအဆုံးမြင်နေ၍ ဒေါ်ဣန္ဒြာမိုးမြင့် မျက်စိမျက်နှာပျက်နေသည်။

ထို့ကြောင့်..အနီးရှိ ဝန်ထမ်းကောင်မလေးတစ်ယောက်ကို ခေါ်၍...



www.burmeseclassic.com

www.burmeseclassic.com



'ညည်းတို့ အားလုံး ဧည့်သည်များကို ကျေနပ်အောင် တောင်းပန်လိုက်၊ ပြီးရင်··ဟိုမိန်းမကို ငါ့အခန်းထဲလွှတ်လိုက်'

'ဟုတ်···ဟုတ်ကဲ့ပါ အန်တီ'

ဒေါ်ညွှန့်မြမိုးမြင့်က ပြောပြီး မျက်နှာထားတင်းတင်းဖြင့် သူမရုံးခန်းထဲ ဝင်သွားသည်။

နံ့သာဖြူအပေါ်အဝင် အခြားဝန်ထမ်းတွေကပါ ခြေထောက်အနင်းခံရသော စားသုံးသူကို ခြေသလုံးမွေး နှုတ်ပေးတော့မတတ် တောင်းပန်ရတော့သည်။

'ခွင့်လွှတ်ပါရှင်၊ သူက ဝန်ထမ်းအသစ်မို့လို့ပါ'

'ဟ···ဝန်ထမ်းအသစ်ဖြစ်တာနဲ့ ငါ့ခြေထောက် တက်နင်းတာ··ဘာဆိုင်လဲ'

'ဩော်···မဆိုင်ဘူးလား··အဲဒါဆို ဆိုင်တာပဲ တောင်းပန်တော့မယ်···အနင်းခံရတဲ့ ခြေထောက်ကို···ကျွန်မတို့ ဆေးလူးပေးရမလားရှင်'

'မလိုဘူးကွ···ငါ့ခြေထောက်ကို ဘယ်သူ ကိုင်တာမှ···မကြိုက်ဘူး'

'ဟုတ်တယ်···ဟုတ်တယ်··ဒါလင့်ခြေထောက်ကို တို့က လွဲပြီး ဘယ်သူမှကိုင်ခွင့်မရှိဘူး'

သူ့အမျိုးသမီးကလည်း ကြားထဲမှ ဝင်၍ တဈောရှူးလိုက်သေးသည်။

တခြားဝိုင်းက စားသုံးသူတွေကလည်း သူတို့ဝိုင်းကို ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီရှင်..အဲဒါဆို ကျွန်မကြောင့် ကော်ဖီတွေ ပေသွားတဲ့အတွက် အဝတ်အစားတွေ ပြန်လျှော်ပေးပါ့မယ် ချွတ်လိုက်ပါနော်'

'အေး..ချွတ်မယ်'

ပြောပြီး ထိုလူက အင်္ကျီချွတ်ရန် ဟန်ပြင်ရာ သူ့အမျိုးသမီးက ဗျာပျာသလဲ တားသည်။

'အို...ဘယ်ဖြစ်မလဲ...ဒါလင့်ရဲ့ body structure ကို တို့က လွဲပြီး ဘယ်သူမှပေးမပြဘူးလို့ ကတိပေးထားတယ်လေ..လူတွေ အများကြီးရှေ့မှာ ရှက်စရာကြီးကွာ'

'အေး...ဟုတ်သားပဲ..မလိုဘူး..အိမ်ရောက်မှ အဝတ်လျှော်စက်ထဲ ထည့်လိုက်မယ်'

'ဒါဆို...ဒါဆို ကျွန်မ ဘာလုပ်ပေးရမလဲရှင်...တစ်ခုခုတော့ လုပ်ပေးပါရစေနော်'

'အဲဒါဆို ဇက်ကြောဆွဲပေး'

'ရှင်'

နံ့သာဖြူ မျက်လုံးပြူးသွားသည်။

'ဒါလင်..ဘာတွေလျှောက်ပြောနေတာလဲ၊ ဒါ..မာဆတ်ရောက်နေတာ မဟုတ်ဘူးလေ'

'အဲ...ဟုတ်သားပဲ၊ ဘာမှလုပ်ပေးစရာမလိုဘူး..သွားတော့...သွားတော့'

'ဟုတ်...ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ်ရှင်၊ နောက် မဖြစ်စေရပါဘူး'

နံ့သာဖြူက ထိုလူကို ကျေးဇူးတင်စကား ပြောပြီး ကျွဲသွား



www.burmeseclassic.com

www.burmeseclassic.com



သော ကော်ဖီဖန်ခွက်အကွဲစများကို သိမ်းဆည်းရန် ပြင်ရာ သူမအဖော် ဖန်ထမ်းက လက်တို့လိုက်သည်။

'ဟဲ့..နံ့သာဖြူ၊ အဲဒါတွေ ထားခဲ့..ငါလုပ်ထားလိုက်မယ်၊ နင့်ကို သူဌေးမ ခေါ်နေတယ်၊ သူ့အခန်းထဲ သွားလိုက်ဦး'

နံ့သာဖြူ ရင်တထိတ်ထိတ်ဖြင့် သူဌေးမ ရုံးခန်းထဲ ဝင်သွားသည်။ ရုံးခန်းထဲလည်းရောက်ရော ထင်သည့်အတိုင်း ဒေါ်ကြူနွဲ့မိုးမြင့်ရဲ့မျက်နှာက နာဂစ်ဝင်နေသည်။

နံ့သာဖြူက သူဌေးမကြီးရှေ့မှာ ခေါင်းလေးငုံ့၍ မတ်တတ်ရပ်နေလိုက်သည်။

'ကဲ...ပြောစမ်းပါဦး..ဒါက ဘယ်လိုဖြစ်ရတာလဲ'

ဒေါ်ကြူနွဲ့မိုးမြင့်ရဲ့အသံက သိပ်မကျယ်လှသော်လည်း...မာန်အပြည့်ပါသည်။

'ဟို...ဟို...ကျွန်မ..ညို့သည်ရဲ့ခြေထောက်ကို..တက်နင်းမိလို့ပါ'

နံ့သာဖြူ အသံတုန်တုန်ယင်ယင်ဖြင့် ဖြေသည်ကို သူဌေးမက ဘဝင်မကျ။

'အဲဒါ ငါသိတယ်၊ ဒီလောက် လူတစ်ယောက်လုံးရဲ့ခြေထောက်ကို တက်နင်းရအောင် နင့်မျက်လုံးတွေက ဘယ်ရောက်နေတာလဲ'

နံ့သာဖြူ မဖြေနိုင်။ ဆွံ့အနေမိသည်။

'မှန်မှန်ပြောနော်...လိမ်ရင် အပြစ်ပိုကြီးတယ်'

'ဟို...ဟို...'

'ဟဲ့..ဘာဖြစ်နေတာလဲ၊ ငါမေးတာ မကြားဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒွေးမအသံက နည်းနည်း ကျယ်လာ၍...နံ့သာဖြူ လန့်ဖျပ်သွားမိသည်။

ထို့ကြောင့် မျက်စိ စုံမှိတ်ပြီး အရဲစွန့် ဖြေချလိုက်တော့သည်။

'ဟို...ကျွန်မ...အန်တီ့ရဲ့သားကို ငေးနေမိလို့ပါ'

'ဘာ'

အဲဒီစကားက ဒေါ်ကြူနွှာမိုးမြင့်ကို ခေါင်းခေါက်ပြီး စိန်ခေါ်လိုက်သလို ဖြစ်သွားမယ်မှန်း နံ့သာဖြူ ဆိုသော ကောင်မလေး မထင်လိုက်တာ အမှန်။

ဒေါ်ကြူနွှာမိုးမြင့်က ထိုင်နေရာမှထလာပြီး နံ့သာဖြူရှေ့ကို လှမ်းလာကာ ပခုံးကို သပ်ပေးလိုက်ရင်း

'နင်က ငါ့သားကိုငမ်းရင်း ငါ့ဆိုင်က စားသုံးသူကို ဒေါက်ဖိနပ်နဲ့နင်းခဲ့တယ်ဆိုပါတော့...'

'ဟို...ဟို..ဒါက မတော်တဆဖြစ်သွားတာပါ အန်တီ'

'ဒါဆို ငါ့သားကို ငမ်းတာကရော'

'အဲ...အဲဒါကတော့ တမင်တကာပါ'

ဒေါ်ကြူနွှာမိုးမြင့် မျက်နှာပျက်ပြီး လက်ကို ပြန်ရုပ်ကာ နောက်ပစ်ထားလိုက်သည်။

ထို့နောက် နံ့သာဖြူ၏မျက်နှာကို စေ့စေ့ကြည့်သည်။

နံ့သာဖြူခမျာလည်း ရင်တွေတုန်နေသည်။

ဘယ်အချိန်မှာများ လက်ဝါးတွေ...ဒူးပုံတွေ...ရောက်လာမလဲပေါ့...

'နင့်ရုပ်ကလေးကတော့ မဆိုးပါဘူး၊ ဆိုက်ကားသမားတွေ ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ကြိုက်လောက်ပါတယ်၊ ဒါပေမယ့် ငါ့သားအတွက်ကတော့ နင့်လိုမိန်းမမျိုးဟာ အပျော်အိပ်တဲ့ ဇိမ်ခံမွေ့ရာအဆင့်ပဲ ရှိတယ်'

အဲဒီစကားကြောင့် နံ့သာဖြူ၏မျက်နှာ ချက်ချင်းပြောင်းလဲသွား သည်။ ကြောက်စိတ်ကနေ မခံချင်စိတ်၊ မာနနဲ့ဒေါသတွေအဖြစ် ကာလ ချိန်းသွားသည်။

'အန်တီ...ဘယ်လိုပြောလိုက်တာလဲ'

'ကြားတဲ့အတိုင်းပဲလေ..နင့်လိုပဲ ငါ့သားကို လိုချင်နေတဲ့မိန်း တွေက ရိုက်သတ်လို့ မကုန်ဘူး...ဒါပေမယ့်...အဲဒီလို မိန်းမတိုင်းနဲ့သာ သဘောတူရရင် ငါ့သားတော့ ဆီးသွားချိန်တောင် ရမှာမဟုတ်ဘူး'

နံ့သာဖြူ..ခြသေ့်ကြီးရှေ့မှာ အသနားခံနေတဲ့ ယုန်သူငယ်လေး မဟုတ်တော့။

ဒေါသခိုးတွေ ဆူဝေလာသော မြွေဟောက်မတစ်ကောင်အဖြစ် ပြောင်းလဲသွားသည်။

'ဒီမှာ အန်တီ၊ သားသမီးချင်းကိုယ်ချင်းမစာ မပြောပါနဲ့..ကျွန်မ ဘဝမှာ ဘယ်ယောကျ်ားကိုမှ နှစ်ခါပြန်မကြည့်ချင်ခဲ့ဖူးဘူး...ကျွန်မကို အန်တီတွေ့ဖူးတဲ့ မိန်းမတွေလို ပေါ့ပျက်ပျက်မိန်းမလို့ မထင်ပါနဲ့'

'အောင်မာ..ငါ့ကိုများ ဒီလေသံ ဒီမျက်နှာပေးနဲ့ပြန်ပြောတယ်.. အလုပ်ပြုတ်ချင်ပြီထင်တယ်'

'ဂရုမစိုက်ဘူး အန်တီ...အလုပ်က အစားပြန်ရတယ်..လူတစ် ယောက်ရဲ့သိက္ခာကို စော်ကားရင် ပြန်ပြီး အစားလျော်ပေးလို့မရဘူး'

ထိုစကားကြောင့် ဒေါ်ကြူနွဲ့မိုးမြင့်က ဟက်ဟက်ပက်ပက် ရယ် သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟား…ဟား…ဟား…ဟား…သိက္ခာ၊ ဘာသိက္ခာလဲ…အလုပ်ချုပ်တာ တစ်ရက်ပဲ ရှိသေးတယ်၊ ကိုယ့်အလုပ်ရှင်ရဲ့သားကို စိတ်ထဲက နေ ပြစ်မှားပြီး သူဌေးမနေရာဝင်ယူချင်တဲ့ သိက္ခာလား'

'ဒီမှာ အန်တီ…ကိုယ့်ကိုယ်ကို သိပ်ပြီး မာန်တက်မနေပါနဲ့…ကျွန်မ ဒီမှာအလုပ်လုပ်နေတာ လခလိုချင်လို့ မဟုတ်ဘူး'

'ဒါဆို လင်လိုချင်လို့လား…ငါ့ဆိုင်မှာ ခန့်ထားတာ အားလုံးမိန်းအလေးတွေချည်းပဲနော်…ငါ့သားကိုတော့ စိတ်ကူးထဲတောင် မမှန်းနဲ့'

'ဘာလဲ…အန်တီ့သားခန္ဓာကိုယ်က ရွှေထွက်နေလို့လား'

'အေး…ရွှေတော့ မထွက်ဘူး၊ ဒါပေမယ့် ငါ့သားခန္ဓာကိုယ်က ထွက်တဲ့ ချွေးနံ့ကိုတောင် ရှူချင်တဲ့မိန်းမတွေ များနေလို့ ပြောနေရတာ'

'အဲဒီလို သူများချွေးနံ့ရှူပြီး အသက်ရှင်နေတဲ့ မိန်းမထဲမှာ ကျွန်မ မပါဘူး အန်တီ၊ ကျွန်မနာမည် နံ့သာဖြူ၊ ကျွန်မမှာ ကိုယ်ပိုင်အနံ့ရှိတယ်'

'ဘာအနံ့လဲ…အပုပ်နံ့လား'

နံ့သာဖြူမျက်နှာကို မဲ့လိုက်သည်။

'ဟွန်း…လူဆိုတာ အပုပ်ကောင် ရုပ်ဆောင်နေကြတာချည်းပါပဲ အန်တီ…အဲဒီအပုပ်ကောင်ကြီးပေါ် မာန်တက်နေတဲ့အန်တီမှသာ တရားသက်လွတ်ဖြစ်နေတာပါ'

'ဟဲ့…နင် ငါ့ကို ဆုံးမစရာမလိုဘူး…ကောင်မ…တကတဲ…ငါ့ခြေထောက်အောက်က အလုပ်သမားကများ…ငါ့ခြေမကို ပြန်ကိုက်ချင်တယ်'

စကားလုံးတွေက တဖြည်းဖြည်းကြမ်းလာသည်။ ဒီထက် ကြမ်းလာလျှင် ငါးစိမ်းတန်းထဲရောက်ဖို့ပဲ ရှိတော့သည်။

ဆောင်းညပြာ သို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



'အန်တီ…လူကြီးဖြစ်ပြီး စကားပြော မရိုင်းပါနဲ့…တစ်ယောက် စကား တစ်ယောက်နားမှာ မခါးရအောင် မောင်တို့ဆိုလေ ပျားသကာ သို့ ချိုလှစေ‥တဲ့၊ အန်တီ ငယ်ငယ်က စာမသင်ခဲ့ရဘူးထင်တယ်'

အဲဒီစကားကြောင့် ဒေါ်ဣန္ဒြာမိုးမြင့် ဆွေ့ဆွေ့ခုန်သွားသည်။

'အောင်မာ‥မနေ့တစ်နေ့ကမှ နို့ပြတ်တဲ့ကောင်မကများ‥ငါ့ကို စာမသင်ခဲ့ရဘူးလားတဲ့…ကကြီးကနေ အအထိ အကုန်သိတယ်ဟဲ့'

ထိုအခါ နံ့သာဖြူက လှောင်ရယ်ရယ်သည်။

'ဟဲ့‥ကကြီးကနေ အ,အထိ သိတယ်ဆိုတာ ဗျည်း ၃၃လုံးလို့ ပြောတာ မဟုတ်ဘူး…နင်တို့လို ကိုရီးယားစတိုင် ကျင့်သုံးနေတဲ့ မိန်းမ နောက်ပိုးတွေအကြောင်းကို ဂဃနဏသိတယ်လို့ ပြောတာ ရှင်းလား'

'ကျွန်မ နောက်ပိုး မဟုတ်ဘူး ဒေါ်ဣန္ဒြာမိုးမြင့်…ရှင့်သားကို နောက်က ကြည့်ရုံလေး ကြည့်မိတာ…အဲဒါကို‥ဘာဖြစ်လို့ ကင်းကိုက် သလို ဆတ်ဆတ်ခါနာနေရတာလဲ'

'အောင်မာ…ကြည့်စမ်း…ငါ့ကိုတောင် နာမည်ခေါ်နေပြီ‥နင် တော်တော် နှုတ်သီးကောင်းနေပါလား‥ဘယ်မိဘက ပေါက်ဖွားလာတာ လဲ'

နံ့သာဖြူ သူ့မိဘကို အစော်ကားခံလိုက်ရသဖြင့် ဒေါသမိုင်တွေ ပိုမြင့်တက်သွားသည်။

'ဒီမှာ‥ရှင် ကျွန်မမိဘတွေကို ဘာမှထိခိုက်စရာမလိုဘူး၊ ကျွန်မ မိဘတွေက ရှင့်လိုလည်း မာနခေါင်ခိုက်နေတဲ့သူတွေ မဟုတ်ဘူး'

'ဟင်း‥ဟင်း‥ဟင်း‥ဘယ်မာနခေါင်ခိုက်နိုင်မှာလဲ‥ ခေါင် ခိုက်စရာ မာနမှမရှိတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ဒေါ်ဣန္ဒြာမိုးမြင့်၊ ရှင့်ကိုယ်ရှင် သိပ်အထင်မြင့်မနေနဲ့-- ကျွန်မကလည်း ခပ်ညံ့ညံ့မိန်းမတစ်ယောက်မဟုတ်ဘူး--မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင် ယောကျ်ားတစ်ယောက် လေးဖက်ထောက် ရောက်တယ် သဘောပေါက်'

'ဟုတ်လား…အဲဒါဆို ညည်းလုပ်ကြည့်လိုက်လေ..ညည်းရှေ့ကို လေးဖက်ထောက်ရောက်လာမှာ ငါ့သားလား ဒါမှမဟုတ် ငါ့သားမွေးထားတဲ့ အယ်လ်ဖေးရှင်းခွေးကြီးလားလို့'

'ကောင်းပြီ…ဒေါ်ဣန္ဒြာမိုးမြင့်၊ ရှင်က ကျွန်မကို စိန်ခေါ်လိုက်ပြီဆိုတော့လည်း ကျွန်မ ကြိုးဝိုင်းပေါ်တက်ရတော့မှာပေါ့..ရှင် စောင့်ကြည့်လိုက်…တစ်နေ့ ရှင့်သား ကျွန်မကို တန်းတန်းစွဲဖြစ်လာစေရမယ်'

'ကြိုက်သွားပြီကွာ…အဲဒီစိန်ခေါ်ချက်ကို လက်ခံတယ်၊ ငါ့သားကပဲ ညည်းကို တန်းတန်းစွဲမလား…ညည်းကပဲ ငါ့သားကို တန်းလန်းဆွဲပြီး လိုက်လာမလားဆိုတာ စောင့်ကြည့်ရသေးတာပေါ့'

'စောင့်ကြည့်လိုက် ဒေါ်ဣန္ဒြာမိုးမြင့်…၊ ရှင်..တစ်နေ့ ကျွန်မအကြောင်းသိရမယ်..အခုတော့ ရှင်နဲ့စကားအချေအတင်ပြောရတာ မောသွားလို့ ရှင့်ဆိုင်က (cappuccino)ကပ်ပချီနိုကော်ဖီနဲ့ ပလုပ်သွားကျင်းလိုက်ဦးမယ်…ခွင့်ပြုပါဦး'

နံ့သာဖြူက ပြောပြီး ရုံးခန်းထဲမှ ချာခနဲလှည့်ထွက်သွားသည်။

ဒေါ်ဣန္ဒြာမိုးမြင့် တီကောင်ဆားပက်သလို တွန့်တွန့်လူးပြီး ကျန်ခဲ့သည်။

'တောက်…ဗိုင်းတာမ၊ ငါ့ဆိုင်က ကော်ဖီနဲ့များ ပလုပ်ကျင်းဦးမယ်တဲ့..သွားတွေ ရေစီးကမ်းပြိုလိုက်ပြီး အမြစ်ကနေ ကျွတ်ပါစေတော်



www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူ ရုံးခန်းအပြင်အရောက်တွင် သူမ သူငယ်ချင်းတွေက အဝမှတန်းစီ၍(လေယာဉ်ပေါ်မှဆင်းလာသော ရုပ်ရှင်မင်းသမီးကို သတင်းထောက်တွေက ဝိုင်းပြီး အင်တာဗျူးသလို) ဗျူးတော့သည်။

'နံ့သာဖြူ..ဘယ့်နှယ့်လဲ ကျေနပ်အောင် တောင်းပန်ခဲ့ရဲ့လား'

'ကျေနပ်လား မကျေနပ်လားတော့ မသိဘူး၊ အထဲဝင်ကြည့်လိုက်ဦး..တော်ကြာ လေဖြတ်ပြီး ကျန်ခဲ့ဦးမယ်'

ထိုအခါ ဝန်ထမ်းမလေးတွေက သူဌေးမကြီးရုံးခန်းထဲ အပြေးအလွှားဝင်ကြည့်ကြရာ ဒေါ်ဣန္ဒြာမိုးမြင့်ရဲ့မီးလောင်နေသော မျက်နှာကြီးကိုတွေ့လိုက်ရလေသည်။ (ဒေါ်သမီး)

ထိုအခါ ဒေါ်ဣန္ဒြာမိုးမြင့်က သူ့ဝန်ထမ်းမတွေကို အော်တော့သည်။

'ဟဲ့..နင်တို့ကို ဘယ်သူက ခေါ်လို့ဝင်လာတာလဲ'

ဝန်ထမ်းမလေးတစ်ယောက်က အယောင်ယောင်အမှားမှား ဖြေသည်။

'ဟို..ဟို...အန်တီ လေဖြတ်နေလားလို့ လာကြည့်တာပါ'

'ဘာ'

ရုံးခန်းမျက်နှာကျက်မှာ ကပ်နေသော အိမ်မြှောင်လေးတစ်ကောင် ဒေါ်ဣန္ဒြာမိုးမြင့်ရဲ့အသံကြောင့် လန့်ပြီး ကြမ်းပြင်ပေါ် ကားရားပြုတ်ကျလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၃)

မျက်မမြင်ကျောင်းမှာ မနက်စာဒါနပြုပြီးပြန်လာသော မိုးမြင့်စံက သူ့ရဲ့ပရာဒိုကားကို သာသာယာယာလေး မောင်းလာရင်း ပီတိဖြစ်နေမိသည်။

အဲဒီလိုနဲ့လမ်းတစ်ဝက်မှာ ပလက်ဖောင်းဘေးတွင် ပိုက်ဆံတောင်းနေသော (ယဉ်ကျေးစွာဆိုလျှင်)ဒုက္ခိတစဏ္ဍာလ (ဒဲ့ပြောလျှင်)အိုနာကျိုးကန်း သူတောင်းစားတစ်ယောက်ရှေ့ကို ရောက်လာတော့သည်။

သူတောင်းပုံလေးက အင်မတန်မှ သနားစရာကောင်းသည်။

ခွက်ကလေးကို ရှေ့ချပြီး…

'သနားကြပါ ခင်ညာ…သနားကြပါ…ကျွန်တော့်အဖြစ်က သူတောင်းစားထဲမှာတော့ ကံအဆိုးဆုံးပါပဲ…ဒီဘဝမရောက်ခင် လူကောင်းတုန်းက သမာအာဇီဝကျကျ လုပ်စားမယ်ကြံပြီး တိုက်အမြင့်ကြီးမှာ ဆေးသုတ်သမား စ,လုပ်ပါတယ်…တစ်ဖက်တိုက်က ကောင်မလေး ဝရံတာမှာ ထွက်ပြီး အရေးဗစ်လုပ်နေတာ ငမ်းမိလို့..တိုက်ပေါ်က ပြုတ်ကျပြီး ခြေထောက်တစ်ဖက် ကျိုးခဲ့ပါတယ်…ဒါတင်ပဲလားဆိုတော့ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး··ဆေးရုံတက်နေရင်း နှစ်မလှလှလေးကို ခိုက်သွားလို့ တော်တော်နဲ့ မဆင်းဘဲ လိမ့်ပိန့်ပြီး တွယ်ကပ်နေတာ ဆေးရုံက ကူးစက်ရောဂါမိပြီး·· ရှိသမျှပိုက်ဆံတွေ ကုန်အောင် ကုလိုက်ရပါတယ်···အဲဒါ ပြီးပြီလားဆို တော့···မပြီးသေးပါဘူး··ဆေးရုံက အပြန်··ချိုင်းထောက်နဲ့ လမ်းဖြတ် အကူး··လမ်းတစ်ဝက်အရောက်မှာ ဘေဘုတ်ကြီးပေါ်က မွေ့ရာကြော်ငြာ တဲ့ ကောင်မလေးပုံကို မော့ကြည့်မိလို့ ကားကိုမမြင်ဘဲ ခါးကျိုးတဲ့အထိ အတိုက်ခံလိုက်ရပါတယ်'

မိုးမြင့်စံရဲ့ကားက သူ့ရှေ့တည့်တည့်မှာ ရပ်နေသောကြောင့် သူ တောင်းစားက ခပ်ကျယ်ကျယ်လေး ထပ်အော်လိုက်သည်။

'ဒီတစ်ခါတော့ အခမဲ့ကုသပေးတဲ့ ဆေးရုံမှာတက်ပြီး ကျိုးသွား တဲ့ခါးကို ထည့်စရာ စတီးရိုးဖို့ မတတ်နိုင်လို့ အိမ်က ရှိတဲ့ ခိုထီးအရိုး လေးပဲ ထည့်ပြီး အစားထိုးလိုက်ရပါတယ်'

မိုးမြင့်စံက ကားတံခါးကိုဖွင့်ပြီး ကားပေါ်မှဆင်းလိုက်သည်။

'ကျွန်တော့်မှာ အရှက်နဲ့မာနကို မြောင်းထဲပစ်ပြီး ပထမဆုံး စ, တောင်းတဲ့ရက်မှာပဲ ပိုက်ဆံများများရအောင် လူစည်တဲ့ ပွဲဈေးမှာ သွား တောင်းပါတယ်၊ မြေကြီးပေါ်ချပြီး တောင်းနေတဲ့လက်ကို တက်နင်းသွား ကြလို့ အခုဆို ညာဘက်လက်က မလှုပ်နိုင်တော့ပါဘူး၊ ပြီးတော့···ကျွန် တော့်ရည်းစားကလည်း နင်တောင်းစားနေတာ ငါ သိက္ခာကျတယ်၊ သူ တောင်းစားကိုတော့ လင်မတော်နိုင်ဘူး၊ နင်နဲ့ငါ ပြတ်ပြီ··ငါငှားထားတဲ့ ခိုထီးပြန်ပေးဆိုပြီး တောင်းနေတယ်ဗျာ ဘယ်လိုလုပ်ရမလဲ အီး··ဟီး··ဟီး'

မိုးမြင့်စံက သူတောင်းစားရှေ့မှာ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး ကရုဏာမျက်ဝန်းတွေနှင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားအဖြစ်က တော်တော်သနားစရာကောင်းတာပဲ‥အဲဒီတော့ ပိုက်ဆံဘယ်လောက်ရရင် ခင်ဗျား ရင်းနှီးစားလို့ရမလဲ'

သူတောင်းစားက မိုးမြင့်စံကို အချဉ်ဖမ်းသည့်ပွဲစားမျက်ဝန်းတွေနှင့် ကြည့်လိုက်သည်။

ထို့နောက် သူ့ဝတ်ပုံစားပုံနှင့် ပရာဒိုကားကိုကြည့်၍ လျှာသပ်လိုက်ပြီး -

'ခန္ဓာကိုယ်တစ်ခုလုံးကို အလုပ်လုပ်စားနိုင်တဲ့ လူကောင်းပကတိဖြစ်ဖို့ ဆေးဖိုးနဲ့ ရင်းနှီးစရာပိုက်ဆံ ၅သိန်းလောက်ဆို ဖြစ်ပါတယ်'

'၅သိန်းဆို ရပြီလား'

သူတောင်းစားရဲ့မျက်ဝန်းတွေ အရောင်တောက်လာသည်။

သူ့ရှေ့မှာရောက်နေတာ ရွှေတွင်းကြီးလား‥ဒါမှမဟုတ် ဣန္ဒာသယ လိုတရနတ်မင်းကြီးလား…

ထို့ကြောင့် နည်းနည်းဈေးကိုင်လိုက်သည်။

'အဲ…ဟို…၅သိန်းဆိုပေမယ့်…၁၀သိန်းဆိုရင် ပိုပြီးတော့ အဆင်ပြေမယ်ထင်တယ်'

'၁၀သိန်း တော်ပြီပေါ့'

'အဲ‥နေဦး…၁၅သိန်းတော့ ထားလိုက်‥အဲဒါမှလောက်မှာ‥ဒီခေတ်ကုန်ဈေးနှုန်းနဲ့ဆိုတော့လေ…'

သူ့တစ်သက်နဲ့တစ်ကိုယ် သိန်းနဲ့ချီတောင်းသော သူတောင်းစား၊ အလှူရှင်နှင့်ဈေးညှိနေသောသူတောင်းစားမျိုးကို ဒီတစ်ခါပဲ တွေ့ဖူးသည်။

'ကဲ…ကောင်းပြီလေ‥ဒါဆို ၁၅သိန်းရရင် လောက်ပြီပေါ့'

'အဲ…အင်း‥ရလောက်ပါပြီ၊ ဘာပဲဖြစ်ဖြစ် အလကားရတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံက တစ်ချက်ပြုံးလိုက်ပြီး သူ့အိတ်ကပ်ထဲမှ ပိုက်ဆံအထပ်လိုက်ကြီးကို ထုတ်လိုက်သည်။

သူတောင်းစားမျက်ဝန်းတွေ လောဘဖြင့် ရွှဲရွှဲစိုလာသည်။

မိုးမြင့်စံက ငါးထောင်တန်တွေကြားထဲမှာ လျှို့ဝှက်မြှုပ်နှံထားသော ပိုက်ဆံ ၁၅၀ကို ထုတ်၍ပေးလိုက်သည်။

'ရော့...လောလောဆယ် စရံအနေနဲ့ ၁၅၀ ယူထား'

သူတောင်းစားမျက်နှာကြီး ရှုံ့မဲ့သွားသည်။

'အမ်...ပြောတော့ ၁၅သိန်းဆို'

'ဟုတ်တယ်လေ...၁၅သိန်းလျှော့မှာ..ဒါပေမယ့် လောလောဆယ်ကျုပ်မှာ ပါမလာဘူး..ရှိတဲ့ပိုက်ဆံလေး နည်းနည်းပါးပါးကလည်း ကျုပ်အမေအတွက် စားစရာတွေနဲ့ အဝတ်အစားလေးတွေ ဝယ်ပေးစရာရှိလို့..အဲဒီတော့ ကျန်တဲ့ ပိုက်ဆံ ၁၄သိန်းနဲ့ ကိုးသောင်း ကိုးထောင် ရှစ်ရာငါးဆယ်ကို ဘဏ်မှာ သွားထုတ်လိုက်'

'ဗျာ...ဘဏ်မှာထုတ်ရမယ်..ဒီပုံစံကြီးနဲ့ ဘဏ်ကို သွားတော့..ကျုပ်ရိုက်ထုတ်ခံရမှာပေါ့'

'မပူပါနဲ့ဗျာ..ခင်ဗျား ကျုပ်ဆီက ပိုက်ဆံ၁၅၀ လက်ခံရယူထားပြီးဖြစ်ကြောင်း၊ ကျန်တဲ့ပိုက်ဆံကို ဘဏ်မှာထုတ်ရမှာဖြစ်ကြောင်း စာရေးလိုက်...ကျုပ် လက်မှတ်ထိုးပေးလိုက်မယ်...ကျုပ်လက်မှတ် ပါရင်ဘဏ်က ချက်ချင်းထုတ်ပေးလိမ့်မယ်'

'အင်...အဲဒီလိုကြီးလုပ်ရမှာလား'

'လုပ်ရမှာပေါ့...ဘာလဲ..ခင်ဗျားက ကျန်တဲ့ ၁၄သိန်းကျော် မလိုချင်တော့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'လိုချင်တာပေါ့'

'လိုချင်ရင် ထောက်ခံချက်ရေးလေ'

'ကောင်းပါပြီဗျာ..ပိုက်ဆံတောင်းလာတဲ့ သက်တမ်းမှာ ထောက်ခံစာနဲ့ ဘဏ်မှာ ထုတ်ခိုင်းတာ ဒီတစ်ခါပဲ တွေ့ဖူးတယ်..လုပ်ရတော့ မှာပေါ့'

သူတောင်းစားက လက်ခံလိုက်သောအခါ မိုးမြင့်စံက အိတ်ထဲမှ ဘောပင်ကို ထုတ်၍ သူ့ရဲ့မှတ်စုစာအုပ်ထဲမှစာရွက်တစ်ရွက် ဖြဲပြီး ချပေး လိုက်လေသည်။

ထိုအခါ သူတောင်းစားက မိုးမြင့်စံ ခေါ်ပေးသည့်အတိုင်း လိုက် ရေးတော့သည်။

ပိုက်ဆံ ၁၅၀ ရရှိကြောင်း ထောက်ခံချက်

အလှူခံပုဂ္ဂိုလ်မောင်......သည် အလှူရှင်ဦး မိုးမြင့်စံ ထံမှ အလှူငွေ ၁၅၀ကို လက်ခံရရှိပြီး ဖြစ်ပါသည်။ လက်ကျန် ၁၄သိန်းနှင့် ၉၉၈၅၀ကို ......ဘဏ်မှထုတ်ခွင့်ပြုပါရန် လက် ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုး ဦးချ တောင်းပန်လိုက်ရပါသည်။ ဘဏ်ဝန်ထမ်း ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမတို့ ခင်ဗျား။





............ ............

အလှူခံပုဂ္ဂိုလ်(လက်မှတ်) အလှူရှင်(လက်မှတ်)

မိုးမြင့်စံက သူတောင်းစားကို စေ့စေ့ကြည့်ပြီး -

ဆောင်းညဖြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့…ခင်ဗျားလက်က အနင်းခံထားရလို့ မလှုပ်နိုင်တော့ဘူးဆို၊ အခု စာရေးတော့လည်း ချော့လို့ပါလား'

'အမ်'

မိုးမြင့်စံ ရုတ်တရက်ပြောလိုက်သော စကားကြောင့် သူတောင်းစား ကြောင်သွားပြီး ဘာပြန်ပြောရမှန်း မသိဖြစ်သွားသည်။

'ကျုပ် အစကတည်းက ခင်ဗျားကို သတိထားကြည့်နေတာ…ခင်ဗျားမျက်လုံးတွေက လိမ်ဆင်ချည်းမှန်း ကျုပ်သိတာပေါ့'

'ဗျာ'

သူတောင်းစား မျက်လုံးပြူးသွားသည်။

'ပိုက်ဆံမရှိရင် ရိုးရိုးသားသားလုပ်စားစမ်းပါဗျာ‥ကိုယ့်ကိုယ်ကို ပတ်တီးတွေ စည်းပြီး ဘာလို့တောင်းစားရတာလဲ‥ကျုပ် ပိုက်ဆံ၅သိန်းပေးမယ်လို့လည်း စ,ပြောရော ခင်ဗျားမျက်လုံးတွေ အရောင်တောက်လာတာများ…ညဘက်မှာ ထွက်တဲ့ ဇီးကွက်ကြီးအတိုင်းပဲ…လောဘဆိုတာ ရှိတိုင်း မကောင်းဘူးဗျ၊ ကိုယ်နဲ့ထိုက်တန်တဲ့ ပိုက်ဆံကိုပဲ ယူရတယ်…အဲဒီစိတ်ဓာတ်လေး ပြင်ပြီးတော့သာ ခင်ဗျား ရိုးရိုးသားသားလုပ်စားမယ်ဆို‥ကျုပ် အမှန်တကယ် ၁၅သိန်းပေးလိုက်မယ်‥ဒါပေမယ့် လိမ်ပြီးစားတဲ့ ခင်ဗျားအတွက်ကတော့ ၁၅၀ပဲ တန်လို့ အဲဒါနဲ့ပဲ ကျေနပ်လိုက်တော့နော်'

မိုးမြင့်စံက ပြောပြီး သူတောင်းစားနားမှထ၍ ကားထဲပြန်ဝင်ထိုင်လိုက်သည်။

ထို့နောက် သူတောင်းစားကို နောက်ဆုံးနှုတ်ဆက်စကားပြောပြီး ကားကို အရှိန်ပြင်းပြင်းနှင့်မောင်းထွက်သွားတော့သည်။

ဆောင်းညပြာ သို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟော့လူ··ခင်ဗျား မှတ်ထား··အလှူခံဆိုတာ အလှူခံပုဂ္ဂိုလ်ရော၊ လှူတဲ့လူပါ ရိုးသားဖြူစင်ပြီး သဒ္ဓါမှန်ဖို့ လိုတယ်··အဲဒါမှ စေတနာဆို တာ ဖြစ်တာ···တောင်းတိုင်း ပေးရင် သူတောင်းစားတွေ ဘီလျံနာဖြစ် ကုန်လိမ့်မယ်···ခင်ဗျားအပေါင်းအပါ သူတောင်းစားတွေရှိရင်လည်း ပြော ပြလိုက်ပေါ့၊ မနက် တောင်းစား···ည ကောင်းစား ဆိုပြီး ဘီယာဆိုင် သွားတာ၊ မာဆတ်ဝင်ပြီး အနှိပ်ခံတာတို့ မလုပ်နဲ့လို့၊ သွားပြီဗျို့'

သူတောင်းစားခမျာ ဆွေ့ဆွေ့ခုန်ပြီး ကျန်ခဲ့တော့သည်။

'တောက်···သေချင်းဆိုး၊ ပိုက်ဆံ ၁၅သိန်း ဗန်းပြပြီး ၁၅ဝနဲ့ ငါ့အကြောင်းတွေ ဖော်ကောင်လုပ်သွားတယ်···ငါ့မှာတော့ အဟုတ်ကြီး မှတ်ပြီး ပိုက်ဆံလေး ၁၅ဝကို လက်ခံရရှိကြောင်း ထောက်ခံစာပါ ရေး ပေးလိုက်ရတယ်···သေနာကျ···သူ့အလှည့်ကျ အတွင်းခံဘောင်းဘီပါ ချွတ်ယူမယ့် အလှူခံနဲ့တွေ့ပါစေ'

မိုးမြင့်စံကားကို မောင်းလာရင်း နားထဲမှာ စိတ်ရောဂါအထူးကု ဆရာဝန်ကြီးဦးကျော်ဇင်လတ် ပြောသော စကားများကို ကြားယောင်လာ မိသည်။

သူ၏စကားများမှာ ဤသို့ဖြစ်သည်။

*'လူတစ်ယောက်ရဲ့အတွင်းစိတ်ကို သိချင်ရင် မျက်လုံးကို အကဲ ခတ်ရတယ်ကွ၊ မျက်လုံး··ဆိုတာ··နှလုံးသားရဲ့တံခါးပေါက်ပဲ···လူတစ် ယောက်ဟာ ကိုယ့်ကို ဟန်ဆောင်လိမ်ညာနေတာလား၊ တကယ်ရိုးရိုးသား သား ဆက်ဆံနေတာလား···ဒါမှမဟုတ် ပုံမှန်စိတ်အခြေအနေရှိတဲ့လူ လားဆိုတာ သူ့မျက်လုံးကိုကြည့်ရင် သိနိုင်တယ်···မင်းဟာ ဝေဒနာရှင်*



www.burmeseclassic.com

www.burmeseclassic.com



လူနာက ကိုယ့်ကိုယ်ကို ဆရာဝန်ပါလို့ပြောတာကို ယုံတာ သူ့မျက်လုံး ကို အကဲမခတ်တတ်လို့ပဲ…လူနာတွေရဲ့မျက်လုံးဟာ ပုံမှန်မဟုတ်ဘူး… ကြောင်တောင်တောင်ဖြစ်ရင် ဖြစ်၊ မဖြစ်ရင် ဂနာမငြိမ်ဖြစ်နေတတ်တယ် …လူနာမှ မဟုတ်ပါဘူး၊ ဘယ်လိုလူမျိုးပဲ ဖြစ်ဖြစ်…သူတို့ရဲ့ စိတ်ခံစား ချက်ကို ဟန်ဆောင်ဖုံးကွယ်ထားလို့မရတဲ့နေရာတစ်ခုရှိတယ်‥အဲဒါ မျက် လုံးပဲ‥မင်းကို ထပ်သင်ပေးလိုက်မယ်‥လူတစ်ယောက်ရဲ့ရင်ထဲကို မြင် ချင်ရင် မျက်လုံးကနေ ရအောင်ကြည့်‥အဲဒါ ပညာတစ်ခုပဲ'

ဆရာဝန်ကြီး၏ တန်ဖိုးရှိသောစကားများကို တွေးရင်း မိုးမြင့်စံ ပြုံးလိုက်မိသည်။

လက်တွေ့ကျကျ သူတောင်းစားရဲ့သရုပ်အမှန်ကိုတော့ မျက်လုံး မှတစ်ဆင့် ဖော်ထုတ်နိုင်ခဲ့ပြီ။

ဆရာဝန်ကြီးထံမှရလိုက်သော မျက်လုံးဘာသာပြန်နည်းကျမ်းက တော့ တကယ့်ကို အကျိုးထူးလှပေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၄)

'သူ့နာမည်က မိုးမြင့်စံ…တဲ့။ Classic ကော်ဖီဆိုင် ပိုင်ရှင် ဒေါ်ဣန္ဒြာမိုးမြင့်ရဲ့တစ်ဦးတည်းသောသား။ ရုပ်ရှိ ရေလျှံ၊ အမှန်အကန်မို့ ကြိုက်တဲ့မိန်းမတွေ များပေမယ့် သူက အနေအထိုင်တည်ကြည်ပြီး ဘယ်မိန်းမကိုမှ စိတ်မဝင်စားသေးဘူး‥အလှူအတန်းဆိုလည်း ရက်ရောတယ်၊ သူ မလှူဖူးတဲ့နေရာဆိုလို့ KTV တို့၊ မာဆတ်တို့ပဲ ကျန်တော့တယ်… သမီးက ဘာလုပ်ဖို့ မေးတာလဲ'

နံ့သာဖြူက ပွဲစား ဒေါ်ဖြူဆီမှ‥မိုးမြင့်စံကို ခိုးရိုက်ထားသော ဓာတ်ပုံကို ပြန်ယူလိုက်သည်။

'ကျွန်မ သူ့ကိုစိတ်ဝင်စားလို့ပေါ့ အန်တီရယ်‥'

ပွဲစားဒေါ်ဖြူက တစ်ချက်ပြုံးလိုက်သည်။

'သူ့ကို စိတ်ဝင်စားတဲ့မိန်းမတွေကတော့ စုလိုက်ရင် ရွာတည်လို့ရတယ်‥သမီးကရော ဘာလို့စိတ်ဝင်စားတာလဲ…အိမ်ထောင်ဘက်ရွေးဖို့လား…ဒါမှမဟုတ် ကုန်ကြမ်းရှာဖို့လား'

'နှစ်ခုစလုံးဆိုရင်တော့ ပိုမှန်မယ်ထင်တယ်…ဒါပေမယ့် အဲဒါက



www.burmeseclassic.com

www.burmeseclassic.com



အရေးမကြီးပါဘူး…ကျွန်မကို သူနဲ့ ဘယ်လိုတွေ့ပေးလို့ရမလဲ…အဲဒါပဲ ပြောပါ'

ဒေါ်ဖြူက တစ်ချက်စဉ်းစားလိုက်ပြီး

'အင်း…ဘယ်လိုပုံစံနဲ့တွေ့ပေးရင် ကောင်းမလဲဆိုတော့‥ဒီလိုလုပ်ပါလား'

'အင်း…ကောင်းသားပဲ'

'အန်တီ ဘာမှမပြောရသေးဘူးလေ'

'ဪ…အင်း‥ပြော…ဘယ်လိုလုပ်ရမလဲ'

'မိုးမြင့်စံက သဒ္ဒါတရား သိပ်ကောင်းတာဆိုတော့…သမီးက သူတို့အိမ်ရှေ့မှာ အလှူခံဟန်ဆောင်ပြီး သွားခံကြည့်ပါလား၊ အဲဒါဆို… သူ သမီးကိုထွက်ပြီး ထည့်လိမ့်မယ်'

နံ့သာဖြူ မျက်လုံးပြူးသွားသည်။

'ရှင်…ဘာ…ဘာထည့်မှာလဲ'

'ပိုက်ဆံပြောတာပေါ့ သမီးရယ်‥သူ့နဲ့ရင်းနှီးချင်ရင် ဒီနည်းလမ်းက အကောင်းဆုံးပဲ၊ အဲဒါမှ စကားတွေ အများကြီးပြောလို့ရမှာ…သူက အလှူကိစ္စကလွဲရင် ကျန်တာတွေ ခေါင်းထဲ သိပ်ထည့်တာမဟုတ်ဘူး'

'ဒါပေမယ့်…အလှူတော့ မခံပါရစေနဲ့ အန်တီဖြူရယ်…ဘာအတွက်မှန်း…ဘယ်သူမှန်း မသိဘဲနဲ့၊ တွေ့ကရာလူကို သူက ထည့်ပါ့မလား'

'အင်း…ဒါတော့ ဟုတ်တယ်၊ သူလည်း ဘွဲ့ရ,ထားတဲ့ ခေတ်ပညာတတ်ပဲ၊ တွေ့သမျှအလှူခံတော့ အကုန်လှူမှာ မဟုတ်ဘူး ဒါနဲ့‥ သမီးက ဘယ်လိုနည်းလမ်း စဉ်းစားမိလဲ'



www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူက ခဏမျှစဉ်းစားလိုက်ပြီး…

'ကျွန်မကို သူနဲ့တွေ့ဖို့သာ စီစဉ်လိုက်တော့ အန်တီဖြူ၊ ကျွန်မဟာ စာရေးဆရာမမှုန်နံ့သာဖြူပဲ၊ ဇာတ်လမ်းတွေ ဖန်တီးတတ်ပါတယ်'

'ကဲ…ဒါဆိုလည်း ကောင်းပါပြီကွယ်…ဒေါ်ဖြူ အကွက်ရွှေ့လိုက်တော့မယ်၊ ငါ့တူမကြီး တစ်နေ့ နာမည်ကျော်စာရေးဆရာမကြီးဖြစ်လာပါစေလို့ ဆုတောင်းပေးပါတယ်'

လုံးချင်းဝတ္ထုတစ်အုပ်မှ မထုတ်ရသေးသော စာရေးဆရာမမှုန်နံ့သာဖြူ ကျေနပ်စွာ ပြုံးလိုက်မိသည်။

စိတ်ထဲမှာလည်း….

'တွေ့ကြပြီပေါ့ ဒေါက်တာနွေခါမိုးမြင့်ရယ်..ရှင့်ရဲ့စိန်ခေါ်ချက်ကြောင့် ကျွန်မ ပထမဆုံးထုတ်မယ့် လုံးချင်းဝတ္ထုဟာ ဇာတ်လမ်းပြောင်းသွားပြီ၊ မိန်းမတစ်ယောက်ရဲ့မာယာပရိယာယ်အောက်မှာ ရှင့်သား ပြားပြားဝပ်သွားစေရမယ်'

●



www.burmeseclassic.com

www.burmeseclassic.com



'ကိုလေး...အောက်မှာ အောင်သွယ်တော်ပွဲစား ဒေါ်ဖြူ ရောက်နေတယ်'

အိမ်ဖော်မလေး၏ပြောကြားချက်ကြောင့် မိုးမြင့်စံ အောက်ထပ်ဆင်းလာရာ ဒေါ်ဖြူနှင့်အတူ ဆံပင်တိုတိုကောင်မလေးတစ်ယောက်ကိုပါ အတူထိုင်လျက် တွေ့လိုက်ရသည်။

'ဒေါ်ဖြူရယ်...အဲဒီလို ကျွန်တော့်အတွက် ကြင်ရာဖက်မရှာလာပါနဲ့တော့လို့ ပြောထားလျက်နဲ့'

မိုးမြင့်စံက သူထင်ရာ သူပြောပြီး ထိုင်ခုံမှာ ဝင်ထိုင်ရာ ဒေါ်ဖြူက အမြန်ရှင်းပြလိုက်သည်။

'မဟုတ်ဘူး မောင်မိုးမြင့်...သူက အရင်မိန်းကလေးတွေလို မင်းအတွက် အိမ်ထောင်ဖက်ပွဲစားလုပ်ပေးတာ မဟုတ်ဘူး၊ အလှူအတွက်'

'အလှူအတွက်၊ ဘာလဲ..သူ့ကို ကျွန်တော့်ဆီမှာလာလှူတာလား'

'ဟုတ်ပါတယ်ကွယ်'

'ဟာ...ဒေါ်ဖြူကလဲ၊ ဘာဟုတ်တာလဲ'

ဘေးနားမှ ကောင်မလေးက ဒေါ်ဖြူကို ရှက်ကိုးရှက်ကန်း ပြောသည်။

'ဪ..ယောင်သွားလို့ပါကွယ်၊ ဒီလိုပါ..တူမကြီး ရှင်းပြလိုက်'

'ဪ...တော်တော်မောနေဦးမယ်နော်'

ကောင်မလေးက ဒေါ်ဖြူကို မျက်စောင်းထိုး၍ပြောပြီး မိုးမြင့်စံဘက်လှည့်ကာ ရှင်းပြလိုက်သည်။

'ဒီလိုပါ အစ်ကိုရယ်..ဒေါ်ဖြူပြောထားလို့ ဒီကအစ်ကိုက လူမှုရေးအကျိုးပြုအလှူတွေ လုပ်နေတယ်လို့ ကြားထားပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း...ဟုတ်ပါတယ်'

'ညီမကလဲလေ..အစ်ကို့လိုမျိုး အရမ်းလှချင်တာ'

'ကောင်းတာပေါ့ ညီမရဲ့၊ လှပေါ့'

မိုးမြင့်စံက အလှအတန်းရက်ရောသူဆို သဘောကျ၍ ကောင်မလေးကို အားပေးလိုက်သည်။

'လှချင်တာပေါ့ အစ်ကိုရယ်...ဒါပေမယ့်...ညီမမှာ လှစရာ ခန္ဓာကိုယ်ပဲ ရှိပါတယ်'

'ဟာ..အဲဒီလိုတော့ မလုပ်ပါနဲ့၊ မိန်းကလေးဆိုတာ ကိုယ့်ရဲ့ဘဝကို အသက်နဲ့လဲပြီး တန်ဖိုးထားရတယ်၊ တခြားဟာပဲ လှပါ ညီမရယ်'

'အစ်ကို..ဘာတွေပြောနေတာလဲ...ညီမ ပြောတဲ့ ခန္ဓာကိုယ်ကို လှတယ်ဆိုတာ သွေးလှတာတို့ဘာတို့ကို ပြောတာ'

မိုးမြင့်စံ အခုမှ သက်ပြင်းချနိုင်သည်။

'ဩော်...တော်သေးတာပေါ့...ဒါလည်း မှန်မြတ်ပါတယ် ညီမရယ်'

'ဒါပေမယ့် အစ်ကိုရယ်...ညီမက ဆင်းရဲပါတယ်၊ အရင်ဘဝက ဒါနနည်းခဲ့လို့ ဒီဘဝမှာ သူများတွေ သုံးတာကို အားကျပြီး ငေးကြည့်နေရတယ်၊ အဲဒီတော့ ငွေကြေးဥစ္စာလည်း လှူချင်တယ် အစ်ကိုရယ်'

'အင်း...အဲဒီတော့'

'အဲဒီတော့ ညီမမှာရှိတဲ့ ပိုက်ဆံနဲ့ဆို..ဆင့်ပါးစပ် နှမ်းပက်သလို ဖြစ်နေတာမို့...အစ်ကိုနဲ့ပူးပေါင်းပြီး အလှူဒါနအတူပြုချင်ပါတယ်'

အဲဒီစကားကို မိုးမြင့်စံ စိတ်ဝင်စားသွားသည်။

'ဘယ်လို...အစ်ကိုနဲ့ပူးပေါင်းမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် အစ်ကို၊ ဒီလိုပါ…အစ်ကိုက လတိုင်း လတိုင်း ဘယ်နေရာမှာ လိုအပ်ချက်ရှိလဲ၊ လိုအပ်ချက်ရှိတဲ့နေရာတွေကို အကျိုးရှိရှိ သိန်းနဲ့ချီလှူတယ်လို့ ဒေါ်ဖြူ ပြောလို့ အစ်ကို့အကြောင်းကို သိခဲ့ရပါတယ်။ အဲဒီကတည်းက ညီမ အစ်ကို့အလှူကို စိတ်ဝင်စားနေတာ'

ကောင်မလေးပြောစကားကို မိုးမြင့်စံ ခေါင်းညိတ်၍ နားထောင်နေသည်။

'အဲဒီတော့ အစ်ကို နောက်ဆို ဘယ်နေရာသွားလှူလှူ…ညီမ လိုက်ပြီး ညီမ တတ်နိုင်တဲ့ဘက်က အလှူငွေပူးပေါင်းပြီး ထည့်ချင်လို့ပါ။ ညီမတစ်ယောက်တည်းဆို ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ‥အစ်ကို့ရဲ့အလှူထဲမှာ ညီမ ပါဝင်လိုက်တော့၊ ဟော‥ငါပါဝင်တဲ့အလှူတစ်ခုက လူသားတွေအတွက် တစ်ဖက်တစ်လမ်းက အကျိုးပြုခွင့်ရလိုက်ပါလား ဆိုပြီး… အဲဒီပီတိလေး ခံစားချင်လို့ပါ'

မိုးမြင့်စံက ကောင်မလေးကို ကြည့်၍ သဘောကျစွာ ပြုံးလိုက်သည်။

'ကိုယ်…မင်းရဲ့စိတ်ဓာတ်ကိုတော့ သဘောကျသွားပြီကွာ‥အဲဒီလို လှူချင်တဲ့စိတ်ရှိတာနဲ့တင် ကိုယ့်ရဲ့အလှူထဲ မင်းကို ပါဝင်အားဖြည့်ခွင့်ပြုလိုက်ပါပြီ…ကုသိုလ်လိုချင်တဲ့သူတစ်ယောက်ကို ကုသိုလ်ဖြစ်ခွင့်ပြုလိုက်တဲ့အတွက် ကိုယ်လည်း ကုသိုလ်ရပါတယ်‥မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ကုသိုလ်'

'ဟမ်'

ကောင်မလေးက သူမပါးစပ်လေးကို လက်ဖြင့်ပိတ်၍



www.burmeseclassic.com

www.burmeseclassic.com



'သြော်…အစ်ကိုက ကုသိုလ်အကြောင်းတွေ ပြောတော့…ညီမ ယောင်သွားလို့ပါ၊ ညီမနာမည် နှံ့သာဖြူလို့ ခေါ်ပါတယ်'

'နှံ့သာဖြူ…အင်း…နာမည်နဲ့လိုက်အောင် မင်းရဲ့သဒ္ဒါစိတ်က မွှေးပျံ့တာပဲ…နောက်လက စပြီး မင်း…ကိုယ်နဲ့အတူလိုက်ခဲ့တော့'

'ဝမ်းသာလိုက်တာ အစ်ကိုရယ်…ကျေးဇူးအများကြီးတင်ပါတယ်၊ ဒါဆို နောက်လက စပြီး…ညီမ လျှူခွင့်ရပြီပေါ့နော်'

'ဒါပေါ့…ဒါပေါ့'

အပြစ်ကင်းစွာ ပြုံးနေသော နှံ့သာဖြူမျက်နှာလေးကို ကြည့်၍ မိုးမြင့်စံ ရင်ထဲ့မှာ တစ်မျိုးလေးခံစားသွားရသည်။

သူ့ကို ဒီလိုမျိုးလာပြောဖူးတာ တစ်သက်နှင့်တစ်ကိုယ် မှတ်မှတ် ရရ အဲဒီ နှံ့သာဖြူဆိုသော ကောင်မလေးတစ်ယောက်တည်း။

ဘယ်မိန်းမမဆို မိုးမြင့်စံနှင့်တွေ့လိုက်တိုင်း သူ့ကို မြူဆွယ်တာ၊ ကြာပစ်တာ၊ အချစ်အကြောင်းတွေပဲ ပြောတာဆိုတော့ ဒီလိုမျိုး သူ့အလှူ ကို စိတ်ဝင်စားဖို့ဆိုတာ ဝေလာဝေး။

အခု ဒီကောင်မလေးကိုတော့ စိတ်ထဲမှာ ပထမဆုံး အမှတ်ပေး လိုက်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

# ( ၅ )

ပထမအလှူ။

'ခင်ဗျားတို့ သားသမီးအတွက် ပူ မပူ'

'ပူပါတယ် ဘုရား'

'သားရေးသမီးရေး၊ စီးပွားရေး၊ ပူပင်တောင့်တမှု ရှိ မရှိ'

'ရှိပါတယ် ဘုရား'

'ဪ…ငါ ဒီသားသမီးတွေချစ်လို့ ပူနေတာ…ဒီအပူရာဂတွေကို၊ ရာဂကြောင့်ပူတဲ့ အပူကို၊ ငါ ငြိမ်းအောင် မလုပ်သေးဘဲနဲ့..ထွက်စီးပွားရှာလို့တော့ မတော်ဘူးဆိုပြီး ကျောင်းပြေးလာတဲ့လူ…ရှိလား'

'မရှိပါဘူး ဘုရား'

'သာဓု…သာဓု…ဒီရာဂက လွတ်အောင် ငါကြိုးစားမယ်ဆိုတဲ့လူ…ခေါင်းဖြူကြီးတွေရော ရှိလား၊ ခေါင်းမည်းကြီးတွေရော'

'……………'

'မည်းလည်း မရှိဘူး၊ ဖြူလည်း မရှိဘူးဆိုတော့ ဒါဖြင့် ခေါင်းနီကြီးတွေရော'



www.burmeseclassic.com

www.burmeseclassic.com



'ဟီဟိ'

'ခေါင်းနီတွေကလည်း ပါသေးတာကိုးဗျဟင်··အခုခေတ်များ·· သတိတော့ထား···မပြောလို့လည်း မဖြစ်လို့ ပြောလိုက်ဦးမယ်··ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း နိမိတ်ထွန်းတဲ့ ကျွန်း၊ ရှေ့ပြေးနိမိတ်တွေ အရင်ပြေး တယ်၊ အဲဒီတော့ အခုနိုင်ငံခြားက ရိုက်သမ္ဗျကားတွေဟာ သရဲလိုလို··· သဘက်လိုလို··ပြိတ္တာလိုလို··တစ္ဆေလိုလို ဘာကောင်မှန်းမသိတဲ့ အကောင် ကြီးက ဝင်စား၊ ကလေးတွေက ဟာ···မိုက်တယ်ကွာ···အဲဒီကောင်ကြီး က၊ မင်းမြင်ဖူးလားဆိုတော့လည်း မမြင်ဖူးဘူး၊ နော်···နိမိတ် ထင်နေပြီ၊ မကြာခင်···ဘီလူးတွေ ကြီးစိုးမယ့်···သဘက်တွေ ကြီးစိုးမယ့်ခေတ်ကို ပြန်ရောက်တော့မယ်၊ နိမိတ်က ပြေးနေပြီ၊ ဒါတင်လားဆိုတော့ ယောက်ျား တွေ··မိန်းမတွေ···လာလိုက်ရင် ခေါင်းတွေက ရဲတောက်လို့··ထောင်လို့·· ဟ···ဘာဖြစ်တာလဲဆိုတော့ မီးတောက်၊ ခေါင်းမီးတောက်နေပြီ··သေချင်း ဆိုးသေဖို့ပဲ ကျန်တော့တယ်'

'ဟား···ဟား···ဟား···ဟား'

'ရှင်းလား'

'ရှင်းပါတယ် ဘုရား'

ဓမ္မာရုံတစ်ခုမှာ တရားခွေများကို အခမဲ့ဝေရင်း နံ့သာဖြူ ကြည်နူး ပီတိဖြစ်နေမိသည်။ အဘိုးအဘွားများကို ကိုယ်တိုင်လက်နှင့် တရားခွေများ ရိုရိုသေသေလှူခွင့်ရသောကြောင့် မိုးမြင့်စံကိုလည်း ကျေးဇူးတင်မဆုံး။

'အလှူတကာ့အလှူထဲမှာ တရားအလှူက အမြတ်ဆုံးပဲတဲ့၊ အဲဒီ တော့ ညီမအနေနဲ့ ကိုယ် ပထမဆုံးစ,လှူတဲ့အလှူက တရားခွေအလှူဖြစ် နေတာ စိတ်ထဲမှာ ကျေနပ်ရဲ့လား'

ဆောင်းညပြာဆိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံ၏အမေးကို နံ့သာဖြူက မဆိုင်းမတွပင် ဖြေသည်။

'ဘယ်လိုမေးလိုက်တာလဲ အစ်ကိုရယ်..ကျေနပ်တာပေါ့၊ ကိုယ့်ကြောင့် လူတွေ တရားအသိတစ်ခုပဲ ရရ..နှစ်ခုပဲ ရရ..အဲဒီကုသိုလ်ဟာ ဘာနဲ့မှ လဲလို့မရနိုင်ပါဘူး၊ ညီမတစ်ယောက်တည်းဆို လူအယောက်ပေါင်း များစွာအတွက် တရားခွေတွေ အများကြီးဝယ်နိုင်မှာမဟုတ်ဘူးလေ၊ အခု အစ်ကိုနဲ့မှ ဒီလိုအလှူကြီးပေးနိုင်တာ..အစ်ကို့ကိုလည်း အရမ်းကျေးဇူးတင်တာပဲ'

'ညီမကိုလည်း ကိုယ်က ကျေးဇူးတင်ပါတယ်'

'ရှင်...ဘာဖြစ်လို့'

နံ့သာဖြူက မိုးမြင့်စံကို မျက်လုံးဝင့်၍ကြည့်သည်။

'ဩော်...အရင်ကဆို ကိုယ် လစဉ်အလှူတစ်ခုလုပ်တိုင်း၊ တစ်ယောက်တည်းပဲ ရှိတယ်လေ..ပျင်းစရာကြီး၊ ကုသိုလ်ရေးဆို ဘယ်သူမှ အဖော်ညှိလို့မရဘူး၊ နောက်ဆို နံ့သာဖြူပါတော့ မပျင်းရတော့ဘူးပေါ့'

'အမယ်လေး အစ်ကိုရယ်...ကောင်းမှုလုပ်တာပဲ..ပျင်းတယ် ရှိသေးလား'

'ရှိတာပေါ့ နံ့သာဖြူရယ်၊ စဉ်းစားကြည့်လေ..လူတစ်ယောက်ဟာ ဘယ်လောက်ပဲ စည်းစိမ်ဥစ္စာတွေပြည့်စုံပြီး လိုတရနေပါစေ၊ နောက်ဆုံး နတ်စည်းစိမ်ကို ရ,ထားတယ်ဆိုပါတော့..သူ့ဘေးမှာ အဖော်မရှိရင် ပျော်နိုင်ပါ့မလား'

မိုးမြင့်စံစကားကြောင့် နံ့သာဖြူ ခေါင်းညိတ်လိုက်ရသည်။

'အင်း...ဒါလည်း ဟုတ်တာပဲနော်...ဒါပေမယ့် အစ်ကိုရယ်...အစ်ကို့လိုလူမျိုးမှာ အဖော်မရှိဘူး ဆိုတာ ဖြစ်နိုင်ပါ့မလား...အစ်ကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရင်··အစ်ကိုနဲ့ အတူလိုက်ချင်တဲ့ မိန်းကလေးတွေ အများကြီးနေမှာ နော်'

'မဟုတ်ဘူး နှံ့သာဖြူ···အစ်ကိုက ကိုယ်သွားလျှမယ့်နေရာတိုင်းကို အမှန်တကယ်စိတ်ပါမယ့်လူမျိုးကိုပဲ ခေါ်ချင်တာ၊ ဒီအတိုင်း အဖော်လိုက်ရုံသက်သက်ကတော့ ဘာအဓိပ္ပာယ်ရှိမှာလဲ ညီမရယ်'

နှံ့သာဖြူစိတ်ထဲမှာ မိုးမြင့်စံကို လေးစားလာမိသည်။

'အစ်ကိုကတော့နော်··တကယ်စံပဲ၊ သိကြားမင်းကျောက်ဖျာ ဝင်းရင်တော့ အစ်ကို့ကြောင့်ပဲ'

'ဟင်း··ဟင်း··ဟင်း'

နှံ့သာဖြူ့စကားကြောင့် မိုးမြင့်စံ ရယ်လိုက်သည်။

'ဒါနဲ့ အစ်ကို့အမေကရော··အစ်ကို့အလှူကို မလိုက်ဘူးလား'

'အမေကတော့ စီးပွားရေးပဲ နပန်းလုံးနေတယ်လေ··မအားပါဘူး၊ ဒါပေမယ့်··ကိုယ်လှူတဲ့ ပိုက်ဆံတိုင်းမှာ အမေ့ပိုက်ဆံတစ်ဝက်ပါတယ်·· အမေလည်း ကုသိုလ်တစ်ဝက်ပေါ့'

'သြော်···'

အဲဒီအချိန်မှာ အဘွားကြီးတစ်ယောက် သူတို့နားရောက်လာသည်။

'ကလေး··အဘွားကို သီတဂူဆရာတော်နဲ့ဒယ်အိုးဆရာတော် နှစ်ခွေစီလောက် လှူပါကွယ်'

'ဟာ··ရပါတယ် အဘွား၊ ကြိုက်တဲ့အခွေ ယူသွားပါ၊ အများကြီးရှိပါတယ်'

အဘွားကြီးက သူလိုချင်သော အခွေ ရသောအခါ မိုးမြင့်စံနှင့်ကို ဆုမွန်ကောင်း တောင်းပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အေးကွယ်··အဲဒီလို တရားခွေလျှုတဲ့အကျိုးကြောင့် မြေးလေးတို့ ဇနီးမောင်နှံ နောက်ဘဝမှာ နတ်သားနတ်သမီးဖြစ်ပြီး ရာသက်ပန် ပျော်ပျော်ကြီးပေါင်းဖက်နိုင်ပါစေကွယ်'

'အို'

အဘွားကြီးက သူထင်သလိုဆုတောင်းပြီး ပြန်ထွက်သွားရာ နံ့သာဖြူ ပါးလေးရဲပြီး ကျန်ခဲ့သည်။

မိုးမြင့်စံ အားနာလိုက်သည့်ဖြစ်ခြင်း။

'ဟို···အားနာလိုက်တာ ညီမရယ်··အဘွားက မသိလို့ပြောသွားတာ··ဘယ်လိုမှ သဘောမထားပါနဲ့နော်'

'ရပါတယ်···အစ်ကိုရယ်'

နံ့သာဖြူ ရှက်ရှက်နှင့် ခေါင်းကို ငုံ့ထားသည်။

●



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ဒုတိယအလှူ။

'ဟဲလို…နံ့သာဖြူလား'

'ဟုတ်ပါတယ် အစ်ကို'

'သြော်…နံ့သာဖြူ၊ ကိုယ်တို့ ဒီလအတွက် လှူမယ့်နေရာပြော ချင်လို့'

'ဟုတ်ကဲ့…ပြောပါ အစ်ကို၊ ဘယ်နေရာမှာ လှူမှာလဲ'

'ကိုယ်‥မြောက်ဥက္ကလာပကြွေ့က ဘုန်းကြီးကျောင်းတစ်ကျောင်း တွေ့ထားတယ်၊ အဲဒီမှာ ကျောင်းသူကျောင်းသားတွေအတွက် အခမဲ့ပညာဒါန နိုင်ငံခြားဘာသာစကားတွေ သင်ပေးတယ်လေ၊ ပြီးတော့‥အဲဒီက ကျောင်း ထိုင်ဆရာတော်ကလည်း ပရဟိတလုပ်ငန်းတွေလုပ်တယ်၊ တရားတွေလိုက် ဟောတယ်၊ ငွေကြေးဥစ္စာ ချို့တဲ့တဲ့ စာသင်သံဃာလေးတွေအတွက်ရော၊ ဒုက္ခရောက်နေတဲ့ မရှိဆင်းရဲသားတွေအတွက်ရော ကျောင်းအပ်ပေးတာတို့၊ ပညာရေးအထောက်အပံ့နဲ့ပတ်သက်တာတွေလုပ်ပေးတယ်၊အဲဒီတော့ ကိုယ် လည်း အဲဒီကျောင်းအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြု အနေနဲ့ ဆရာတော်ကို ငွေငါးသိန်းလောက်လှူမလားလို့ စဉ်းစားမိင



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတာပေါ့ အစ်ကိုရယ် ပညာရေးအတွက် လှူတဲ့ဒါနကြော
ကိုယ်လည်း ဘဝဆက်တိုင်း ပညာသင်ခွင့်မရတဲ့အဖြစ်မျိုး မရောက်ရတော
ဘူးပေါ့'

'ဒါပေါ့ ညီမရယ်...ပညာရေးအလှူ လှူခြင်းဟာ ကိုယ်လည်
အသိဉာဏ်ပညာ ဖွံ့ဖြိုးခြင်းဆိုတဲ့ အကျိုးကျေးဇူးရနိုင်တာပဲ၊ ဒါဆို..ဒီ
အတွက် အဲဒီကျောင်းကိုပဲ ရွေးလိုက်တာပေါ့'

'ကောင်းတယ် အစ်ကို၊ ဒါပေမယ့်..ညီမ တစ်ခုပဲ ဝမ်းနည်း
တယ်'

'ဘာများလဲ ညီမရဲ့'

'ညီမမှာ လောလောဆယ်..ပိုက်ဆံက သိပ်အဆင်မပြေတော့
၅၀၀၀ လောက်ပဲ တတ်နိုင်တယ် အစ်ကိုရယ်'

'ဟား..ဟား..ဟား၊ ဘာများလဲလို့..ဒါ..ပြဿနာ မဟုတ်ပါ
ညီမရယ်၊ စေတနာက အဓိကပါပဲ၊ ကိုယ်က လေးသိန်းကိုးသောင်း
ထောင်လှူလိုက်မယ်၊ ညီမ ငါးထောင်ပါ ထည့်ပေါင်းလိုက်ရင် ငါးသိ
ကွက်တိပေါ့'

'ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်..ညီမကို ပိုက်ဆံငါးထော
ငါးသိန်းတန်အလှူမှာ ပါခွင့်ပြုတာ အရမ်းဝမ်းသာတာပဲ'

'ကိစ္စမရှိပါဘူး ညီမရယ်..ကိုယ်ဖြစ်စေချင်တာ ငွေကြေးပမာ
ထက် စေတနာအရင်းခံကို လိုချင်တာပါ..အဲဒါဆို ကိုယ် ညီမကို အိမ်
ခေါ်လိုက်မယ်လေ..ကိုယ့်ကားနဲ့ပဲ မြောက်ဥက္ကလာ သွားကြတာပေါ့'

'ဟုတ်ကဲ့ အစ်ကို'

●

www.burmeseclassic.com

www.burmeseclassic.com

Coffee shop တစ်ခုတွင် ဖြစ်သည်။

မိုးမြင့်စံနှင့်နှံ့သာဖြူ မျက်နှာချင်းဆိုင်ထိုင်ပြီး ကော်ဖီသောက်နေကြသည်။

'အစ်ကိုနဲ့တွေ့ရတာ..ညီမ သိကြားနဲ့တွေ့ရသလိုပဲ သိလား'

'ဘာဖြစ်လို့လဲ..အစ်ကို့မျက်နှာ ပုရွက်ဆိတ်တက်နေလို့လား'

'ဟင်း..ဟင်း...မဟုတ်ပါဘူး အစ်ကိုရယ်...ညီမ အရမ်းလုပ်ချင်တဲ့ အလှူဒါနကို အစ်ကိုနဲ့တွေ့မှ လုပ်ခွင့်ရတာကိုး၊ အစ်ကိုမြင်တဲ့အတိုင်းပဲ၊ ဘိုးဘွားအမွေထားခဲ့လို့သာ ညီမတို့အိမ်က ခပ်ကောင်းကောင်းဖြစ်နေတာ..ညီမမှာ အလုပ်က မယ်မယ်ရရမရှိတော့ ဝင်ငွေမရှိဘူး၊ အဲဒီတော့ လှူချင်တိုင်းတောင် လှူလို့မရဘူးပေါ့ အစ်ကိုရယ်'

မိုးမြင့်စံက တစ်စုံတစ်ခုကိုတွေးလိုက်ပြီး

'ဒါဆို ညီမကို ကိုယ် အလုပ်ရှာပေးရမလား'

'ဘာအလုပ်လဲ အစ်ကို'

'ကိုယ့်အမေက ကော်ဖီဆိုင်ဖွင့်ထားတယ်ဆိုတော့၊သူ့ဆီမှာ အလုပ်လုပ်ချင်ရင် ကိုယ်ပြောပေးမယ်လေ..တစ်လကို တစ်သိန်းလောက်တော့ ရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…မဖြစ်ဘူး အစ်ကို'

နံ့သာဖြူက အကြောက်အကန်ငြင်းဆန်၍ မိုးမြင့်စံ ကြောင်သွား သည်။

'ဘာ..ဘာဖြစ်လို့လဲ ညီမရဲ့'

'ဩော်..ဟို..ဒီလိုပါ။ ညီမမှာ ရည်ရွယ်ချက်ရှိတယ်လေ..အဲဒါ ဘာလဲဆိုတော့..တစ်နေ့ နာမည်ကြီးစာရေးဆရာမ ဖြစ်အောင် အခုက တည်းက ကြိုးစားနေတယ်၊ အဲဒါကြောင့် တခြားအလုပ် လုပ်လို့မရဘူးလို့ ပြောတာပါ'

'ဟာ..ဒါဆို ညီမက စာရေးဆရာမပေါ့၊ ဘယ်လိုလိုင်းမျိုး ရေး တာလဲ'

'ခပ်ကြမ်းကြမ်းအချစ်ဇာတ်လမ်းတွေပေါ့ အစ်ကိုရယ်'

မိုးမြင့်စံ မျက်လုံးပြူးသွားသည်။

'ဟင်..ခပ်ကြမ်းကြမ်းအချစ်ဇာတ်လမ်း၊ ဒါဆို..ဟို..ဆင်ဆာမဲ့'

'ဟာ…ဘာတွေ လျှောက်ပြောနေတာလဲ..ပေါက်ပေါက်ရှာရှာ အစ်ကိုရယ်..ညီမက အဲဒီလိုဝတ္ထုမျိုး ရေးပါ့မလား၊ ခပ်ကြမ်းကြမ်း ဆို တာ…မင်းသမီးက မင်းသားကို ပါးရိုက်လိုက်လို့၊ မင်းသားက ပြန်ပြီး နားကိုက်တာမျိုးတို့၊ မင်းသမီးရဲ့သူငယ်ချင်းကို မင်းသားက အသည်းခွဲလို့ မင်းသမီးက ပြန်ကလဲ့စားချေတာမျိုးတို့..အဲဒါကို ပြောတာ'

'ဩော်..အဲဒီလိုလား..တော်သေးတာပေါ့…ကိုယ့်ကို တစ်အုပ် လောက် ပေးဖတ်ပါလား၊ ကလောင်နာမည် ဘယ်သူလဲ'

'အားနာလိုက်တာ အစ်ကိုရယ်'

'ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'လုံးချင်းဝတ္ထု တစ်အုပ်မှမထုတ်ရသေးဘူး၊ အခုမှ ရေးဖို့ကြံတုန်း၊ အလောင်နာမည်ကလည်း အတည်မပြုရသေးဘူး'

မိုးမြင့်စံ သက်ပြင်းချလိုက်သည်။

'ဒါဆိုလည်း ကြိုးစားပေါ့ ညီမရယ်၊ ညီမ ထွက်မယ့်အချိန်ကို ကိုယ် စောင့်နေပါ့မယ်'

'ရှင်'

'ဝတ္ထုကို ပြောတာပါ'

နံ့သာဖြူက ကော်ဖီကို အရသာခံ၍သောက်လိုက်ပြီး

'ဒါနဲ့ အစ်ကို··အစ်ကို့အမေက ကော်ဖီဆိုင်ဖွင့်ထားတယ်ဆို··· ဘာလို့ ကိုယ့်အမေဆိုင်မှာ မသောက်ဘဲ ဒီကိုလာရတာလဲ'

'ဒါကတော့ အမေ့ကြောင့်ပါ နံ့သာဖြူရယ်··သူ သဘောတူထားတဲ့ မိန်းကလေး မဟုတ်ဘဲ တခြားတစ်ယောက်နဲ့တွဲလာတာမြင်ရင် ကိုယ်တို့ အခု အတူတွဲလုပ်နေတဲ့ အလှုုကိစ္စလေး အနှောင့်အယှက်ဖြစ်သွားမှာ စိုးလို့ပါ'

'ဟင်··အစ်ကို့အမေက အဲဒီလို မိန်းကလေးတွေနဲ့တွဲတာ မကြိုက်ဘူးလား···ပြီးတော့···သူ သဘောတူထားတဲ့ မိန်းကလေးရှိလား'

'အရင်ကတော့ အရွေးများနေလို့ မရှိဘူး၊ ဒါပေမယ့်··အခုတော့ သူ စိတ်ကြိုက်ရွေးထားတဲ့ မိန်းကလေး တွေ့ပြီမို့··မနက်ဖြန်တောင် အိမ် ခေါ်လာမယ် ပြောတာပဲ'

အဲဒီစကားကိုကြားပြီး နံ့သာဖြူမျက်နှာလေး ညှိုးသွားသည်ကို မိုးမြင့်စံ သတိထားလိုက်မိသည်။

'အစ်ကိုကရော···အဲဒီမိန်းကလေးကို ကြိုက်လို့လား'



www.burmeseclassic.com

www.burmeseclassic.com



'မြင်တောင် မမြင်ဖူးသေးပါဘူး ညီမရယ်၊ မနက်ဖြန်မှတွေ့ရမှာ၊ ဒါပေမယ့်··ကိုယ်က မိန်းကလေးတစ်ယောက်ကို အခုတွေ့··အခုကြိုက်တဲ့ အထဲမှာတော့ မပါဘူး···သေချာလေ့လာပြီးမှ အိမ်ထောင်ဖက်အဖြစ် ရွေးသင့် မရွေးသင့် စဉ်းစားမယ်'

နံ့သာဖြူက ခေါင်းလေးညိတ်၍ စဉ်းစားခန်းဝင်နေသည်။

အတွေးထဲမှာ အဲဒီမိန်းကလေးကို မိုးမြင့်စံ ပြန်မကြိုက်ပါစေနှင့် ဟု ဆုတောင်းနေမည်လား မပြောတတ်။

'ကဲ··ကိုယ်တို့လည်း ပြန်ကြရအောင်၊ နောက်ထပ် လှူရမယ့် နေရာကို စုံစမ်းပြီးတာနဲ့ ညီမကို အကြောင်းကြားလိုက်မယ်'

'ဟုတ်ကဲ့ အစ်ကို··ဒါဆိုလည်း ပြန်ကြတာပေါ့'

'OK···ကော်ဖီဖိုး ကိုယ်ပဲ ရှင်းလိုက်ပါ့မယ်'

'အစ်ကိုရယ်··ညီမ အလှူငွေထည့်တဲ့ ငါးထောင်က အစ်ကို တိုက်တဲ့ ကော်ဖီနဲ့တင် အရင်းကျေသွားပြီနော်'

'ဟား···ဟား···ဟား···ဟား'

◆



www.burmeseclassic.com

www.burmeseclassic.com

## (၇)

'သား···သူ့နာမည်က ယူရီကို··လို့ ခေါ်တယ်၊ ဂျပန်က ပြန်လာတာ မကြာသေးဘူး'

မိခင်ဖြစ်သူက သူ့ရှေ့ခေါ်လာပြီး မိတ်ဆက်ပေးသဖြင့် မိုးမြင့်စံ မကြည့်ချင်ကြည့်ချင်နှင့်ကြည့်လိုက်ရာ မဆိုးလှ။ တော်ရုံယောကျ်ားကြွေလောက်သည့် ရုပ်မျိုး။

ဂျပန်မှာ အနေကြာလို့လား မသိ။ ဂျပန်မလေးလို ဒီဇိုင်းမျိုးဖြစ်နေသည့်အပြင် အဝတ်အစားကလည်း အနောက်တိုင်းလို မလုံမခြုံမဟုတ်။ အရှေ့တိုင်းလို အဓိကနေရာ လုံခြုံပြီး ခေတ်မီသည့်ဒီဇိုင်းမို့ ကြိုက်မယ်ဆိုရင်လည်း ကြိုက်လောက်စရာ။

'မင်္ဂလာပါ ကိုမိုးမြင့်စံ၊ တွေ့ရတာ ဝမ်းသာပါတယ်'

သူမက စတင်မိတ်ဆက်တော့ သူလည်း ပြန်၍နှုတ်ဆက်ရတော့သည်ပေါ့။

'ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်၊ ဒါနဲ့··ဂျပန်မှာ ဆက်မနေဘဲ ဘာလို့ ဒီကိုပြန်လာရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့..သား၊ ဘယ်လိုမေးလိုက်တာလဲ'

ဒေါ်ကြူနွှာမိုးမြင့်က လှမ်းပြီး ဟန့်လိုက်ရာ မိုးမြင့်စံက စကားကို ပြန်လျှောချလိုက်သည်။

'ဩော်...မဟုတ်ပါဘူး အမေရဲ့၊ ကျွန်တော်က သိချင်လို့ပါ..ဟို မှာ ဆူရှာမိငလျှင်လှုပ်သွားတော့ စီးပွားရေးတွေ ခဏရပ်ဆိုင်းလိုက်ရတယ် ကြားတယ်လေ..အဲဒါကြောင့် ပြန်လာတာလား၊ ဒါမှမဟုတ် မြန်မာပြည် ကို လွမ်းလို့ ပြန်လာတာလား မေးတာပါ'

ယူရီကိုကတော့ ပြုံး၍သာ ဖြေသည်။

'ရပါတယ်..တို့ ဒီကိုပြန်လာတာ အဲဒီနှစ်ခုစလုံးကြောင့် မဟုတ် ဘူး'

'ဟင်..ဒါဆို'

'ရှင်ကြောင့်ပါ'

'ဘယ်လို..ကိုယ့်ကြောင့်'

အဲဒီအချိန် ဒေါ်ကြူနွှာမိုးမြင့်ကလည်း လူကြီးပီပီ အလိုက်တသိ ရှောင်ပေးသည်။

'ကဲ..သားတို့သမီးတို့ စကားပြောကြဦး၊ အန်တီ ဆံပင်ဖြူသွား နုတ်လိုက်ဦးမယ်'

ယူရီကိုက ဒေါ်ကြူနွှာမိုးမြင့်ကို ခေါင်းညိတ်ပြပြီး သူ့စကားသူ ဆက်သည်။

'တို့အသက်က အခု ၂၅နှစ်ရှိပါပြီ၊ ဘဝမှာ ကိုယ်ရည်မှန်းထား သလို စီးပွားရေးတစ်ခုကိုလည်း ခိုင်ခိုင်မာမာ ပိုင်ဆိုင်ခဲ့ပြီ၊ ပညာရေးမှာ လည်း လိုအပ်တဲ့ ဘွဲ့တစ်ခုရခဲ့ပြီ၊ အဲဒီလို ပိုင်ဆိုင်ပြီဆိုတော့...စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်လေ၊ တံခွန်မရှိတဲ့ ကုဋ္ဌား၊ အလံမရှိတဲ့ ရထား၊ လင်မရှိတဲ့ မိန်းမ၊ မတင့်တယ်ဘူးဆိုတော့ ဘဝအတွက်အသင့်တော်ဆုံးဖြစ်မယ့် အိမ်ထောင်ဖက်ကိုရှာဖို့ စဉ်းစားမိတယ်'

'အဲဒီတော့'

'အဲဒီအချိန်မှာ··ရှင့်အမေနဲ့တို့··အင်တာနက်ပေါ်ကနေ တွေ့ဆုံရင်းနှီးခဲ့တယ်ဆိုပါတော့··၊ သူက ပြောတယ်··သူ့သားအတွက် သင့်တော်မယ့် ချွေးမလောင်းကို နိုင်ငံနဲ့အဝှမ်း ရှာဖွေနေတာ ကြာပြီ··တစ်ယောက်မှ စိတ်ကြိုက်မတွေ့သေးဘူးတဲ့··ကျွန်မ အရမ်းစိတ်ဝင်စားသွားတယ်··ကျွန်မလည်း ကိုယ်နဲ့သင့်တော်မယ့် ယောကျ်ားမျိုးကို ရှာနေတာ အခုထိမတွေ့သေးဘူးလေ···အဲဒါနဲ့ ဒေါ်ဣန္ဒြာမိုးမြင့်ဆီက ရှင်နဲ့ပတ်သက်တဲ့ ကိုယ်ရေးရာဇဝင်နဲ့··ကျွန်မရဲ့ကိုယ်ရေးရာဇဝင်··လဲကြည့်ခဲ့တယ် ဆိုပါတော့'

မိုးမြင့်စံ··ယူရီကိုရဲ့မျက်ဝန်းတွေကို သေချာစိုက်ကြည့်ပြီး နားထောင်နေသည်။

'ရှင့်ရဲ့ Biography ကို လေ့လာလိုက်တဲ့အချိန်မှာ ကျွန်မ လိုချင်တဲ့ အရည်အချင်းအပြင် ပိုတောင်ပိုနေတာ တွေ့ရတယ်၊ ရှင်က အင်္ဂလိပ်စာမေဂျာနဲ့ UFLမှာ ကျောင်းပြီးထားပြီး၊ ဖက်ရှင်ဆိုင်လေးတစ်ဆိုင်ဖွင့်ထားတယ်၊ ပြီးတော့ တခြားလူကုံထံအသိုင်းအဝိုင်းကလူတွေလို ပိုက်ဆံကို မိန်းမကိစ္စနဲ့လိုက်ဖြုန်းနေတာ မဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိတဲ့ လူမှုရေးအဖွဲ့အစည်းတွေကို လစဉ်လှူဒါန်းနေတယ်၊ ဒါက ရှင့်ရဲ့အတွင်းစိတ်က ဖြူစင်တယ်ဆိုတာ ပြနေတာပဲ၊ နောက်တစ်ချက်က ရှင့်ရဲ့ရုပ်ရည်သွင်ပြင်နဲ့ အရပ်အမောင်းက မိန်းမတစ်ယောက် အားကိုးလောက်တဲ့ အင်္ဂါရုပ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စာတ်ပုံမြင်လိုက်တာနဲ့သိတယ်လေ…အဲဒါကြောင့် ရှင့်ကို ကျွန်မ
လက်တွေ့ကျကျ လေ့လာချင်လို့ ဒီကိုရောက်လာတာပဲ'

'ကိုယ့်အကြောင်းကို ဒီလောက်အမွှန်းတင်နေတာ ကြားရတော့
မင်းအကြောင်းကိုလည်း ကိုယ်သိချင်တယ်၊ ပြောပြလို့ရမလား'

'ဟင်း…ဟင်း…ရပါတယ်ရှင်…သိသင့်တာပေါ့၊ တို့က ငယ်
ငယ်လေးကတည်းက မြန်မာပြည်မှာနေပြီး မြန်မာပြည်မှာ ကြီးလာတာ
ပါ၊ အဘွားနဲ့နေပြီး ဒီမှာ ကျောင်းတက်တယ်…အဲဒီအချိန် တို့မိဘတွေ
ကတော့ ဂျပန်မှာ စီးပွားရေးလုပ်ငန်းတွေ စပြီး လုပ်နေပြီ၊ တို့အမေက
ဂျပန်ကပြား၊ တို့ဘွဲ့ရပြီးတဲ့အချိန်မှာတော့ မိဘတွေက ဂျပန်ကို လှမ်းခေါ်
တယ်၊ အဲဒီအချိန်ကတည်းက ဂျပန်မှာ စီးပွားရေးလုပ်ငန်းတွေနဲ့ အချိန်
ကုန်ခဲ့တာ..ရှင့်အမေနဲ့မတွေ့ခင်အထိ ဆိုပါတော့'

'ဒါနဲ့…မင်း ဂျပန်မှာရော ချစ်သူတွေဘာတွေ မတွေ့ခဲ့ဘူးလား'

'အင်း…အလုပ်တွေ များနေတဲ့ကြားကနေ ရှားရှားပါးပါး ချစ်သူ
တစ်ယောက်တော့ ရခဲ့ဖူးပါတယ်'

'ဒါဆို…'

'ပြတ်သွားပါပြီ'

'ဘာကြောင့်လဲ'

'ကျွန်မ ရေချိုးတာကို ချောင်းဖို့ကြံစည်လို့လေ၊ ပါးရိုက်ပြီး လမ်း
ခွဲခဲ့တာ..သူ့ကိုလည်း ပြောခဲ့သေးတယ်၊ ဒီမှာ..ငါက မြန်မာမိန်းကလေး
မြန်မာလိုပဲ ရေချိုးတယ်၊ ဂျပန်လို မချိုးဘူး၊ မြန်မာမိန်းကလေးတစ်ယောက်
ရဲ့ဣန္ဒြေကို ထိပါး နှောင့်ယှက်လာမယ်ဆိုရင်…အသက်စွန့်ပြီးသည်း ခံ
မလေးဘူးလို့'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံ သဘောကျစွာ ပြုံးလိုက်မိသည်။

'အဲဒီအချက်တစ်ချက်တည်းနဲ့တင် ကိုယ်··မင်းကို လေးစားသွားပြီ··သိလား၊ ဘာလို့လဲဆိုတော့ မြန်မာပြည်မှာနေတာတောင် မြန်မာ့ယဉ်ကျေးမှုကို မထိန်းသိမ်းနိုင်တဲ့ မိန်းမတွေထက်စာရင် မင်းက အများကြီးသာတယ်၊ ကိုယ်လိုချင်တာလည်း အဲဒီအချက်ပဲ'

'ဒါဆို'

'ကိုယ်တို့နှစ်ယောက် တစ်ယောက်အကြောင်း တစ်ယောက် ဒီထက်ပိုသိရအောင် အချိန်ကာလတစ်ခုထိ ထပ်လေ့လာကြတာပေါ့၊ အပေါ်ယံအမြင် အကြားထက် လက်တွေ့က ပိုပြီး အဓိပ္ပာယ်ရှိတယ်လေ'

ယူရီကို မိုးမြင့်စံမျက်နှာကိုကြည့်၍ နှစ်လိုဖွယ်ပြုံးလိုက်သည်။

'ရှင်ဟာ တို့ထင်တာထက် ပိုပြီး တည်ကြည်တဲ့ ယောကျ်ားဆိုတာ လက်ခံသွားပြီ ကိုမိုးမြင့်စံ'

'ဘာဖြစ်လို့'

'မိန်းမတစ်ယောက်ကို လွယ်လွယ်နဲ့ မယုံကြည်တတ်သလို···အပေါ်ယံအမြင်နဲ့မရွေးချယ်တတ်လို့ပဲ၊ ရှင့်နေရာမှာ တခြားတစ်ယောက်သာဆိုရင် ကျွန်မလိုမိန်းမမျိုးကို နှစ်ခါပြန် စဉ်းစားနေမှာမဟုတ်ဘူး'

မိုးမြင့်စံ ဘာမှမပြောဘဲ ပြုံး၍သာ နေလိုက်သည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၈)

တတိယအလှူ

မိုးမြင့်စံနဲ့ နံ့သာဖြူ ဆေးရုံကြီးတစ်ခုမှာ ဆေးဝါးများ လှူဒါန်းပြီး အပြန်လမ်းတွင် နံ့သာဖြူက ကားမောင်းနေသော မိုးမြင့်စံကို ကြည့်၍မအောင့်နိုင်တော့။ အိမ်သာတက်ချင်တာမဟုတ်။ သိချင်စိတ်ကို မအောင့်နိုင်တာ ဖြစ်သည်။

ထို့ကြောင့်...

'အစ်ကို'

ထိုအခါ မိုးမြင့်စံက သူမကို တစ်ချက်လှည့်ကြည့်ပြီး

'ဟင်'ဟု ထူးလိုက်သည်။

'အစ်ကိုနဲ့ သဘောတူထားတယ်ဆိုတဲ့ မိန်းကလေးက ဘယ်လိုအခြေအနေရှိလဲဟင်'

'မဆိုးပါဘူး ညီမရဲ့၊ ရုပ်ရည်လည်း ရှိတယ်..ကိုယ်လုံးကိုယ်ပေါက်လည်း မိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကို ပြောတာ မဟုတ်ဘူး အစ်ကို၊ သူက အစ်ကိုကြိုက်တဲ့ ပုံစံမျိုးဖြစ်ရဲ့လား၊ ပြီးတော့…သူ့ကို ရွေးလိုက်ပြီလားလို့ မေးတာ'

မိုးမြင့်စံက တစ်ချက်ပြုံးလိုက်ပြီး

'ကိုယ် သူ့ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီ နံ့သာဖြူ'

'ရှင်'

နံ့သာဖြူ ပါးစပ်အဟောင်းသားလေး ဖြစ်သွားသည်။

'သိပ်မအံ့ဩပါနဲ့ ညီမရယ်…တစ်လလောက်အချိန်လေးအတွင်း မှာ သူ့ကိုလေ့လာပြီး ရွေးချယ်လိုက်လို့ သိပ်မြန်တယ်လို့ မထင်ပါနဲ့… အဲဒီတစ်လအတွင်းမှာ ကိုယ်…သူ့အကြောင်း ကောင်းကောင်းသိသွားခဲ့ တယ်'

'ဩော်..အစ်ကိုက ပုံစံကြည့်တော့ အေးစက်စက်နဲ့၊ ဒါမျိုးကိစ္စ ကျ လက်သွက်တာပဲနော်…တစ်လတည်းနဲ့ သူ့အကြောင်းကို ကောင်း မကောင်း သိသွားတယ်တဲ့'

နံ့သာဖြူက မျက်နှာငယ်လေးနှင့်ပြောသည်။

'ဘာတွေ ပြောနေတာလဲ..သူ့အကြောင်းကို ကောင်းကောင်းသိ သွားတယ်လို့ပြောတာ..ကိုယ်လေ့လာရသလောက်တော့ သူဟာ ခေတ်မီ ပေမယ့် သိမ်မွေ့တယ်…နူးညံ့ပေမယ့် မာန်ရှိတယ်…ပြတ်သားပေမယ့် ကြင်နာတတ်တယ်…လည်လည်ဝယ်ဝယ်ရှိပေမယ့် ရိုးသားတယ်..အပေါ် ယံအလှမှာ ကာလာစုံပေမယ့် နှလုံးသားက ဖြူစင်တယ်..နောက်တစ်ခု က ဟန်မဆောင်တတ်ဘူး၊ ဒါတွေဟာ ကိုယ်လိုချင်တဲ့ မိန်းကလေးတစ် ယောက်ရဲ့အရည်အချင်းတွေပဲ၊ ဒါကြောင့်…သူ့ကို လက်ထပ်ဖို့ ဒီညပဲ ကိုယ့်အမေကို ပြောလိုက်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူ၏မျက်နှာလေး ရေမဖျန်းရသေးသော ကန်စွန်းရွက်လို နွမ်းသွားသည်။

'မိန်းမတစ်ယောက်ကို ဒီလောက်အချိန်တိုအတွင်းမှာ အမှတ်တွေ အပြတ်ပေးလိုက်တာ သေချာရဲ့လား အစ်ကိုရယ်..ပင်လယ်ကြီးကောက် တာကိုသာ မြင်ရင်မြင်ရမယ်၊ မိန်းမတွေ ကောက်တာ မမြင်နိုင်ဘူးနော်၊ ကျွန်မလည်း မိန်းမတစ်ယောက်ပါပဲ'

'ကိုယ်သိတာပေါ့'

'အဲဒီတော့ မိန်းမတွေရဲ့စိတ်ကို ကျွန်မက ပိုပြီး နားလည်တယ် လေ..မိန်းမဟူသည် ဆောင်းလေပမာညီ၊ အတွင်းသဘော ဘယ်မညီ.. ပြောင်းလဲတတ်သည်...တဲ့'

'ဒါပေမယ့်..မိန်းမတို့ကူရွေ့ ရွှေပေးလို့မရ..ဆိုတဲ့ စကားပုံလည်း ရှိသေးတာပဲ နံ့သာဖြူရယ်'

အဲဒီအချိန် မီးပျိုင့်နီသွား၍ မိုးမြင့်စံ ကားကိုရပ်လိုက်သည်။

'မိန်းမမာယာ သဲကိုးဖြာ..ဆိုတဲ့ စကားပုံကို ဘယ်နားသွားထား မလဲ အစ်ကိုရယ်'

'မိန်းမမျက်ရည် မာယာလောက်တော့ မျှင်းသေးတယ်လို့ အဆို တော်ကြီး တွံတေးသိန်းတန်တောင် ဆိုခဲ့သေးတာပဲ ညီမရယ်..ယောကျ်ား တွေကိုတော့ ကျော်လို့မရပါဘူး'

'ဒါပေမယ့် မိန်းမဖျက်တော့ ပြည်ပျက်တယ်တဲ့..ကမ္ဘာကျော် သူရဲကောင်းတွေတောင် မိန်းမတစ်ယောက်ရဲ့ရှေ့မှာ ဒူးထောက်ခဲ့ရသေး တာပဲ အစ်ကိုရယ်'

'ဒါဆိုရင်တော့ လေတိုက်တဲ့အချိန် အဲဒီမိန်းမ စကာဒ်လန်သွား



www.burmeseclassic.com

www.burmeseclassic.com



လို့ ဒူးထောက်လိုက်တာ ဖြစ်မှာပေါ့…သူရဲကောင်းတွေဟာ အကြောင်းနဲ့ ဘယ်တော့မှ ဒူးမထောက်တတ်ပါဘူး ညီမရယ်'

'စကာဒ်က လန်ရုံလောက်ပဲဆိုရင် ကောင်းတာပေါ့၊ ဒါပေမယ့်‥ ချက်နာသွားအုပ်မိနေမှ ဘုန်းကံနိမ့်ပြီး နောက်တစ်ခါ စစ်မထွက်နိုင်ရင် ခက်ဘူးလား အစ်ကိုရဲ့'

'စကားတွေတောင် ဘယ်ရောက်ကုန်ပြီလဲ မသိဘူး၊ အဲဒီလောက် သည်း စိတ်မပူပါနဲ့ ညီမရယ်‥ကိုယ်က မိန်းမတစ်ယောက်ရဲ့အတွင်းစိတ် ကို မျက်လုံးကနေကြည့်ပြီး ဘာသာပြန်တတ်တဲ့ ပညာကို ရထားပါတယ်၊ ကိုယ် လူရွေးမမှားပါဘူး'

နံ့သာဖြူ မျက်ခုံးလေးပင့်သွားသည်။

'ဟင်…ဟုတ်လား၊ ဒါဆို…ညီမမျက်လုံးကို ဘာသာပြန်ကြည့် ပါလား'

အဲဒီအချိန် မီးပွိုင့် စိမ်းသွားသည်။

ဒါပေမယ့် မိုးမြင့်စံက မမြင်။ နံ့သာဖြူရဲ့မျက်လုံးတွေကို သေ ချာစိုက်ကြည့်ပြီး ဘာသာပြန်နေသည်။

အဲဒီလို မျက်လုံးချင်းဆုံတဲ့ခဏမှာ နှလုံးသားက ရင်ခုန်သံတေး သွားတွေ မညီမညာ ကခုန်၍ထွက်လာသည်။

အထူးသဖြင့်….နံ့သာဖြူ။

အရင်ကတည်းက တိတ်တခိုးချစ်မိသော သူမရဲ့စိတ်ကူးယဉ်မင်း သားလေးက သူမကို သေချာစိုက်ကြည့်နေသောအခါ အလိုက်မသိသော နှလုံးသားလေးက ကရင်ဒိုးယိမ်းကသလို လှုပ်လှုပ်ရွရွ။ ရင်ခုန်သံ စည်း ချက်တွေကလည်း ရှမ်းအိုးစည်တီးသလို မြည်ဟီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'တီ…တီ…တီ'

အနောက်မှကားတွေကလည်း ဟွန်းကို တပွမ်ပွမ်တီးရင်း ကားသမားတွေက ရနိုင်မှန်တီချဉ်ငံစပ်သောက်ထားသလို ရှုံ့ရှုံ့ရွဲရွဲ ဖြစ်ကုန်သည်။

'ဟော့…ရှေ့ကကား၊ မမောင်းသေးဘူးလား…မီးပွိုင့်က စိမ်းနေပြီ··မာလကာသီး သီးနေတာ မဟုတ်ဘူး'

ထိုအခါ နံ့သာဖြူက မြန်မာလိုပဲ စကားစကို အမြန်ဖြတ်လိုက်ရသည်။

'အနောက်မှာ ဆန္ဒပြကုန်ပြီ၊ မြန်မြန်ကြည့် အစ်ကို…ဘာမြင်သလဲ'

'ညီမမျက်လုံးမှာ မျက်ချေးကပ်နေတာ မြင်တယ်'

'ဟင်··ဟုတ်လား၊ ဘယ်ဘက်မျက်လုံးမှာလဲ'

'ဟုတ်တယ်··ဘယ်ဘက်မျက်လုံးမှာ'

နံ့သာဖြူ သူမရဲ့ဘယ်ဘက်မျက်လုံးကို ပွတ်နေစဉ် မိုးမြင့်စံက ကားကို မောင်းထွက်လိုက်သည်။

မထွက်လျှင်လည်း နောက်မှကားသမားတွေက ဆဲတော့မည်။

ဒရိုင်ဘာတို့ စပယ်ယာတို့ဆိုတာ ဆဲမှ၊ အပေါက်ဆိုးမှ လူရှိသေတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

# (၉)

'ကို'

'ပြောလေ'

'ဟင့်အင်း··မပြောဘူး'

'မပြောလည်း နေပေါ့'

'ကဲကွာ'

ယုရီကိုက မိုးမြင့်စံနှာခေါင်းကို အသည်းယားပြီး ညှစ်လိုက်သဖြင့် မိုးမြင့်စံကလည်း ပြန်ညှစ်လိုက်သည်။

'အား··နာတယ်··ဖြည်းဖြည်းညှစ်'

'မရဘူးကွာ၊ မင်းတောင်မှ ကိုယ့်ကို နှာခေါင်းညှစ်သေးတာပဲ'

'ကျွန်မက နှာခေါင်းပဲ ညှစ်တာလေ··မသေနိုင်ဘူး၊ အခု ရှင်ညှစ်ထားတာ သွေးကြောတွေတောင် ပိတ်တော့မယ်'

ထိုအခါ မိုးမြင့်စံက ယုရီကိုလက်လေးကို ပြန်၍လွှတ်ပေးလိုက်ပြီး၊ ပခုံးလေးကို ညင်သာစွာဖက်ထားလိုက်သည်။

'အလကား စတာပါ ချစ်ရယ်··ကိုယ်က အသည်းယားလို့ပါ··



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေ မင်းနဲ့တွေ့တာ မကြာသေးပေမယ့် ဘာလို့လဲ မသိဘူး၊ မင်းကို တကယ်ချစ်မိသွားတယ်၊ ကိုယ့်ရဲ့အချစ်က ဘာနဲ့တူလဲ သိလား'

'ဘာနဲ့တူလဲဟင်'

'အသံမပေး ဘာမပေးနဲ့ တစ်နိုင်ငံလုံး ဝင်မွှေသွားတဲ့ နာဂစ်လိုပဲ၊ သူ လာမယ်လို့ ဘယ်သူမှမထင်ဘူး၊ လာလည်း လာရော··အကုန်လုံး ဖရိုဖရဲဖြစ်ကုန်တယ်၊ အဲဒီလိုပဲ ကိုယ့်အချစ်ကလည်း နှလုံးသားမြို့တော်ကြီးတစ်ခုလုံးကို ရုတ်တရက်ဝင်တိုက်သွားတဲ့မုန်တိုင်းလို ပြင်းထန်တယ်'

'ကျွန်မရဲ့ရင်တွေလည်း ဂျပန်မှာလှုပ်သွားတဲ့ ဆူနာမီလျှော်လို ပြင်းထန်ပါတယ် ကိုရယ်၊ ပင်လယ်ရေတွေက အမြင့်ပေ ၃၀၀လောက်အထိ တက်သွားသလို···ကျွန်မရဲ့ မေတ္တာရေတွေကလည်း ကို့အပေါ်မှာ အမြင့်ပေ ၁၅၀၀ထက် မလျော့ပါဘူး'

'စကားတတ်လိုက်တာ အချစ်ရယ်၊ ဒါဆိုရင် ကိုယ်တို့နှစ်ယောက် အချစ်ရေဘေး၊ လေဘေးဒုက္ခသည်တွေအဖြစ် တူနှစ်ကိုယ်ပေါင်းစည်းဖို့ ဂျပန်၊ မြန်မာချစ်ကြည်ရေးအနေနဲ့ လက်ထပ်ကြမယ်နော်'

'ကောင်းပါပြီ ကို၊ ဒါဆို ဂျပန်မှာရှိတဲ့ တို့ရဲ့မိဘတွေကို အင်တာနက်ကနေတစ်ဆင့် အကြောင်းကြားလိုက်တော့မယ်နော်'

'ကောင်းတာပေါ့ အချစ်ရယ်'

မိုးမြင့်စံက ယူရီကိုရဲ့နဖူးပြင်လေးကို ညင်သာစွာ ပွတ်သပ်ပေးလိုက်သည်။

အဘယ့်ကြောင့်ဆိုသော် သူမ နဖူးပေါ် ၄က်ချေးပါသွား၍ ဖြစ်သည်။

သူမကတော့ အချစ်စိတ်မွှန်နေ၍ မသိ။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံက ငှက်ချေးပေသွားသောသူ့လက်ကို ထိုင်ခုံနှင့် သုတ်လိုက်သည်။

'ဒါနဲ့ ကို၊ ကို့ကို တစ်ခုမေးရဦးမယ်'

'မေးလေ'

'ကို ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆို..အဲဒါ..ဘယ်သူလဲ'

ကောင်မလေးတစ်ယောက်နဲ့တွဲနေတယ်ဆိုကတည်းက မိုးမြင့်စံသဘောပေါက်လိုက်သည်။

ဒါ နှံ့သာဖြူကို ပြောတာပဲ။

ထို့ကြောင့် အမှန်အတိုင်းဝန်ခံလိုက်သည်။

'မတွဲပါဘူး နှံ့သာဖြူရဲ့..အဲလေ..ချစ်ရဲ့၊ ကိုယ့်မှာ တွဲစရာ တစ်ခုပဲ ရှိတာကို'

'ဟမ်..ဘာလဲ'

'ဟောဒီက ယူရီကိုဆိုတဲ့ အချစ်နဲ့လေ'

'ကို..မညာနဲ့နော်၊ ခုနလေးတင် နာမည် မှားခေါ်တယ်၊ ဘာတဲ့..တောင်နံကြီးဆိုလား'

'ဘယ်က တောင်နံကြီးရမှာလဲ...နံ့သာဖြူပါ'

'တွေ့လား..ပေါ်ပြီ..ပေါ်ပြီ'

'ဟင်..ဟုတ်လား၊ ဘယ်နားမှာပေါ်တာလဲ'

မိုးမြင့်စံက ပြောပြီး ယူရီကိုရဲ့တစ်ကိုယ်လုံးကို ဖြူးမြဲပြီး ကြည့်တော့သည်။

'ကို..ဘယ်လိုဖြစ်နေတာလဲ...ပြောင်ချော်ချော်နဲ့၊ ခုတွေ့တုန်း

www.burmeseclassic.com


က အဲဒီလိုမဟုတ်ပါဘူး၊ မျက်နှာက ကျောက်တုံးလိုပဲ··အခုမှ နည်းနည်း ပေါ့လာသလိုပဲ'

'မဟုတ်ပါဘူးကွာ၊ မိန်းမယူရတော့မှာမို့လို့ ပျော်ပြီး နောက်နေ တာပါ··ကိုယ်ပြောပြမယ်၊ နံ့သာဖြူနဲ့ကိုယ်နဲ့ စ,ဆုံတာ ဒီလို···'

မိုးမြင့်စံက ယူရီကိုကို အခန်း ၄ရဲ့ဒုတိယပိုဒ်တစ်ပိုဒ်လုံး ရှင်းပြ လိုက်လေသည်။ (ပြန်ရေးရမှာ လက်ညောင်းလို့)

'ဪ···ဒါဆိုရင် နံ့သာဖြူက ဆင်ဖြူတော်မှိုပြီး ကြံ့စုပ်တာ ပေါ့နော်'

'ဘာဖြစ်လို့လဲ ချစ်ရဲ့'

'ဟုတ်တယ်လေ··ကိုက သိန်းနဲ့ချီ အလှူပေးနေတဲ့နေရာမှာ သူ က ထောင်ဂဏန်းလောက်ဝင်ထည့်ပြီး အလှူ့ဒါယိကာမကြီး ဝင်လုပ်နေ တာကိုး'

'အဲဒီလိုတော့ မပြောပါနဲ့ကွာ၊ သူ့ခမျာ ငွေကြေးမတတ်နိုင်ပေ မယ့် စေတနာအားကြီးလွန်းလို့ ကိုနဲ့အတူ ပူးပေါင်းတာပါ။ ကိုယ့်ကြောင့် လူတစ်ယောက် ကုသိုလ်ဖြစ်ရင် ကိုယ်လည်း ကုသိုလ်ဖြစ်တာပေါ့၊ ဟုတ် ဘူးလား'

'ဟင်··ချစ်ကတော့ ကုသိုလ် မဖြစ်ချင်ပါဘူး'

'ဘာဖြစ်လို့လဲ ချစ်ရဲ့'

'လူရွှင်တော်လုပ်နေရမှာစိုးလို့လေ'

'ဟား··ဟား···ဟား···'

မိုးမြင့်စံက အားပါးတရရယ်ပြီး ယူရီကိုရဲ့ခါးလေးကို ဖက်လိုက် သည်။


www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်း မဆိုင်။

'တကယ်လို့ ကိုနဲ့တို့ လက်ထပ်ပြီးရင် ကို လျှုတဲ့နေရာတိုင်းကို လိုက်ခဲ့မယ်နော်၊ ချစ်လည်း ကိုနဲ့အတူ ကုသိုလ်ဖြစ်ချင်တာပေါ့...ဒါမှ နောင်ဘဝ နတ်ပြည်မှာ ပြန်ဆုံရမှာလေ'

'ဝမ်းသာလိုက်တာ အသည်းလေးရယ်...ကိုယ်ကလည်း အဲဒီလို စိတ်တူကိုယ်တူဇနီးမျိုး လိုချင်တာ'

'အံမယ်...ဘယ်လိုဖြစ်လို့ အသည်းလေးဖြစ်သွားရတာလဲ'

'ဪ..တစ်ချိန်ကျရင် ကိုယ့်ရဲ့အသည်းထဲမှာ နေရာယူတော့မယ့် မိန်းကလေးမို့ အသည်းလေးလို့ ခေါ်တာပေါ့'

'ဟီး..ဟီး...ဟီး'

ဟီးဟီးဟီး ဆိုသည်မှာ ယူရီကို ရယ်လိုက်သည့်အသံ မဟုတ်။ ယူရီကိုက ဟင်းဟင်းဟင်းဟု ရယ်လိုက်ခြင်းဖြစ်သည်။

ဟီးဟီးဟီး ဆိုသည်မှာ သူတို့နှစ်ယောက် စကားပြောနေသော ပန်းခြံထဲတွင် အနားယူနေသည့် မြင်းလှည်းမောင်းသမား၏ မြင်းကြီးမှ ဟီလိုက်ခြင်းဖြစ်သည်။

'ဒါနဲ့ ကို၊ ကို့ကို တစ်ခုမေးမယ်'

'မေးလေ'

'ကိုက ဘာကြောင့် လစဉ်လစဉ် ရတဲ့ဝင်ငွေထဲက လေးပုံတစ်ပုံလောက်ကို လှူပစ်နေတာလဲဟင်၊ ပိုက်ဆံတွေ ပေါလို့လား'

'မဟုတ်ပါဘူး ချစ်ရယ်၊ သံဝေဂတရားတစ်ခုရလို့ အခုလို လှူနေတာပါ'

'ဘယ်လိုသံဝေဂလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



ယူရီကိုက စိတ်ဝင်တစားမေးသည်။

'ကိုယ်တို့နိုင်ငံမှာ ဘယ်နေရာ ကြည့်ကြည့်…သူခိုးနဲ့ ကြမ်းပိုး ချည်းပဲလို့…ဘုန်းကြီးတစ်ပါး တရားဟောထားတယ်။ အဲဒီတော့ ကိုယ် လေ့လာကြည့်တယ်။ တကယ်ပဲ ကိုယ်တို့နိုင်ငံမှာ သူခိုးတွေ များသလို… သူများဆီက ဘယ်လိုအချောင်ယူရမလဲ…ဆိုတဲ့စိတ်နဲ့ အလကားရတိုင်း တောင်းတတ်တဲ့သူတွေပဲ များတယ်။ လူနည်းစုကတော့ အများအကျိုးပြု လုပ်ငန်းလုပ်တဲ့ စေတနာရှင်တွေပေါ့လေ။ စပယ်ယာတွေကြည့်လိုက်ရင် တစ်ထောင်တန်ယူပြီး ပြန်အမ်းဖို့ မေ့ချင်ယောင်ဆောင်တယ်၊ ဒါကို ကိုယ် အတွေ့အကြုံရအောင်…လိုင်းကား တစ်ခါစီးကြည့်ကတည်းက သိလိုက် တယ်။ ချောင်းဆိုးလို့ ချောင်းဆိုးပျောက်ဆေးလေး စတိုးဆိုင်က ဝယ်ပါ တယ်၊ အကြွေမအမ်းနိုင်လို့ဆိုတဲ့အကြောင်းပြချက်နဲ့ သကြားလုံးပြန်အမ်း တယ်၊ သကြားလုံးဖိုးပါ အမြတ်ယူလိုက်တာပေါ့။ နောက် ဘယ်အလုပ်ပဲ အပ်အပ်၊ လူတွေက ပိုက်ဆံရှိတဲ့လူဆို ပိုပြီးရိုက်စားလုပ်ချင်တယ်။ ကိုယ် နဲ့ထိုက်တန်တဲ့ လုပ်အားခကိုပဲ တန်ဖိုးထားတဲ့သူ မတွေ့ရတော့ဘူး။ အဲဒီ မှာ ကိုယ်စဉ်းစားလိုက်တယ်၊ ဪ…လူတွေ ဘယ်လောက်ပဲ လောဘ ကြီးကြီး၊ ဒီလောဘကြောင့် ချမ်းသာမလာတဲ့အပြင် ပိုပြီးဆုတ်ယုတ်သွား တယ်၊ ဒီတော့ ငါလည်း ဒီနေ့ကစပြီး လောဘနည်းသူဖြစ်အောင် ကြိုး စားမယ်လို့ ဆုံးဖြတ်ပြီး ကိုယ်ရတဲ့ဝင်ငွေထဲက လေးပုံတစ်ပုံကို လောဘ တရားရဲ့ဆန့်ကျင်ဘက် လှူဒါန်းခြင်းနဲ့ အစားထိုးလိုက်တာပေါ့'

ယူရီကိုက မိုးမြင့်စံ့ကို ပြုံး၍ကြည့်လိုက်ပြီး

'ကောင်းလိုက်တာ ကိုရယ်…ကို့အလှူက အဓိပ္ပာယ်ရှိလိုက်တာ ချစ်လည်း ကို့လိုစိတ်ထားမျိုးဖြစ်အောင် ဒီနေ့ကစပြီး ကြိုးစားတော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတာပေါ့ ချစ်ရယ်၊ မောင်တစ်ထမ်း မယ်တစ်ရွက်တဲ့'

'ပုလင်းတူ ဘူးဆို့ပါ ကိုရယ်'

'လောလောဆယ် ယောင်နောက်ဆံထုံးပါတဲ့အနေနဲ့ ကိုယ့်နောက်ကို လိုက်ခဲ့တော့'

'ဘယ်ကိုလဲဟင်'

'အိမ်သာထဲကို'

'ဟာ'

ယူရီကိုက ပါးစပ်လေးဟာပြီး မိုးမြင့်စံ ဗိုက်ခေါက်ကို လိမ်ဆွဲလိုက်သည်။

'ဟာ··မှားလို့ မှားလို့၊ အင်တာနက်ဆိုင်ကိုလို့ပြောတာ၊ ချစ်မိဘတွေကို လှမ်းအကြောင်းကြားလိုက်တော့မယ်လေ'

'ဒါဆိုလည်း ပြီးရော'

ဒီလိုနှင့် သူတို့ချစ်သူနှစ်ယောက် ပန်းခြံထဲမှထွက်ပြီး၊ အင်တာနက်ဆိုင်သို့ ချီတက်သွားတော့သည် ဆိုပါတော့။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

နံ့သာဖြူ သူမရဲ့ အခန်းနံရံမှာ အပြည့်ကပ်ထားသော မိုးမြင့်စံ ဓာတ်ပုံတွေကို စူးစူးနစ်နစ်စိုက်ကြည့်နေသည်။

'ကိုမိုးမြင့်စံ…ရှင့်ကို ကျွန်မ ဆုံးရှုံးရတော့မယ်‥ဘယ်လိုလုပ်ရမလဲ…မဖြစ်ဘူး၊ ကျွန်မ ဒီတိုက်ပွဲမှာ ရှုံးလို့မဖြစ်ဘူး‥ရှင့်အမေက ကျွန်မကို စိန်ခေါ်ထားတယ်၊ သူ့သားကို မရစေရဘူးတဲ့…နောက်ပြီး…ရှင်က လည်း ယူရီကိုကို ငြိနေပြီ…မဖြစ်စေရဘူး‥ကျွန်မမှာ ရှိသမျှ ဉာဏ်နီဉာဏ်နက်တွေ အကုန်ထုတ်ပြီး ဒီကိစ္စကို တော်လှန်ပစ်ရမယ်'

နံ့သာဖြူ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချပြီးနောက် အပေါ့သွားရန် အိမ်သာထဲ ဝင်သွားတော့သည်။

အိမ်သာထဲမှာ နာရီဝက်လောက် ထိုင်ပြီးသကာလ ခေါင်းထဲမှ မီးခိုးအပြင် ဓာတ်လမ်းတစ်ပုဒ်ပါ ထွက်လာလေတော့သည်။

●

ဆောင်းညပြာသို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



'သူ့နာမည်က ယူရီကို··တဲ့၊ ကိုယ်နဲ့ မကြာခင်လက်ထပ်တော့မယ့် ချစ်သူပေါ့'

မိုးမြင့်စံက ယူရီကိုနှင့်မိတ်ဆက်ပေးလိုက်ရာ နံ့သာဖြူက ပြုံး၍နှုတ်ဆက်သည်။

'တွေ့ရတာ ဝမ်းသာပါတယ် ယူရီကို၊ ရှင်က အရမ်းလှတာပဲ··အစ်ကိုကြိုက်မယ်ဆို ကြိုက်လောက်ပါတယ်'

'မင်းလည်း လှပါတယ်ကွာ၊ အဝေးက ကြည့်ရင် သဇ္ဈာနွယ်ဝင်းလိုလို ဘာလိုလိုနဲ့'

မိုးမြင့်စံက ယူရီကိုကိုလည်း နံ့သာဖြူနှင့် မိတ်ဆက်ပေးလိုက်သည်။

'သူ့နာမည်က သဇ္ဈာနွယ်ဝင်း··တဲ့၊ အဲ···ဟုတ်ပါဘူး နံ့သာဖြူတဲ့။ ကိုယ်ပြောပြောနေတဲ့ ဝိသာခါလက်သစ် စေတနာရှင်မလေးလေ'

'အစ်ကိုကလဲ၊ အဲဒီလောက် မဟုတ်ပါဘူး၊ အစ်ကိုကသာ အနာထပိဏ်လက်သစ်လို့ ပြောရမှာပါ'

'ကဲ··ကဲ··တစ်ယောက်နဲ့တစ်ယောက်မြှောက်နေကြတာနဲ့ အစားအသောက်တွေ အေးကုန်တော့မယ်၊ သောက်လိုက်ပါဦး'

ယူရီကိုရဲ့စကားကြောင့် နှစ်ယောက်သား ရယ်လိုက်ကြရင်း ဖွန်းခက်ရင်းကို ကိုင်လိုက်တော့သည်။

အဲဒီအချိန် သူတို့သုံးယောက်ကို တခြားဝိုင်းမှ ဦးထုပ်ဆောင်းထားသောလူတစ်ယောက် မမိုတ်မသုန်စိုက်ကြည့်နေသည်ကိုတော့ ဘယ်သူမှ သတိမထားမိပါချေ။

◆



www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

စတုတ္ထအလှူ

'ကိုယ်တို့ အခုသွားကြည့်မယ့်နေရာက မိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းတစ်ခုပေါ့ နဲ့သာဖြူ··သူတို့လေးတွေအတွက်··ဘာလိုအပ်သလဲဆိုတာကို စာရင်းကောက်ပြီး နောက်လကျ သွားလှူကြတာပေါ့'

'ဟုတ်···ကောင်းတာပေါ့ အစ်ကို၊ မိဘမရှိတဲ့ဘဝဟာ မနွေးထွေးနိုင်ဘူး၊ ကမ္ဘာလောကကြီးမှာ လူတိုင်းလူတိုင်း ရရှိထားတဲ့ ကိုယ့်ကိုအချစ်ဆုံးလူနှစ်ယောက်မရှိတဲ့ သူတို့ဘဝဟာ တကယ့်ကို သနားစရာပါပဲ'

'ဒါပေါ့ ညီမရယ်'

ဤကဲ့သို့ စကားပြောကောင်းနေစဉ်···လူပြတ်သောလမ်းတစ်ခုအရောက် လူတစ်ယောက် သူတို့ကားရှေ့မှာ ကန့်လန့်ဖြတ်ကြီးမှောက်နေသည်ကို တွေ့လိုက်ရသည်။

မှောက်တာမှ ပုဆိုးက ခေါင်းပေါ်ဖွစ်နေ၍ ပေါင်တုံနှစ်လုံးကမည်းပြောင်လို့။

www.burmeseclassic.com



'အို…'

နံ့သာဖြူ မကြည့်ရဲသဖြင့် မျက်စိကို စုံမှိတ်လိုက်သည်။ မိုးမြင့်စံ ကားကို ဘရိတ်အုပ်လိုက်သည်။

'ဟာ‥ဒုက္ခပဲ၊ ကားရှေ့တည့်တည့်မှာ…မူးပြီးလဲနေတယ် ထင်တယ်၊ နံ့သာဖြူ ခဏနော်'

မိုးမြင့်စံက ပြောပြီး ကားပေါ်မှဆင်းကာ ထိုလူအနားသို့ကပ်သွားလိုက်သည်။

'ဟေ့လူ‥ထ‥ထ၊ ဒါ တည်းခိုခန်းမဟုတ်ဘူး၊ လမ်းပေါ်မှာ'

အဲဒီအချိန် ဘယ်က ဘယ်လိုရောက်လာမှန်း မသိသော လူနှစ်ယောက် မိုးမြင့်စံကို ဝိုင်းလိုက်ကြသည်။

'ဟိတ်…မလှုပ်နဲ့…ငြိမ်ငြိမ်နေ၊ ကားပေါ်တက်စမ်း'

မိုးမြင့်စံ ကြောင်သွားသည်။

'ဟင်…ဘာလဲဟ၊ ငြိမ်ငြိမ်နေလည်း ပြောတယ်၊ ကားပေါ်လည်း တက်ခိုင်းတယ်၊ မင်းတို့က ဘယ်သူတွေလဲ'

'အေး…ကျုပ်တို့ ဘယ်သူတွေလဲဆိုတာ သိချင်ရင်‥ဟိုရောက်တော့ ပြောပြမယ်၊ အခုလောလောဆယ် ကားပေါ်တက်'

ပြောပြီး ထိုလူက အိတ်ထဲမှာ အသင့်ဆောင်လာသော ဓားမြှောင်ကိုထုတ်လိုက်သည်။

BURMESE CLASSIC .com

ခုန ပုဆိုးကျွတ်ပြီး လဲနေတဲ့သူလည်း ပြန်ထလာသည်။

မိုးမြင့်စံ အခုမှသဘောပေါက်သွားသည်။ ဒါ မြန်မာဗီဒီယိုကားတွေမှာ လုပ်နေကျ ဓားပြတိုက်နည်းပဲ။

'ဟင်…မင်း…မင်းတို့ ဓားပြတွေလား'



www.burmeseclassic.com

www.burmeseclassic.com



'လှျာရှည်လိုက်တာ မြန်မြန်တက်၊ အချိန်နောက်ကျသွားရင် အစီ အစဉ်တွေလွဲကုန်ဦးမယ်'

ခါးကို ဓားသွားဖြင့် ထောက်လာပြီဆိုတော့လည်း မိုးမြင့်စံ ကား ပေါ်ကို တုန်တုန်ရီရီဖြင့် တက်သွားရတော့သည်။

နံ့သာဖြူလည်း ကြောက်လန့်နေသောအမူအယာဖြင့်။

'ကျုပ်ပြောတဲ့နေရာကိုမောင်း'

'ရဲစခန်းကိုလား'

'နင့်မေကြီးတော်၊ ရဲစခန်းမောင်းမှတော့ ကိုယ့်သေတွင်း ကိုယ် တူးသလိုဖြစ်သွားမှာပေါ့..ကျုပ် လမ်းညွှန်ပေးမယ်၊ မောင်းမှာသာ မောင်း'

မိုးမြင့်စံက အားမတန်သဖြင့် မာန်လျှော့ပြီး လူဆိုး သုံးကောင် လမ်းညွှန်သည့်အတိုင်း ကြောက်ကြောက်လန့်လန့်ဖြင့် မောင်းသွားရတော့ သည်။

ဒီလိုနှင့် လူမနေသူမနေသော တိုက်အိမ်အပျက်ကြီး တစ်ခုထဲသို့ ရောက်သွားကြတော့သည်။

မိုးမြင့်စံကိုတော့ လက်ပြန်ကြိုးတုပ်လျက်သား။

'ဟေ့ကောင်တွေ..မင်းတို့ ဒါဘာလုပ်တာလဲ၊ ငါ့ကို ပြန်ပေးဆွဲ လာတာလား'

'ဟင်း...ဟင်း...ဟင်း...ခင်ဗျားက သဒ္ဒါတရား သိပ်ကောင်း တယ်ဆိုတာ ကျုပ် သိပါတယ်၊ အခု ဒီကိုခေါ်လာတာ...ပြန်ပေးဆွဲမလို့ မဟုတ်ဘူး၊ ခင်ဗျားဆီက သွေးအလှူခံချင်လို့'

မိုးမြင့်စံ သက်ပြင်းကို ဆောင့်ချလိုက်သည်။

'ဟင်း...ဒါများကွာ၊ စောစောက ပြောရောပေါ့...ဒီလိုပုံစံနဲ့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုပါဘူး···လူနာရှင် လိုအပ်နေတာ ဘာသွေးလဲ···ငါကတော့ ဘီသွေး'

'ကျွန်မက အေသွေးပါရှင်'

နံ့သာဖြူကလည်း ဝင်၍ပြောသည်။

'တိတ်စမ်း··ခင်ဗျားဆီက သွေးအလှူခံမယ်ဆိုတာ··ဆေးရုံမှာလို အပ်နဲ့ဖောက်ပြီး အလှူခံမှာမဟုတ်ဘူး၊ ဓားနဲ့ထိုးပြီး အလှူခံမယ်လို့ ပြောတာ'

မိုးမြင့်စံ မျက်နှာပျက်သွားသည်။

'ဟင်···ဒါ ဘာသဘောလဲ၊ မင်းတို့နဲ့ငါ ဘာရန်ငြိုးရှိလို့လဲ'

'အေး···ဘာရန်ငြိုးရှိလို့လဲ ဟုတ်လား၊ ခင်ဗျားအမေက တစ်ချိန်က ကျုပ်ညီမလေးကို သူ့ချွေးမအဖြစ် သဘောမတူနိုင်ဘူးလို့ ငြင်းလိုက်လို့ ကျုပ်ညီမလေးခမျာ ရှက်ပြီး ရပ်ကွက်ထဲက ဝက်သားတုတ်ထိုးသည်နဲ့ လိုက်ပြေးသွားတယ်၊ အခု အဲဒီကောင်က နားရွက်ပြာရောဂါ ရနေတဲ့ ဝက်တွေ ပေါ်ရောင်းလို့ ထောင်ကျသွားပြီ၊ ကျုပ်ညီမလေးခမျာ ဒုနဲ့မျက်ရည်သုတ်နေရပြီ···အဲဒီအကြွေးကို ခင်ဗျားဆီမှာ လာပြန်တောင်းတာပဲ'

'အဓိပ္ပာယ်မရှိတာကွာ··အဲဒါ ငါနဲ့ဘာဆိုင်လဲ···ငါ့ကို လာကမ်းလှမ်းတဲ့မိန်းမတွေကို ငါတောင် မမြင်ဖူးဘူး၊ အမေကချည်း ငြင်းလွှတ်တာ'

'အဲဒါတွေ လာမပြောနဲ့ဗျာ···မသိချင်ဘူး၊ အခု ကျုပ်ညီမလေး မတော်တရော်လူနဲ့ဖြစ်ရသလို ခင်ဗျားကိုလည်း ပြန်ကလဲ့စားချေမယ်··ဒါပေမယ့် ခင်ဗျားမှာ ညီမ မရှိတဲ့အတွက် ခင်ဗျားရဲ့အသက်ကို အလျော်ပေးပေတော့'



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက တကယ်လုပ်မည့်ပုံမို့ မိုးမြင့်စံ တုန်လှုပ်သွားသည်။

'ညီလေး..မင်း စိတ်ကောင်းကောင်းထားပါကွာ..တကယ်တော့ ဖူးစာဆိုတာ သတ်မှတ်ပြီးသားပါ၊ ဝေဟာ အာဒမ်ရဲ့နံရိုးတစ်ချောင်းလို့ သတ်မှတ်ထားရသလို၊ မင်းညီမဟာလည်း ဝက်သားတုတ်ထိုးသည်ရဲ့နံရိုး တစ်ချောင်းလို့ပဲ သဘောထားလိုက်ပါ'

'ဘာ...ကျုပ်ညီမက ဝက်သားတုတ်ထိုးသည်ရဲ့နံရိုး..ဟုတ်လား'

'တောင်းပန်ပါတယ်ရှင်...ဒေါသ ရှေ့ထား မှားပါလိမ့်မယ်... ဒေါသကြီးသူ ခွေးနဲ့တူသတဲ့'

'ဘာကွ'

နံ့သာဖြူ၏စကားကြောင့် လူဆိုးခများ ဒေါသမီးတွေ ပိုကြီးသွားသည်။

'မှားသွားလို့ပါရှင်..စိတ်မရှိပါနဲ့၊ လောဘ၊ ဒေါသ၊ မောဟဆိုတာ..အကုသိုလ်အလုပ်တွေပါ'

'ငါ့ကို တရားလာချနေတာလား...ငါ တရားနာနေတာ မဟုတ်ဘူး၊ အကြမ်းဖက်နေတာ'

'စိတ်လျှော့လိုက်ပါ ညီလေးရာ...စိတ္တေန နိရတေလောကော တဲ့...လောကကြီးကို စိတ်က ဆောင်ပါတယ်။ အဲဒီစိတ်ကို အသန့်ရှင်း ဆုံးထားမှ ညီလေး ငြိမ်းချမ်းမှာပေါ့'

ဟုတ်လား မဟုတ်လား မသိ။ မိုးမြင့်စံ ပါဠိလို သူထင်ရာမှန်း ပြီး ပြောလိုက်ရာ သကောင့်သားခများ ပိုပြီး ဆိုးလာသည်။

'လာပြန်ပြီ တစ်ယောက်၊ ကျုပ်ကို ဘုန်းကြီးဝတ်ချင်စိတ်ပေါက် အောင် မလုပ်နဲ့နော်...ကျုပ်က ခင်ဗျားကိုသတ်ရမှ ကျေနပ်မှာ'



www.burmeseclassic.com

www.burmeseclassic.com



ဒီအရှုံးနဲ့တော့ ဒုက္ခ။

သူထင်ရာ သူ စွတ်လုပ်မည့်ပုံမို့ မိုးမြင့်စံနှင့်နဲ့သာဖြူ အတတ်နိုင်ဆုံး သူစိတ်ပြောင်းလဲသွားစေရန် တရားချနေရသည်။

'ဘာဖြစ်လို့ လမ်းမှားလိုက်ချင်ရတာလဲရှင်၊ သဗ္ဗေသတ္တာ ကမ္မသကာ···တဲ့၊ ရှင့်ညီမလေးမှာ ဒီလိုဖြစ်ဖို့ အကြောင်းပါလာတယ်လို့ပဲ·· မှတ်လိုက်ပါ၊ သူ့ကိုသတ်ပြီး ထောင်ထဲဝင်မယ့်အစား စိတ်ကို တရားနဲ့ဖြေပြီး သာသနာ့ဘောင်ထဲဝင်လိုက်ရင် မကောင်းဘူးလားရှင်၊ အဲဒီအခါကျရင် ကျွန်မတို့နှစ်ယောက် ရှင့်အတွက် ဆွမ်း၊ သင်္ကန်း၊ကျောင်း၊ ဆေးမပူစေရဘဲ ပစ္စည်းလေးပါးဒါယကာအဖြစ် တာဝန်ယူပေးပါ့မယ်'

'ဟုတ်ပါတယ်ကွာ'

'တော်စမ်း···တော်စမ်း··နှစ်ယောက်စလုံး အပေါက်တွေ ပိတ်ထားလိုက်တော့၊ ကြာရင် ငါစိတ်ပြောင်းမိတော့မယ်··ဟာ··ကြာပါတယ်ကွာ'

ပြောပြီး မိုးမြင့်စံကို ဓားဖြင့် ထိုးရန် ရွယ်လိုက်စဉ်···

'ဟိတ်···အားလုံး ရပ်ကြစမ်း'

လူဆိုးသုံးကောင် ငါးရုံ့ပြာလူးဖြစ်ကုန်သည်။

'ဟာ···ဒုက္ခပဲ၊ ရဲတွေထင်တယ်၊ ငါတို့ ဒီလောက် ပိပိရိရိလုပ်တာကို ဘယ်သူဖော်ကောင်လုပ်လိုက်တာလဲ'

'ဆရာ··ကျွန်တော်တို့တော့ သွားပြီထင်တယ်'

'ကယ်ပါဦး ဆရာ'

သူ့တပည့်နှစ်ယောက်လည်း ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါရုပ်လို့ပြောနေတယ်နော်··မင်းတို့ မရုပ်ဘူးလား'

လူဆိုးသုံးကောင် ခေါင်းမီးတောက်သွားကြသည်။

'ဆရာ···အပြင်ထွက်ပြီး အဖမ်းခံလိုက်ရင် ကောင်းမလား'

'ကောင်းသားပဲ'

အသံက ထပ်ထွက်လာပြန်သည်။

'မင်းတို့ မရုပ်ဘူးဆိုရင် ငါရုပ်ပြီနော်···ပလပ်··ပလပ်··ပလပ်၊ ဟောဒီက ရွှေတောင်ကြီးလျက်ဆား'

လူဆိုးသုံးကောင် ကြောင်သွားသည်။

'ဟမ်···ဘာလဲဟ'

နောက်မှ တရားခံက မိုးမြင့်စံဘောင်းဘီအိတ်ထဲမှ ဖုန်းသံ ဖြစ်ကြောင်း သိလိုက်ရသည်။

'ဖုန်း··ဖုန်း၊ ဘောင်းဘီအိတ်ထဲမှာ ဖုန်းလာနေတယ်'

လူဆိုးသုံးကောင် အခံရခက်ကုန်သည်။

'တောက်··ငါက တကယ့်ရဲတွေထင်လို့···ဖုန်းထဲမှာများ လျက်ဆားကြော်ငြာထည့်ထားရတယ်လို့၊ ဟေ့လူ··အဲဒီဖုန်းကို လုံးဝမကိုင်နဲ့နော်'

'မင်းတို့ ငါ့ကို လက်ပြန်ကြိုးတုပ်ထားတာ၊ ဘယ်လို ကိုင်လို့ရမှာလဲ'

'အင်း···ဟုတ်သားပဲ၊ ဟေ့ကောင်တွေ···သူ့အိတ်ထဲက ဖုန်းကို ထုတ်ပြီး တစ်နေရာမှာ ထားထားလိုက်'

'ဟုတ်'

လူဆိုးနှစ်ကောင်က မိုးမြင့်စံအိတ်ထဲမှဖုန်းကို ယူ၍ပြီး တစ်နေရာမှာ ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် -

'ကဲ...အချိန်ဆွဲရင် ဘောလုံးသမား ထင်မယ်၊ အဲဒီတော့ နဝိုလီယံလို မဖြစ်ရလေအောင် လုပ်ငန်းစပြီ၊ အင်္ဂလိမာလသုတ်သာ ရွတ်ထားပေတော့'

ပြောပြီး ဓားကို မိုးပေါ်သို့မြှောက်လိုက်စဉ်

'နေဦး'

နံ့သာဖြူ လက်လှမ်းတား၍ လူဆိုးခများ လက်တန့်သွားသည်။

'ဘာလဲ..ပြီးရင် နင့်အလှည့်လာမယ်၊ ခဏနေဦး'

နံ့သာဖြူ ထိုလူဆိုးအနား ပြေးသွားပြီး ဘာမပြောညာမပြောနှင့် ဒူးထောက်ထိုင်ချကာ လက်အုပ်ချီလိုက်သည်။

'တောင်းပန်ပါတယ်ရှင်...အစ်ကို့ကို မသတ်ပါနဲ့နော်...ကျွန်မ တောင်းပန်ပါတယ်'

မိုးမြင့်စံ နံ့သာဖြူရဲ့ငိုမဲ့မဲ့မျက်နှာလေးကို သနားကရုဏာသက်စွာ ကြည့်လိုက်သည်။

'အစ်ကို့ကို မသတ်ပါနဲ့ရှင်၊ တကယ်လို့ အစ်ကိုသာ သေသွားရင် ကျွန်မဘဝလည်း ဘာမှအဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး'

နံ့သာဖြူရဲ့စကားကြောင့် မိုးမြင့်စံမျက်ဝန်းတွေ အရောင်ပြောင်းလဲသွားသည်။

'မင်း ပြောတိုင်း ငါက လွှတ်ပေးရမှာလားကွ...ငါ့ညီမအတွက် သူ့ကို တစ်ခုခုတုန့်ပြန်မှဖြစ်မယ်'

'အစ်ကိုရယ်...အဲဒါ ဆိုလည်း...ကျွန်မကိုသာ သတ်သွားပါတော့'



www.burmeseclassic.com

www.burmeseclassic.com



'နေစမ်းပါဦး…မင်းက ဘာဖြစ်လို့ သူ့အတွက် ဒီလောက်တော
စိုးရိမ်နေတာလဲ…သူယူမယ့်မိန်းမမို့လို့လား'

လူဆိုး၏စကားကြောင့် နံ့သာဖြူ မိုးမြင့်စံမျက်နှာကို ကြည့်လိုက်
သည်။

မိုးမြင့်စံကလည်း နံ့သာဖြူကို မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေ
သည်။

'ဟုတ်ပါတယ်ရှင်‥ကျွန်မက သူနဲ့လက်ထပ်မယ့် မိန်းကလေးပါ
ရှင်တို့ ကလဲ့စားချေချင်တယ်ဆိုရင်‥ကျွန်မကိုသာ တစ်ခုခုလုပ်သွားပါ
တော့'

မိုးမြင့်စံ မျက်လုံးပြူးသွားသည်။

'ဟာ…တိုင်းယက်သည့် ပဏ္ဍလာ၊ မိုးရွာတာနှင့် အခန့်သင့်ပါ
လား…သူ့မှာ ညီမ မရှိလို့ ကလဲ့စားချေစရာလူ မရှိဘူး အောက်မေ့ပါ
တယ်၊ သူယူမယ့်မိန်းမရှိတယ်ဆိုတော့ အဆင်ပြေသွားပြီ'

'ဟာ‥ဟေ့ကောင်၊ မင်း…သူ့ကို ဘာမှမလုပ်နဲ့နော်'

မိုးမြင့်စံ အလန့်တကြားဖြင့် ဓားသမားကိုအော်သည်။

'ဟား‥ဟား…စိတ်ချပါ၊ ဘာမှမလုပ်ပါဘူး၊ ငါ့ညီမ ဝက်သား
တုတ်ထိုးသည်နဲ့ညားသလို၊ နင်လည်း ဖဲသမားနဲ့ညားရမယ်'

'ရှင်…ဖဲသမားနဲ့၊ ဘယ်သူလဲဟင်'

'ငါပဲ'

ဓားသမားက နံ့သာဖြူမေးစေ့ကို သူ့ရဲ့ဓားဦးချွန်ဖြင့် အသာလေး
မ,ပေးလိုက်ရင်း

'မင်းမျက်နှာလေးက မဆိုးပါဘူး…ငါ့အတွက် အပျင်းပြေကစား



www.burmeseclassic.com

www.burmeseclassic.com



ပွဲတစ်ခုပေါ့…ငါ့ညီမအတွက် မင်းကိုပဲ ကလဲ့စားချေရမယ်၊ မိုးမြင့်စံယူ မယ့်မိန်းမဟာ ဖဲသမားနဲ့ဖြစ်ထားတဲ့ အပျိုရည်ပျက်မိန်းမဖြစ်ရမယ်‥ဟား …ဟား…ဟား….'

'ဟော့ကောင်၊ မင်း မမိုက်ရိုင်းနဲ့နော်၊ ဒီကိစ္စ သူနဲ့ဘာမှမဆိုင်ဘူး၊ ငါနဲ့ပဲ ရှင်း၊ မင်း…သူ့ကို ထိရင်၊ ငါ မင်းကို လုံးဝခွင့်မလွှတ်ဘူး'

မိုးမြင့်စံ အတင်းကုန်းရုန်းအော်နေ၍ ဘေးနားမှ လူဆိုးနှစ်ယောက်က ဘေးတစ်ဖက်စီဝင်၍ချုပ်ထားသည်။

'ကဲ‥ကဲ‥ကြာတယ်ကွာ၊ ငါတစ်ခွန်းတည်းပဲ မေးမယ်၊ မိုးမြင့်စံရဲ့အသက်နဲ့မင်းရဲ့အရှက် ငါ ဘယ်ဟာယူရမလဲ'

နံ့သာဖြူ အံကိုကြိတ်လိုက်ပြီး

'တကယ်လို့ ကျွန်မရဲ့ အရှက်နဲ့ သိက္ခာကို ယူပြီးပြီဆိုရင်…ရှင် ကိုမိုးမြင့်စံကို လွှတ်ပေးမှာလား'

'လွှတ်ပေးမှာပေါ့၊ ငါက ဖဲသမား ဆိုပေမယ့်…ကတိသစ္စာရှိပါ တယ်။ ဘယ်တော့မှ ဂျိုကာတစ်ကောင်ကလွဲပြီး ဖဲခိုးမရိုက်ဘူး၊ မင်းနဲ့ ကလဲ့စားချေပြီးပြီဆိုရင် ငါကျေနပ်ပြီ၊ ငါလိုချင်တာက မိုးမြင့်စံရဲ့သိက္ခာ ပဲ'

မိုးမြင့်စံ နံ့သာဖြူမျက်နှာကို စိုးရိမ်တကြီးကြည့်ပြီး အော်သည်။

'နံ့သာဖြူ…မင်း မလုပ်ရဘူးနော်၊ ဒီကိစ္စ မင်းနဲ့ဘာမှမဆိုင်ဘူး'

နံ့သာဖြူ မိုးမြင့်စံရဲ့ အကြည့်တွေကို မျက်နှာလွှဲဖယ်လိုက်ရင်း တစ်လုံးချင်းပြောသည်။

'ကျွန်မ ရှင်နဲ့အတူ ကလဲ့စားချေမယ်'

'နံ့သာဖြူ မင်း ရူးနေလား'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံ အော်လိုက်သော်လည်း နံ့သာဖြူက ခေါင်းကိုငုံ့၍ အံကိုကြိတ်ထားသည်။

ဘေးသမားက နံ့သာဖြူကိုဆွဲထူလိုက်ပြီး

'ကဲ...ဒါဆိုလာ၊ အချိန်ရှိတုန်း ငါတို့နှစ်ယောက် အခန်းထဲမှာ ကလဲ့စားသွားချေကြတာပေါ့'

နံ့သာဖြူ ထိုလူရဲ့ဆွဲခေါ်ရာနောက်ကို ပါသွားတော့သည်။

'ဟေ့ကောင်...မင်း သူ့ကိုလွှတ်စမ်း၊ မထိနဲ့နော်..ခွေးကျင့်ခွေးကြံ မကြံနဲ့၊ သူနဲ့ငါ ဘာမှမဆိုင်ဘူး'

မိုးမြင့်စံက နံ့သာဖြူနောက် ပြေးလိုက်ရန် ပြင်ရာ ဘေးနားမှ သကောင့်သားက အနားရှိ နှစ်တစ်လက်မနှင့်ဆော်လိုက်တော့သည်။

'နံ့သာဖြူ'

'ရှေ့ကွာ...နားငြီးတယ်'

'ခွပ်'

'အ'

လောကကြီးတစ်ခုလုံး မှောင်မိုက်ခြင်းအတိ။

◆



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

'အား...ကျွတ်...ကျွတ်'

မူးဝေနေသောခေါင်းကို လက်ဖြင့် ဖိ၍ အားယူပြီး ထ,လိုက်စဉ် အရင်ဆုံး မြင်လိုက်ရတာက သူ့ဘေးမှာ ဒူးနှစ်ချောင်းထဲ မျက်နှာအပ်၍ ငိုနေသည့် နံ့သာဖြူ။

'အဟင့်...ဟင့်'

'နံ့သာဖြူ'

မိုးမြင့်စံ စိုးရိမ်ကြီးစွာဖြင့် နံ့သာဖြူဆီ ပြေးသွားပြီး ပခုံးကိုကိုင်လှုပ်၍မေးသည်။

'နံ့သာဖြူ ဟို...ဟိုလူတွေရော'

နံ့သာဖြူက မျက်ရည်လည်ရွဲဖြင့် ခေါင်းမော့ကြည့်ပြီး

'သူတို့...မရှိတော့ဘူး၊ သွားပြီ'

'ဟာ...ဒါ...ဒါဆို'

မိုးမြင့်စံရင်ထဲ ဒိန်းကနဲဆောင့်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…မိုက်လိုက်တာ နံ့သာဖြူရယ်…မင်း ဘာလို့ ဒီလိုလုပ်ရတာလဲ၊ မင်းမှာ ဦးနှောက်ကော ရှိသေးရဲ့လား'

နံ့သာဖြူက ခေါင်းကိုခါ၍ ပြောသည်။

'မဟုတ်ဘူး အစ်ကို၊ ကျွန်မ အစ်ကို့အတွက် အခုလို ရင်းလိုက်တာ၊ မဟုတ်ရင် အစ်ကို့ကို သူတို့က သတ်မှာပေါ့'

'နံ့သာဖြူရယ်··အဲဒါ မင်းနဲ့ဘာဆိုင်လဲ၊ ငါ့ဘာသာငါ သေသေ၊ မသေသေ··မိန်းကလေးတစ်ယောက်ရဲ့အဖိုးစင်ဘဝကို ရင်းပြီး ငါ့ကိုကယ်ရတဲ့အထိလုပ်ရအောင် မင်း ရူးနေသလားဟင်'

မိုးမြင့်စံ အသံတွေ တုန်လာပြီး ကရုဏာဒေါသသံတွေ ပါလာသည်။

'ဟုတ်တယ်…အစ်ကို၊ ကျွန်မ ရူးနေတာ ကြာပြီ၊ အဲဒါ အစ်ကို့ကို စ,မြင်လိုက်ကတည်းက ဆိုပါတော့…ကျွန်မချစ်တဲ့ အစ်ကို့အတွက် ဘာမဆိုရင်းရဲပါတယ် အစ်ကိုရယ်…အဟင့်'

မိုးမြင့်စံရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရသည်။

လက်စသတ်တော့ ဒီကောင်မလေးက သူ့ကို တိတ်တခိုးချစ်နေခဲ့တာတဲ့။

'အစ်ကိုသာ သေသွားရင်··ကျွန်မ ဘယ်လိုမှဆက်ပြီး အသက်ရှင်နိုင်မှာမဟုတ်ဘူး၊ ကျွန်မ…ကျွန်မ အစ်ကို့ကိုချစ်တယ်'

မိုးမြင့်စံ ဘယ်လိုမှမခံစားနိုင်တော့။ နံ့သာဖြူကို သနားကရုဏာသက်စွာ ရင်ခွင်ထဲမှာထည့်ဖက်ထားလိုက်သည်။

တစ်ခါမှမကျဖူးသော မျက်ရည်တွေလည်း သူ့မျက်ဝန်းမှာ တွဲခိုလို့…။



www.burmeseclassic.com

www.burmeseclassic.com



'နံ့သာဖြူရယ်၊ မင်းက သိပ်ကိုဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ ဘဝတစ်ခုလုံးနဲ့ရင်းပြီး ကိုယ့်ကိုချစ်ရလောက်အောင် တန်ရဲ့လားကွာ၊ တကယ်ဆို ကိုယ့်မှာ လက်ထပ်ရမယ့်မိန်းကလေးရှိတယ်ဆိုတာ မင်းသိရဲ့သားနဲ့'

'အချစ်ဆိုတာ ပိုင်ဆိုင်ရမှမဟုတ်ပါဘူး အစ်ကိုရယ်၊ ကိုယ်ချစ်တဲ့သူအတွက် ပေးဆပ်ရဲတာလည်း အချစ်ပါပဲ၊ ကျွန်မရဲ့အချစ်က အစ်ကို့အတွက် အနင်းခံမြက်ပင်လေးတစ်ပင်ဆိုရင်တောင် ကျေနပ်စွာနဲ့လမ်းခင်းပေးမယ့်သူပါ'

မိုးမြင့်စံ နံ့သာဖြူကို အပြစ်တင်ရန် အင်အားမရှိတော့။

သူ့အတွက် ကောင်မလေးက အနင်းခံဘဝရောက်သွားရှာပြီ။

'အခု ဘယ်လိုလုပ်ကြမလဲ နံ့သာဖြူ၊ မင်းရဲ့ဘဝမှာ ဖျက်မရတဲ့အမည်းစက်ထင်သွားပြီ၊ ငါ ဒီကိစ္စကို လုံးဝမကျေနပ်ဘူး၊ ဒီကောင်တွေကို စုံစမ်းပြီး ထောင်ချပစ်မယ်'

'စိတ်လျှော့လိုက်ပါ အစ်ကိုရယ်၊ နာမည်ရော··လိပ်စာရော···ဘာမှမသိတဲ့လူတစ်ယောက်ကို မျက်နှာမြင်ဖူးရုံနဲ့ဘယ်လိုရှာမှာလဲ···မေ့လိုက်ပါတော့'

'မေ့လို့တော့ မရဘူး နံ့သာဖြူ၊ ကိုယ့်အတွက်နဲ့ မင်းက ဘဝတစ်ခုလုံးရင်းခဲ့တယ်၊ ကိုယ်··မင်းကို ဘယ်လိုပြန်ပြီးပေးဆပ်မှကျေနိုင်မှာလဲ'

'ကျွန်မဘဝနဲ့ကျွန်မ ရှိပါစေတော့ အစ်ကိုရယ်၊ အစ်ကို့ရင်ထဲမှာ အစ်ကို့ကိုချစ်နေတဲ့ နံ့သာဖြူဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိခဲ့ဖူးတယ်ဆိုတာကို မှတ်မှတ်ရရသိမ်းထားပေးရင် ကျေနပ်ပါပြီ'

'နံ့သာဖြူရယ်····'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံရင်ထဲမှာ စူးစူးနစ်နစ်ခံစားလိုက်ရသည်။

ထို့နောက် သူမရဲ့အငိုမျက်နှာလေးကိုကြည့်ပြီး ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာ ချလိုက်သည်။

'နံ့သာဖြူ…ကိုယ် မင်းကိုလက်ထပ်မယ်'

'အို…'

နံ့သာဖြူမျက်လုံးလေး ပိုင်းစက်သွားသည်။ ထို့နောက် ခေါင်းကို ခါယမ်းပြီး -

'မဖြစ်ဘူး အစ်ကို…မဖြစ်ဘူး၊ အစ်ကို ယုရီကိုနဲ့ လက်ထပ်ဖို့ အားလုံးစီစဉ်ပြီးပြီမဟုတ်လား၊ ပြီးတော့ ကျွန်မရဲ့အကြွေပန်းဘဝနဲ့ အစ်ကို့လို ရွှေနှန်းစံဘဝ မထိုက်တန်ပါဘူး'

'အမိပွာယ်မရှိတာ နံ့သာဖြူ…မင်း‥အခုလိုဖြစ်တာ ဘယ်သူ့ကြောင့်လဲ၊ ယုရီကိုကို ငြင်းလိုက်ရင် မျက်နှာပျက်ရုံကလွဲပြီး ဘာမှမဖြစ်ဘူး၊ မင်းကိုသာ လက်ထပ်မယူရင် တစ်သက်လုံး ငါ နောင်တရလို့ဆုံးမှာ မဟုတ်ဘူး'

'ညီမဘဝကို စောင့်ရှောက်ချင်ရုံသက်သက်နဲ့တော့ လက်မထပ်ချင်ပါနဲ့ အစ်ကိုရယ်‥ခရေပန်းဆိုတာ အကြွေပန်းဘဝနဲ့ပဲ ထိုက်တန်ပါတယ်၊ မြင့်မြတ်တဲ့ကေသာထက်မှာ ဆင်မြန်းဖို့တော့ မထိုက်တန်ပါဘူး အစ်ကိုရယ်'

'မပြောနဲ့တော့ နံ့သာဖြူ…ကိုယ့်ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူး၊ ခရေပန်း ဆိုပေမယ့်လည်း မင်းဘဝလေးကို အခုက စပြီး ရွှေနှန်းထိုက်စေရမယ်လို့ ကိုယ် ကတိပေးတယ်'

'ဒါ‥ဒါပေမယ့် ညီမ‥အစ်ကို့အမေကို ကြောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအတွက် မပူပါနဲ့၊ ကိုယ် အမေ့ကို နားလည်အောင်ရှင်းပြမယ်၊ အမေဟာ အပေါ်ယံမာနကြီးပေမယ့် ဖြူစင်တဲ့နှလုံးသားရှိပါတယ်၊ ဒီနေ့က စပြီး ကိုယ့်ရဲ့သတို့သမီးဟာ မင်းပဲ ဖြစ်စေရမယ် နံ့သာဖြူ'

နံ့သာဖြူ မျက်ရည်ကြားမှ မိုးမြင့်စံကိုကြည့်ပြီး သူ့ရင်ခွင်ထဲမှာ ခေါင်းလေးငုံ့၍ မျက်နှာအပ်ထားလိုက်တော့သည်။

နှုတ်ခမ်းပါးလေးကတော့ သူ မမြင်အောင် ပြုံးလို့။

●

'ဘာ...မင်္ဂလာပွဲကို ဖျက်သိမ်းမယ်...ဟုတ်လား၊ ကိုမိုးမြင့်စံ'

'ခွင့်လွှတ်ပါ ယုရီကို၊ ကိုယ်...မင်းကို လက်မထပ်နိုင်တော့ဘူး၊ မင်းလို ဂျပန်သွေးနည်းနည်းရောပါနေတဲ့ မိန်းကလေးကို လက်ထပ်မယ့်အစား...ကိုယ်..မြန်မာမလေးကိုပဲ လက်ထပ်တော့မယ်'

'ရှင်...ဒါဘာသဘောလဲ မိုးမြင့်စံ၊ ကျွန်မမိဘတွေလည်း မနက်ဖြန်ဆိုရင် မြန်မာပြည်ကို ရောက်တော့မယ်...အားလုံး စီစဉ်ပြီးမှ ရှင်က ဒီလိုစကားမျိုးပြောတယ်ဆိုတော့ ကျွန်မကို အရှက်ခွဲတာလား'

'ထင်ချင်သလို ထင်ပါတော့ ယုရီကို၊ ကိုယ်တောင်းပန်ပါတယ်၊ မင်းမိဘတွေကိုလည်း တောင်းပန်ပါတယ်၊ ရုတ်တရက်ဆုံးဖြတ်လိုက်ရတဲ့ အခြေအနေမို့ ကိုယ့်ကိုခွင့်လွှတ်ပေးပါ'

'နေစမ်းပါဦး...ရှင် စိတ်ပြောင်းသွားတာ နံ့သာဖြူကြောင့်မဟုတ်ရဲ့လား'

'ကိုယ်...မငြင်းချင်တော့ပါဘူး ယုရီကို'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း…ဘယ်ငြင်းမလဲ၊ မနေ့က ဖုန်းဆက်တော့ ဖုန်းကို ပိတ်လိုက်တယ်လေ၊ ဘယ်လောက်တောင် မိုးမမြင်လေမမြင်ဖြစ်နေလဲ မသိဘူး၊ အဲဒါကြောင့် ဒီမိန်းမကိုကြည့်ရတာ ရှင့်ကိုကြွေနေပုံပဲလို့ထင်တော့ ထင်သား၊ ဘယ်လောက်တောင် ဘာတွေကျွေးပြီး ငါယူမယ့်ယောက်ျားကို အပိုင်စည်းရုံးလိုက်လဲ မသိဘူး'

'သူ့ကို အပြစ်မတင်ပါနဲ့ ယူရီကို၊ အိုးချင်းထား အိုးချင်းထိတယ်လို့ပဲ မှတ်လိုက်ပါ'

'ကောင်းပြီလေ၊ ဒါဆိုလည်း ကျွန်မလက်ဝါးနဲ့ရှင့်ပါး ထိပြီမှတ်လိုက်တော့'

ပြောပြီး ယူရီကိုက မိုးမြင့်စံရဲ့ဘယ်ဘက်ပါးကို ဂျပန်ပါးရိုက်နည်းနဲ့ အားကုန်လွှဲရိုက်ချလိုက်သည်။

'ဖြန်း'

မိုးမြင့်စံ တော်တော်ထူပူသွားသည်။

'မှတ်ထား…အဲဒါ သစ္စာမရှိတဲ့ ရှင့်အတွက် လက်ဆောင်၊ ကျွန်မဂျပန်မပြန်ခင် နောက်ဆုံးနှုတ်ဆက်ခဲ့တာပဲ၊ ဆာရောနာရ'

ယူရီကိုက ပြောပြီး မျက်ရည်အဝဲသားနှင့် ပြေးထွက်သွားတော့သည်။

'ခွင့်လွှတ်ပါတော့ ယူရီကိုရယ်..ကိုယ့်မှာ ရွေးစရာလမ်းမရှိလို့ပါ'

◆



www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

'ဖြစ်…ဖြစ်ပါ့မလား အစ်ကို'

'ဖြစ်ပါတယ် နံ့သာဖြူရဲ့…အမေ အိမ်ထဲမှာ စောင့်နေတယ်…လာ'

မိုးမြင့်စံ အတင်းဆွဲခေါ်၍သာ လာရသည်။ နံ့သာဖြူ မဝံ့ရဲ။ တစ်ခါဆုံဖူးထား၍ ဒေါ်ဣန္ဒြာမိုးမြင့်ရဲ့အကြောင်းကို သိနေတော့ ရင်တွေ တဒုတ်ဒုတ်နှင့်။

သို့သော်…ညှော်ဓာန်းထဲကဲ့ ဝင်ဝင်ချင်း အပြုံးနှင့် ဆီးကြိုနေသော ဒေါ်ဣန္ဒြာမိုးမြင့်ရဲ့ဆည်းလည်းသံချိုကြောင့် အထင်နဲ့အမြင် တခြားစီဖြစ်ထုန်သည်။

'ဟော..သမီးလေးတောင် ရောက်လာပြီ၊ ဒီကိုလာ..သမီး'

အိပ်မက်များ မက်နေတာလားဟုတွေးရင်း ဒေါ်ဣန္ဒြာမိုးမြင့် ဖိတ်ခေါ်ကပြုရာ ဆိုဖာပေါ်ထိုင်လိုက်သည်နှင့် အဘွားကြီးက သူမလက်ချောင်းလေးတွေကို ဆုပ်ကိုင်ပြီး နှစ်လိုဖွယ်ရာစကားဆိုသည်။

'သားပြောပြလို့ အန်တီ အဖြစ်မှန်တွေ အကုန်လုံး သိပြီးပါပြီ…အန်တီ့သားရဲ့အသက်ကို ဘဝနဲ့လဲပြီးကယ်ခဲ့တဲ့ သမီးကို အန်တီက ဘာ



www.burmeseclassic.com

www.burmeseclassic.com



လို့ ချွေးမအဖြစ် လက်မခံနိုင်ရမှာလဲကွယ်'

နံ့သာဖြူ ဒေါ်ကြန္နာမိုးမြင့်ကို ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

တစ်ချိန်က သူမနှင့်အကြီးအကျယ်ရန်ဖြစ်ခဲ့သော မိန်းကလေးကို မှတ်မိဟန်မတူ။

ဘယ်မှတ်မိမလဲ။ ဆံပင်အတိုညှပ်ပြီး၊ ဒီဇိုင်းတွေကို အမှန်အကန် ပြောင်းထားတာကိုး။

'တကယ်တော့ တချိန်က အန်တီ မထားသင့်တဲ့မာနတွေထားပြီး သမီးရှင်ဘက်က မိန်းကလေးတွေကို မောက်မောက်မာမာဆက်ဆံခဲ့လို့... အဲဒီအပြစ်ကို ပြန်ခံလိုက်ရတာလို့ပဲ မှတ်ယူပါတယ်၊ အန်တီ့မှာ သမီးမရှိ ပေမယ့် သမီးချင်း ကိုယ်ချင်းစာပါတယ်ကွယ်...ဒီနေ့ကစပြီး သားအတွက် ဘဝတစ်ခုလုံးရင်းပြီးချစ်တဲ့သမီးလေးမှသာ အန်တီ့သားရဲ့အဖြစ်သင့်ဆုံး သတို့သမီးဆိုတာ အန်တီလက်ခံလိုက်ပါပြီ'

'ကျေးဇူးတင်ပါတယ် အန်တီ၊ ဒါပေမယ့် ကျွန်မအစ်ကို့လိုလူမျိုး ရဲ့ဇနီးလုပ်ရမှာ...ပြီးတော့ အန်တီ့လိုလူမျိုးရဲ့ချွေးမလုပ်ရမှာ သိမ်ငယ် သလိုပဲ'

'အမလေး...ငါ့သမီးရယ်၊ ဒီအတွက် စိတ်ထဲမှာ ဘာမှမထား ...သမီးကို အန်တီ့ရဲ့သမီးအရင်းလေးလို ချစ်မယ်၊ အန်တီ့သားကလည်း သမီးအတွက် ခင်ပွန်းကောင်းတစ်ယောက်ဖြစ်စေရမယ်၊ နောက်နေ့ကျရင် သမီးရဲ့မိဘတွေဆီမှာ အန်တီတို့သားအမိ မိသားဖသားပီပီ လာတောင်းရမ ပြီး ခမ်းခမ်းနားနားကို လက်ထပ်ပေးမယ်၊ ဟုတ်ပြီလား'

'ကျေးဇူးတင်ပါတယ် အန်တီ'

နံ့သာဖြူက ပြုံး၍ ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကူကြွှာမိုးမြင့်ဆီက ဒီလိုစကားမျိုးကြားရဖို့ သူမ အိပ်မက်ပင် မမက်ခဲ့။

'ကဲ…နှံ့သာဖြူ…ကိုယ် မပြောဘူးလား…မေမေက စိတ်ရင်းကောင်းပါတယ်လို့…မနက်ဖြန်ကျရင်သာ ကိုယ်တို့မင်္ဂလာပွဲ ရက်ရွေးဖို့ အဆင်သင့်ပြင်ထားပေတော့'

●

တကယ်တော့ ဖူးစာဆိုတာ ဦးရာပဲ ထင်ပါရဲ့။

ယူရီကိုနဲ့တွေ့ပြီးကာမှ ကြားဖြတ်ဝင်သွားသောနံ့သာဖြူကြောင့် အခြေအနေတွေအားလုံး ပြောင်းလဲသွားသည်။

မှုံနံ့သာဖြူ…ဆိုသော စာရေးဆရာ့လောင်းကလေးတစ်ယောက် သူမရဲ့ပထမဆုံး လုံးချင်းဝတ္ထုကို ကိုယ်တိုင် ဓာတ်လမ်းရှာ ဖန်တီးနိုင်ခဲ့သည်။

ဖြစ်ချင်သောဆန္ဒနှင့် သပ်တူကျသော ကုန်ကြမ်းတစ်ခုကြောင့် ခေါင်းစဉ်အမည်မပေးရသေးသော ဓာတ်လမ်းတစ်ပုဒ်က ဓာတ်လယ်ကျော်လာသည်။

ဓာတ်မသိမ်းသေးခင် ဘယ်လို ခေါင်းစဉ်တပ်ရမလဲ စဉ်းစားနေတုန်းမှာပဲ မိုးမြင့်စံရဲ့အပြုအစုအယုယတွေက သူမကို သာယာကြည်နူးစေခဲ့ပြန်သည်။

'ဖြူ…မအိပ်သေးဘူးလား၊ ကိုယ် ဖြူ့အတွက် နွားနို့ယူလာတယ်' နံ့သာဖြူ ရေးလက်စစာအုပ်ကို ပိတ်ပြီး မိုးမြင့်စံကို ပြုံးပြလိုက်သည်။

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို အိပ်ချင်အိပ်တော့လေ၊ ဖြူ ပြီးရင် လာခဲ့မယ်'

'မဟုတ်ဘူး ဖြူ၊ ကိုယ်...တခြားအခန်းမှာ သွားအိပ်မှာ'

'ဟင်...ဘာဖြစ်လို့'

နံ့သာဖြူ အံ့ဩနေစဉ်မှာပင် မိုးမြင့်စံက သူမပခုံးလေးကိုကိုင်၍ ရှင်းပြသည်။

'တကယ်တော့ ဖြူရယ်..မင်းက ဒဏ်ရာရသွားတဲ့ ပန်းလေးတစ်ပွင့်ပါ၊ ကိုယ် အဲဒီပန်းလေးကို အမြတ်တနိုးနဲ့အလှကြည့်နေချင်သေးတယ်။ မင်းရဲ့စိတ်တွေ အနည်မထိုင်သေးမချင်း ကိုယ် မင်းကို လက်ဖျားနဲ့တောင် မတို့ရက်နိုင်ဘူး၊ ကိုယ်...မင်းကို သနားတယ်၊ အဲဒါကြောင့် မင်း လွတ်လွတ်လပ်လပ်သာ နေပါ ဖြူ'

နံ့သာဖြူ မိုးမြင့်စံကိုပို၍ လေးစားသွားသည်။

ထို့ကြောင့် မိုးမြင့်စံလက်ချောင်းလေးတွေကို သူမပါးပြင်နှင့်ထိကပ်လိုက်ရင်း နူးညံ့စွာဆိုသည်။

'ကိုရယ်..ကိုဟာ လူတစ်ဖက်သားရဲ့စိတ်ကို နားလည်ပေးတတ်တဲ့ ယောက်ျားကောင်းတစ်ယောက်ပါ၊ ဖြူ့ရဲ့ဒဏ်ရာတွေ အနာကျက်သွားတဲ့တစ်နေ့ ကို့ရင်ခွင်ထဲကို ဖြူလာခဲ့ပါ့မယ်နော်'

'welcome ပါ ဖြူ...ကိုယ် အခုသွားအိပ်တော့မယ်၊ ဖြူလည်း နားနိုင်သောက်ပြီး အိပ်တော့နော်'

'ဟုတ်'

မိုးမြင့်စံက အပြင်ထွက်ရန် ဟန်ပြင်လိုက်စဉ်

'အစ်ကို..ခဏ'

'ဘာလဲ ဖြူ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို့ကို ကန်တော့ပြီးမှ အိပ်ချင်လို့'

နံ့သာဖြူက ပြောပြောဆိုဆို မိုးမြင့်စံရှေ့မှာ ဒူးထောက်ထိုင်ပြီး လက်အုပ်ချီလိုက်သည်။

'ကို...ကိုဟာ ဖြူ့ရဲ့အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်ဖြစ်သွားပြီဆိုတော့ ကို့ကို ကန်တော့ပါရစေ၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားကျူးလွန်မိတာရှိရင် ခွင့်လွှတ်ပါနော်'

နံ့သာဖြူက ဦးချကန်တော့လိုက်တယ်ဆိုရင်ပဲ မိုးမြင့်စံက သူမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ဦးခေါင်းလေးကို သပ်ပေးလိုက်သည်။

'မင်းမှာ အပြစ်မရှိပါဘူး ဖြူရယ်၊ မင်းက အပြစ်ကင်းတဲ့ မိန်းကလေးပါ'

နံ့သာဖြူစိတ်ထဲမှာ ဘယ်ဟုတ်မလဲ အစ်ကိုရယ်၊အစ်ကို့ကို ဖိုးတွမ်တီးလုပ်ပြီး ရအောင်ယူခဲ့တဲ့အတွက် ခွင့်လွှတ်ပါလို့ ပြောပြီး ဦးသုံးကြိမ်ချလိုက်သည်။

တကယ်တော့ နံ့သာဖြူဆိုတဲ့ ပန်းလေးက မိုးမြင့်စံခူးဖို့ရည်ရွယ်ပြီး ပွင့်လာတာပါ။ ဒါပေမယ့် နောင်တစ်ချိန် နာမည်ကြီးစာရေးဆရာမဖြစ်လာမယ့် နံ့သာဖြူ ဟူသော..ရွက်ပုန်းသီးလေးကို သူ မခူးမီ ငှက်စာဆော်ခံလိုက်ရတယ်ဟု အထင်ရောက်သွားခြင်းက ရာဇဝင်ထဲမှာ မောင်ပေါက်ကျိုင်းပြီးရင် မင်္ဂလာဦးညမှာ မိန်းမနဲ့ခွဲအိပ်တဲ့ သတို့သား နောက်တစ်ယောက် ထပ်တိုးလာခြင်းပင် ဖြစ်သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

မနက်ခင်းရဲ့အရုဏ်ဦးက မင်္ဂလာအပေါင်းနှင့်ခညောင်းနေသည်။

'သမီးလေး...လာလေ၊ အန်တီတို့ သမီးကို စောင့်နေတာ'

ကော်ဖီဝိုင်းကို အသင့်ပြင်ထားရင်း ဒေါက်တာမြမိုးမြင့်နှင့် မိုးမြင့်စံတို့ နံ့သာဖြူကို စောင့်ကြိုနေသည်။

'အားနာလိုက်တာ အန်တီရယ်..သမီး ညက ဝတ္ထုရေးနေတာနဲ့ အိပ်ရာဝင်နောက်ကျသွားတယ်'

'ရပါတယ်ကွယ်..အန်တီတို့သားအမိက စောစောထတာ အကျင့်ဖြစ်နေပြီ'

မိုးမြင့်စံက နံ့သာဖြူအတွက် ပြင်ထားသော ကော်ဖီခွက်ထဲသို့ ကော်ဖီရည်များ လောင်းထည့်ပေးလိုက်သည်။

'ဟို...အစ်ကို..ကျွန်မက မနက်ခင်းဆို မုန့်ဟင်းခါးပဲ စားတတ်တာ'

ထိုအခါ မိုးမြင့်စံက ကော်ဖီအိုးကို ပြန်ချလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဪ…အဲဒီလိုလား၊ ဆောရီးကွာ‥ကိုယ် မသိလို့၊ ဒါဆို ဖြူ စားဖို့ မုန့်ဟင်းခါးသွားဝယ်ပေးမယ်လေ'

'အို…မဟုတ်တာ…အိမ်ဖော်မလေးတွေ ခိုင်းလိုက်ပေါ့ အစ်ကို ရယ်'

'အိမ်ဖော်မလေးတွေက ခွင့်ခဏယူပြီး နယ်ပြန်သွားကြတယ်‥ ကဲ‥အရေးမကြီးပါဘူးကွာ၊ ကိုယ်ပဲ သွားဝယ်လိုက်မယ်၊ ဖြူ ဒီမှာခဏ စောင့်…ဟုတ်ပြီလား'

မိုးမြင့်စံက ပြောပြီး ထထွက်သွားရာ၊ နံ့သာဖြူ တားချိန်တောင် မရလိုက်။

'ဟို…အစ်ကို‥နေဦးလေ'

'ကဲပါ သမီးရယ်‥လာပါ၊ ဒီမှာ ထိုင်စောင့်နေ…ဟုတ်ပြီလား၊ သားက သူ့မိန်းမစားဖို့ သူကိုယ်တိုင်ဝယ်ပေးချင်မှာပေါ့'

ဒေါ်လှန္တာမိုးမြင့် ပြောလိုက်ရာ နံ့သာဖြူ ခုံမှာဝင်ထိုင်ပြီး အသာ နေလိုက်ရသည်။

အန်တီရယ်…ကျွန်မကို အဲဒီလောက်ပဲ ဂရုစိုက်ကြရသလား‥ ကျွန်မက အန်တီတို့ရဲ့မေတ္တာနဲ့တောင် မတန်ပါဘူး။

နံ့သာဖြူ ကိုယ့်အတွေးနှင့်ကိုယ် မျက်နှာလေးညှိုးသွားသည်။

မိုးမြင့်စံရဲ့ဂရုစိုက်မှုတွေက ဒီလောက်နှင့်မပြီးသေး။

ရေချိုးရင်လည်း အပြင်မှာ တဘက်တစ်ထည်နှင့်စောင့်နေတတ် တာ…

ပြီးတော့…ကိုယ်တိုင် သနပ်ခါးသွေးပြီး သူမကို ပါးကွက်လေး ကွက်ပေးတာ…



www.burmeseclassic.com

www.burmeseclassic.com



ဆံနွယ်လေးတွေကို တစ်ချောင်းချင်း ဖြီးသင်ပေးတာ…

နှုတ်ခမ်းနီဖျော့ဖျော့လေးကို ညင်သာစွာ ဆိုးပေးတတ်တာ…

အဲဒီဂရုစိုက်မှုတွေက ကြာရင် မိုးမြင့်စံတစ်ယောက် စိတ်ပြောင်းပြီး အခြောက်စိတ်ပေါက်ကာ မာမီမိုးဖြစ်သွားမှာပင် စိုးရသည်။

ဒါပေမယ့် အခြောက်စိတ်မပေါက်သည့်အပြင် ပိုပြီး ယောက်ျားပီသလာတာကို သူရေချိုးနေတာမြင်မှ နံ့သာဖြူ ပိုပြီး သိသွားပါသည်။

အဘယ်ကြောင့်ဆိုသော် ရေချိုးရင်း ဒိုက်ထိုးနေသည်မှာ အခါနှစ်ဆယ်တောင် ရသောကြောင့်ဖြစ်သည်။

သူမ··ဆို တစ်ခါမှ ဒိုက်မထိုးဖူး။ ထိုးစရာလည်း လိုမှ မလိုဘဲကိုး။ ဒါပေမယ့် မိုးမြင့်စံ ဘယ်လောက်ဒိုက်ထိုးထိုး၊ သူမကိုတော့ မီမှာမဟုတ်။

ကလိမ်ကကျစ်ဉာဏ်ရှင်တဲ့နေရာမှာ ပြောပါတယ်။

ဒါကြောင့်လည်း လိုချင်တာကို ရအောင်ယူနိုင်ခဲ့တာကိုး။

ဒီလိုနှင့် သူမတို့အိမ်ထောင်သက်တမ်း ၁လပင် ပြည့်ခဲ့လေသည်။ ခက်တာက သူမမှာ ယခုထိ အပျိုဘဝက မကျွတ်သေး။

ကေနှုတော့ မိုးမြင့်စံ သူမကို သနားပြီးယူလိုက်ပေမယ့် တကယ်ချစ်မလာသေးလို့ ဖြစ်ဟန်တူသည်။

ချစ်လာအောင် ဆက်ကြိုးစားရမှာပေါ့။

ဒါပေမယ့် မိုးမြင့်စံမှာ သူမကို ပါးစပ်က ချစ်တယ်ဟု တစ်ခါမှ မပြောသေးသော်လည်း ချစ်ပါတယ်ဆိုတဲ့စကားကို အကြိမ်တစ်ထောင် မကပြောနေသူတွေထက် အဆတစ်ရာမကသာမှန်း သူ့ရဲ့ဂရုစိုက်မှုကြောင်နာယုယမှုလေးတွေက သက်သေခံနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လည်း မိန်းကလေးပီပီ ကိုယ့်ချစ်သူက ချစ်တယ်လို့ ပြောတာကို ကြားချင်တာတော့ ဓမ္မတာပင် ဖြစ်သည်။

သို့သော်လည်း အခုထိ ဓမ္မတာ မလာသေးတာကတော့ သူမကို မရိုးမရွဖြစ်စေသည်။

'ဟိတ်…ဘာတွေစဉ်းစားနေတာလဲ'

အနောက်မှ ပခုံး ပုတ်ပြီး ခေါ်လိုက်သဖြင့် နံ့သာဖြူအတွေးတို့ ပြတ်တောက်ပြီး လန့်အော်လိုက်မိသည်။

'အမေ့'

'ဘယ်လိုဖြစ်တာလဲ…ကိုယ်ပါ ဖြူရဲ့'

'အမလေး…လန့်လိုက်တာ ကိုရယ်…ဒီမှာ ဖြူစဉ်းစားနေတာ'

'ဘာတွေ စဉ်းစားနေတာလဲ ဖြူရဲ့'

နံ့သာဖြူက မိုးမြင့်စံမျက်နှာကို ရွှန်းရွှန်းစားစားစိုက်ကြည့်လိုက်ရင်း…

'ကို'

'ဘာလဲ ဖြူ'

'ကို…အခုထိ ဖြူ့ကိုပြောဖို့မေ့နေတဲ့ စကားတစ်ခွန်းရှိတယ်… သိလား'

'ဘာများလဲ ဖြူရဲ့…ဒီတစ်ခေါက်လျှုမယ့် အလှူကိစ္စလား…။ အဲဒီကိစ္စ ကိုယ် မနက်ဖြန်စုံစမ်းဖို့ စီစဉ်ပြီးပါပြီ'

'မဟုတ်ဘူး အစ်ကို..သေချာစဉ်းစားပါဦး၊ ကိုယ့်ရဲ့ဇနီးကို ခင်ပွန်း တစ်ယောက်က အမြဲတမ်းပြောနေရမယ့်စကား၊ ဇနီးကလည်း ကိုယ့်ခင်ပွန်း ဆီက အမြဲတမ်းကြားချင်နေတဲ့စကားလေ'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံ တော်တော်စဉ်းစားရကျပ်သွားသည်။

'ဘာများပါလိမ့်…သြော်…သိပြီ…မင်းတစ်ယောက်က လွဲပြီး ဘယ်သူနဲ့မှ မဖောက်ပြန်ပါဘူး…သက်ဆုံးတိုင် သစ္စာရှိပါ့မယ်…ဆိုတဲ့ စကားလား'

အဖြေက နီးမလိုနဲ့ဝေးနေသေးသည်။

'အစ်ကိုက သစ္စာရှိတဲ့ယောကျ်ားမှန်း ဖြူ သိပါတယ်၊ အခုဟာက အရင်းကျဆုံးနဲ့ အခြေခံအကျဆုံးစကားပါ၊ ယောကျ်ားတွေနှုတ်ဖျားမှာ ပြောလို့အကောင်းဆုံးစကားပေါ့'

'ယောကျ်ားတွေနှုတ်ဖျားမှာ ပြောလို့အကောင်းဆုံးစကား'

'ဟုတ်တယ် အစ်ကို··အဲဒီစကားလုံး ကျွန်မ အစ်ကို့ဆီကပဲ ကြားချင်တယ်၊ အဲဒီစကားကြားရရင် ကျွန်မ ဒီတစ်သက် သေပျော်ပါပြီ'

'ဘာပါလိမ့်'

မိုးမြင့်စံ နားထင်ကို လက်ဖြင့်ထောက်ပြီး စဉ်းစားဟန်ပြုနေစဉ်

'ဒေါက်…ဒေါက်…ဒေါက်'

အပြင်မှ အခန်းတံခါးကို လာခေါက်သည်။

'သားရေ…ဒီမှာ သားကြည့်ချင်တဲ့ ကျွန်တော့်ချစ်သူနှင့် သူမ၏ စမူဆာကိုကို ငှားလာတယ်၊ လာကြည့်လို့ရပြီ'

'ကျွန်တော့်ချစ်သူနှင့် သူမ၏စပွန်ဆာကိုကိုပါ အမေရဲ့၊ ဘယ်က စမူဆာကိုကိုရမှာလဲ၊ စမူဆာကိုကိုဆိုရင် မင်းဦးက စမူဆာရောင်းတဲ့လူ ဖြစ်သွားမှာပေါ့၊ လာကြည့်မယ် အမေ၊ ဖွင့်ထားလိုက်'

မိုးမြင့်စံ သူ့အမေကို အခန်းထဲမှလှမ်းပြောပြီး နံ့သာဖြူဘက်သို့ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ…ဖြူ…ကြားတဲ့အတိုင်းပဲ၊ အမေ လာခေါ်နေပြီ၊ အဲဒီစာတ်လမ်းကို ရေးတဲ့ ဝတ္ထုရေးဆရာက ကိုယ့်သူငယ်ချင်းဆိုတော့ ဘယ်လောက်ကြောင်လဲ မကြောင်လဲ သွားကြည့်လိုက်ဦးမယ်၊ ဖြူ ပြောတဲ့ စကားကို မနက်ဖြန်မှ သေချာစဉ်းစားပြီး ကိုယ်ပြောတော့မယ်နော်၊ Good night'

မိုးမြင့်စံက ပြန်မည်ပြုစဉ်…

'ခဏ အစ်ကို'

'ဘာလဲ…မဂ်လာဦးညကလို ကန်တော့ဦးမလို့လား'

နှံ့သာဖြူက ပြုံး၍ ခေါင်းကို ခါယမ်းလိုက်ပြီး အနားကပ်သွားကာ ဘာမပြော ညာမပြောနှင့် ခြေဖျားထောက်ပြီး မိုးမြင့်စံပါးလေးကို ရွှတ်ခနဲနမ်းလိုက်တော့သည်။

'ဟင်'

* အဲဒီအခန်းကိုတော့ ဆင်ဆာဖြတ်လိုက်၍ စာဖတ်ပရိသတ်များ မြင်လိုက်ရမည် မဟုတ်ပါချေ။ (ကျန်တဲ့ဟာတွေကျ မြင်ရတာကိုး)

မိုးမြင့်စံက မျက်လုံးလေး ပြူး၍ နှံ့သာဖြူကို ကြည့်လိုက်စဉ်…နှံ့သာဖြူက ရှက်ပြုံးလေး ပြုံးပြီး ခေါင်းကိုငုံ့ထားလိုက်သည်။

'အစ်ကို…သွားတော့လေကွာ…ဘာကြည့်နေတာလဲ၊ ရှက်လာပြီ'

'ကောင်မလေး…ဆိုးတယ်နော်၊ လူကြီးကို အနိုင်ကျင့်တယ်…အခုတော့ အကြွေးမှတ်ထား၊ မနက်ဖြန်မှ ပေါင်းပြီး ကလဲ့စားချေမယ်'

'ဆက်ဆက် ချေဖြစ်အောင် ချေနော်…အစ်ကို'

သွားခါနီးမှာ ကလိသွားသေးသော ကောင်မလေးကို ကြည့်၍ မိုးမြင့်စံ အသည်းယားသွားပြီး၊ မနက်ဖြန်မှတွေ့မယ်ဟု စိတ်ထဲမှ တေးကာ ပြုံး၍ ထွက်သွားတော့သည်။

ဆောင်း ညပြာ ဆိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီညတစ်ညလုံး နံ့သာဖြူ အိပ်လို့မပျော်ခဲ့။

ဖြစ်နိုင်လျှင် မနက်ဖြန်မှာ ဘာဖြစ်မလဲ…ကြိုတင်၍ သိချင်နေသည်။

ချစ်တယ်ပြောမှာ အရင်လား…နမ်းမှာ အရင်လား…ချစ်တယ်ပြောပြီး နမ်းမှာလား…ဒါမှမဟုတ် နမ်းပြီးမှ ချစ်တယ်ပြောမှာလား…

ဘယ်လိုပဲ ဖြစ်ဖြစ်…သေချာတာကတော့ ဝတ္ထုရေးတဲ့လူ လက်ညောင်းနေပြီ။ ဇက်ကြောဆွဲပေးမယ့်သူ အနားမှာမရှိတာလည်း တစ်ဒုက္ခ။

သည်လိုနှင့် နောက်တစ်ခန်းရောက်သွားတယ် ဆိုပါတော့။

◆



www.burmeseclassic.com

www.burmeseclassic.com

# (၁၅)

ကြော်ငြာရိုက်ကွင်း။

'ရယ်ဒီ...ဖိုက်..ဖိုး..သရီး..တူး...ဝမ်း...အက်ရှင်'

*♫ ဆူမိုနဲ့မင်းဟာ သိပ်လိုက်နေပါတယ်...*
*အိုး...အိုး...ဆူးမိုး၊ မင်းရွေးချယ်တယ်...*
*အိုး...ဆူးမိုး....မင်းဝတ်ပါကွယ် ♫*

သီချင်းသံနှင့် အပြိုင်သရုပ်ဆောင်နေသော ကြော်ငြာ မော်ဒယ် မင်းသမီးလေးကိုကြည့်ပြီး ဒါရိုက်တာကြီး သဘောကျနေသည်။

သို့သော်...

သူ့တပည့်က အားမလိုအားမရ လေသံဖြင့် အနားကပ်ပြီး ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဆရာ…တစ်ခုခုလိုနေသလိုပဲ'

သူ့တပည့်၏စကားကြောင့် ဒါရိုက်တာကြီးတောင် ပဟေဠိဖြစ်သွားသည်။

'ဘာလိုတာလဲကွ..မင်းသမီးအိုက်တင်လိုနေတာလား'

'မဟုတ်ဘူး ဆရာရဲ့၊ မင်းသမီးက အိုက်တင်ကောင်းပါတယ်.. ဒါပေမယ့် ကုန်ပစ္စည်းတစ်ခုကို ကြော်ငြာတော့မယ်ဆိုရင် အဲဒီပစ္စည်းနဲ့ သရုပ်ဆောင်က တစ်သားတည်းဖြစ်နေရမယ်…ဥပမာဗျာ..ရွှေကြော်ငြာ ဆိုရင် မင်းသမီးက အဲဒီရွှေတွေကို တကယ်ဝတ်ပြတယ်၊ ပုဆိုးကြော်ငြာ ဆိုရင်လည်း မင်းသားတွေက ပုဆိုးကို တကယ်ဝတ်ပြတယ်၊ အခု ဆူမို ကြော်ငြာကိုလည်း မင်းသမီး တကယ်ဝတ်ပြမှ'

'တိတ်စမ်း'

စကားမဆုံးခင် ဒါရိုက်တာကြီးက ဟောက်လိုက်၍ သူ့တပည့် ဇက်ပုသွားသည်။

'ဘာမှမသိဘဲ လျှောက်ပြောမနေနဲ့၊ ဆူမိုဆိုတာ နင် ထင်သလို အင်္ကျီတံဆိပ် မဟုတ်ဘူး၊ ဘာရာစီယာကြော်ငြာနေတာဟ'

'ဟိုက်'

ဒါရိုက်တာကြီးရဲ့တပည့် အဲဒီကြော်ငြာကို မင်းသမီး လက်တွေ့ ဝတ်ပြပုံစိတ်ကူးထဲမှာ ပုံဖော်ပြီး ကြက်သီးထသွားသည်။

'အဲ…အဲဒါကြီးကို တီဗီကနေ တစ်နိုင်ငံလုံးသိအောင် ကြော်ငြာ နေတာပေါ့'

'ဒါပေါ့ကွ..မင်းက ငတုံး ဆိုတော့ ဘယ်သိမလဲ…ဒါ အပေါ်



www.burmeseclassic.com

www.burmeseclassic.com


ပိုင်းပဲ ရှိသေးတယ်…ဒီထက် ဆိုးတဲ့ အောက်ပိုင်းကြော်ငြာတွေ ရှိသေးတယ်၊ အဲဒါတွေကိုသာ လက်တွေ့သရုပ်ပြရရင် ငါတို့နိုင်ငံလည်း ဗိုလ်ချုပ်အောင်ဆန်းပြောသလို ဟိုနိုင်ငံကြီးဖြစ်သွားမှာစိုးလို့ သဘောလောက်ပဲ ကြော်ငြာပြီး ကြည့်တဲ့ပရိသတ်တွေမျက်လုံးထဲမှာ ကိုယ့်ဘာသာ ပုံဖော်ခိုင်းတာ'

'ရှက်လိုက်တာ ဆရာရယ်…အဲဒီကြော်ငြာကြီးတွေကို မတော်တဆ ကလေးတွေ ကြည့်မိရင် ဒုက္ခပဲ'

'မတတ်နိုင်ဘူး သူတို့ကုန်ပစ္စည်းတွေ အရောင်းသွက်အောင် ရိုက်ပေးရတာလေ'

'ဟုတ်တယ်နော် ဆရာ၊ ဟိုကြော်ငြာခိုရင် ပထမ ဘာကြော်ငြာနေမှန်းမသိဘူး၊ ပစ္စည်းတစ်မျိုးတည်းကို မင်းသမီးအများကြီးက တစ်လှည့်စီ ကြော်ငြာတာ…အခုမှသဘောပေါက်သွားတယ်'

'တော်ပြီ ဟော့ကောင်…ကျန်တာ ဆက်ရိုက်ကြမယ်…အားလုံး Ready လုပ်ကြ'

ဒါရိုက်တာက စကားစကိုဖြတ်ပြီး သူ့လူတွေကို အမိန့်ပေးလိုက်သည်။

မိုးမြင့်စံ အလှူကိစ္စအတွက် စုံစမ်းပြီးအပြန်လမ်းတွင် မနှေညက အဖြစ်အပျက်လေးတွေကို မြင်ယောင်ကာ ပြုံးလိုက်မိသည်။

စိတ်ထဲမှာလည်း -

'နံ့သာဖြူရယ်…မင်းကြားချင်နေတဲ့စကားက ဘာဆိုတာ ကိုယ်သိတာပေါ့…သက်သက်မဲ့ ရှုးချင်ယောင်ဆောင်နေတာ…ငါ့အပေါ် ချစ်ဆိပ်တွေပြည့်နေတဲ့ မင်းရဲ့အကြည့်တွေကို ငါမြင်ခဲ့တာ ကြာပြီ၊ အဲဒီ


www.burmeseclassic.com

www.burmeseclassic.com



အကြည့်မျိုး ယူရီကိုဆီမှာတောင် မတွေ့ခဲ့ဘူး၊ ဒီကအပြန် မင်းကို ချစ်တယ်လို့ပြောပြီးတာနဲ့ မင်းရဲ့ခန္ဓာကိုယ်လေးကို ငါ့ရင်ခွင်ထဲမှာ ထာဝရဆွဲသွင်းထားလိုက်တော့မယ်...မင်း ပျော်တော့ နံ့သာဖြူ'

မိုးမြင့်စံ ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်နေစဉ် သူ့ကားလေးက ကြော်ငြာရိုက်ကွင်းတစ်ခုနားရောက်၍ ဘာရယ်မဟုတ်၊ ကားကို ခဏရပ်ပြီး လှမ်းကြည့်လိုက်မိသည်။

ဒါရိုက်တာက သူ့လူတွေကို ညွှန်ကြားနေသည်။

'ဒီအခန်းက မင်းသမီးကို လူဆိုး သုံးယောက်က ဝိုင်းပြီး ရည်းစား စကားပြောလို့...မင်းသမီးက ကျွန်မ ဘရာစီယာကို ရအောင်...ယူနိုင်တဲ့သူကို အဖြေပေးမယ်လို့ ပြောလိုက်မယ်...အဲဒါဆို..လူဆိုးတွေက သွားရည် တမြားမြားနဲ့ ဝမ်းသာအားရ..လက်ကြီးနှစ်ဖက် ဆန့်ပြီး မင်းသမီးဆီပြေးအလာ...မင်းသမီးက ကြောက်ကြောက်လန့်လန့်နဲ့ သူ့ရင်ဘတ်ကို လက်နဲ့အုပ်ပြီး...ဆယ်ထပ်တိုက် ခေါင်မိုးပေါ်က အင်တင်နာတိုင်မှာ ညိနေတဲ့ ဘရာစီယာကို လက်ညှိုးထိုးပြမယ်...အဲဒီအခါ လူဆိုး သုံးယောက်က စိတ်ပျက်ပြီး.. မျောက်မှိုင် မှိုင်သွားတဲ့အချိန် မင်းသားက ရောက်လာပြီး...ဘာဖြစ်နေတာလဲလို့..မေးမယ်၊ မင်းသမီးက ရှင်းပြတဲ့အခါ မင်းသားက မလွယ်တာကို ဘာလို့ ယူချင်တာလဲလို့..မေးမယ်..အဲဒီအခါ..မင်းသမီးက အဲဒီဘရာစီယာက ကျွန်မအကြိုက် ဆူမိုတံဆိပ်ဖြစ်လို့ပါလို့ ပြောတော့ မင်းသားက ခဏစောင့် ဆိုပြီး ထွက်သွားမယ်၊ လူဆိုး သုံးကောင်ကလည်း..မင်းသမီးကို မင်းသားလက်ထဲ...အပ်မခံနိုင်ဘူး ဆိုပြီး...ခဏစောင့်လို့ ပြောပြီး ထွက်သွားမယ်...ခဏနေတော့ လူဆိုး သုံးကောင်က ဟတ်စကီးနဲ့ရောက်လာပြီး...ဆယ်ထပ်တိုက်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

မိုးပေါ်က အင်တင်နာတိုင်မှာ ညိနေတဲ့ ဘာရာစီယာကို ခက်ခက်ခဲခဲဖြုတ်နေတဲ့ အချိန်မှာ…မင်းသားက စတိုးဆိုင်က အသစ် ဝယ်လာတဲ့…ဆူမီတံဆိပ်ဘာရာစီယာလေးကိုကိုင်ပြီး ပြေးလာမယ်။ အဲဒီတော့…မင်းသမီးက မင်းသားကို အာဘွားပေးပြီး နှစ်ယောက်အတူထွက်သွားကြမယ်…အဲဒါကိုလည်း မြင်ရော လူဆိုးသုံးကောင်က စိတ်ပျက်ပြီး သူတို့လက်ထဲပါလာတဲ့ ဘာရာစီယာဝတ်ပြီးသားလေးကိုပဲ နမ်းလိုက်တယ်ဆိုပါတော့‥အဲဒါကိုလည်း နမ်းပြီးရော…သုံးယောက်စလုံး မူးမေ့ပြီး ဟာတ်စကီးပေါ်က ပြုတ်ကျဂန့်သွားမယ်…ပေါက်တယ်နော်…ဒါပဲ'

ဘာရာစီယာကြော်ငြာတာ ဟာတ်စကီးပါလာသည်ဆိုတော့ မိုးမြင့်စံ စိတ်ဝင်စားသွားပြီး ကြည့်နေမိသည်။

အမှန်တကယ်က ဟာတ်စကီးကို ကွန်ပြူတာပြုလုပ်ချက်နဲ့ လုပ်မှာ၊ ကြော်ငြာသဘောတရားကို ကြိုပြောထားတာ သူမှမသိပေဘဲကိုး။

'ကဲ…အရင်ဆုံး မင်းသမီးကို ရည်းစားစကားပြောဖို့ လူဆိုးသုံးကောင်…လာတော့'

ဒါရိုက်တာကြီး ခေါ်လိုက်တယ်ဆိုရင်ပဲ ကြားရာအရပ်က လူဆိုးသုံးကောင် -

'ဟုတ်'ဟုထူးပြီး ပြေးလာကြသည်။

လူဆိုးသုံးကောင်ကို မြင်သောအခါ မိုးမြင့်စံ မျက်လုံးတွေ ပြူးကျယ်သွားပြီး….။

●



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ကြူခြာမိုးမြင့်သည် သူမရဲ့အံဆွဲထဲမှ အမှတ်တမဲ့ထွက်လာသော ဝန်ထမ်းဟောင်းများဖိုင်တွဲကို ထုတ်ကြည့်နေရင်း အံ့ဩတုန်လှုပ်နေသည်။

အမည် = နံ့သာဖြူ
အသက် = ၂၄နှစ်
ရာထူး = ဝိတ်တာ
လုပ်သက် = တစ်ရက်
ထွက်ရသည့်အကြောင်း = သူဌေးမသားကို ငမ်းရင်း စားသုံးသူ၏ခြေထောက်ကို တက်နင်းမိ၍ သူဌေးမနှင့် ရန်ဖြစ်ပြီး နှတ်ထွက်။

ဒေါ်ကြူခြာမိုးမြင့် မျက်လုံးပြူးမျက်ဆံပြူးနှင့် ချွေးသီးချွေးပေါက်များကျနေစဉ် မိုးမြင့်စံ ဆူညံပွက်လောရိုက်ပြီး ဝင်လာသည်။

'နံ့သာဖြူ…နံ့သာဖြူ'

နံ့သာဖြူကိုခေါ်ရင်း အိမ်ထဲဝင်လာသော မိုးမြင့်စံ၊ စာကြည့်ခန်းတံခါးဖွင့်ထား၍ အထဲဝင်ကြည့်ရာ ဖိုင်တွဲတစ်ခုကိုင်၍ ကြက်သေ,သေနေသော ဒေါ်ကြူခြာမိုးမြင့်ကိုတွေ့လိုက်သည်။

'အမေ…ဆိုင်မသွားသေးဘူးလား၊ နံ့သာဖြူရော…ဘယ်ရောက်နေလဲ'

ဒေါ်ကြူခြာမိုးမြင့်၏အသံက တုန်လှုပ်ချောက်ချားစွာဖြင့် တုန်ပိုးချင်းထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'သားရေ…အမေတို့တော့ အညာခံလိုက်ရပြီ'

'ဗျာ..ဘာဖြစ်လို့လဲ အမေ'

'သားမိန်းမ နဲ့သာဖြူက အမေ့ဆိုင်မှာ တစ်ရက် အလုပ်ဝင်လုပ်ဖူးတယ်၊ အဲဒီတုန်းက ဆံပင်ရှည်နဲ့…အခု ဆံပင်အတိုညှပ်ပြီး ပုံစံပြောင်းလိုက်တော့ သူ့ကို လုံးဝမမှတ်မိတော့ဘူး၊ သူ့ထောင်ချောက်ထဲ တို့သားအမိ ဝင်သွားပြီ သားရယ်'

◆

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

နံ့သာဖြူ အပြင်ကနေ ပျော်ရွှင်မြူးထူးစွာ ပြန်လာစဉ် အိမ်တံခါးဝမှာ အသင့်စောင့်ကြိုနေသော မိုးမြင့်စံကိုတွေ့လိုက်ရသည်။

'ဟယ်…ကို ပြန်ရောက်နေပြီ၊ ဖြူလည်း အခုလေးတင် မေမေ့ဆီက ပြန်လာတာ'

နံ့သာဖြူ ဝမ်းသာအားရပြောနေသော်လည်း မိုးမြင့်စံမျက်နှာက သူမကို မီးခိုးထွက်မတတ် ပူပြင်းစွာ စိုက်ကြည့်နေသောကြောင့် ရင်ထဲ ထိတ်သွားသည်။

'အစ်ကို…ဘာ…ဘာဖြစ်နေတာလဲဟင်'

'ဖြောင်း'

ဘာမပြောညာမပြောနှင့် သူမပါးကို လက်ပြန်ရိုက်ချလိုက်သောကြောင့် နံ့သာဖြူမျက်နှာတစ်ခြမ်း ထူပူသွားသည်။

ရင်ထဲမှာ နင့်ခနဲနေအောင် နာကျင်သွားပြီး မိုးမြင့်စံကို မယုံကြည်နိုင်သောမျက်ဝန်းတွေဖြင့် အံ့ဩစွာကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း…လာခဲ့စမ်း'

မိုးမြင့်စံက နံ့သာဖြူရဲ့လက်တစ်ဖက်ကို ဆွဲပြီး ဧည့်ခန်းထဲသို့ တရကြမ်း ဆွဲခေါ်သွားရာ နံ့သာဖြူ မရုန်းနိုင်ဘဲ တရွတ်တိုက် ပါသွားသည်။

ဧည့်ခန်းထဲရောက်သောအခါ သူမရဲ့ခန္ဓာကိုယ်လေးကို ပခုံးနှစ်ဖက်မှကိုင်ပြီး ဆိုဖာပေါ် ပစ်လှဲချလိုက်သည်။

နံ့သာဖြူ မိုးမြင့်စံကို ကြောက်ကြောက်လန့်လန့်ဖြင့် မော့ကြည့်သည်။

မိုးမြင့်စံက နံ့သာဖြူကို နာကြည်းစွာစိုက်ကြည့်ရင်း လက်သီး ခေါက်ခေါက်ထိုး၍ စွဲချက်တင်သည်။

'ဒီနေ့ မင်းကြားချင်တဲ့ စကားကို ငါပြောမယ် နံ့သာဖြူ…ငါ နင့်ကို အရမ်းမုန်းတယ်'

'ရှင်'

နံ့သာဖြူ နားထဲကို သံရည်ပူလောင်းထည့်လိုက်သလို ခံစားလိုက် ရသည်။

သူမ ကြားချင်တာ ဒီစကားမဟုတ်။

ဘာတွေများ ဖြစ်ကုန်ပြီလဲ။

'ဒီနေ့ နင့်ရဲ့မင်းသမီးခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်ကို ငါမြင် သွားပြီ၊ နင်က ငါ့ရဲ့ သနားတတ်တဲ့စိတ်၊ လူတစ်ဖက်သားအပေါ် စာနာ တတ်တဲ့ ငါ့ရဲ့အကြင်နာစိတ်တွေကို ကောင်းကောင်းအသုံးချပြီး ထောင် ချောက်ထဲဆွဲသွင်းခဲ့တာပဲ'

နံ့သာဖြူ မျက်နှာငယ်လေးနှင့် မိုးမြင့်စံကိုကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနမ်းခံရန် ပြင်ထားသောပါးလေးလည်း လက်ဝါးချက်ကြောင့် စပ်ဖျဉ်းဖျဉ်း။

'ဒီနေ့ ··ရိုက်ကွင်းတစ်ခုမှာ လူကြမ်းသုံးယောက်နဲ့တွေ့ခဲ့တယ်·· အဲဒီလူကြမ်းတွေက တခြားလူမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို မုဒိမ်းကျင့်ခံရသလို ဟန်ဆောင်ပြီး နင့်ပိုက်ဆံပေးငှားခဲ့တဲ့ လူကြမ်းတွေပဲ'

'ရှင်'

နံ့သာဖြူ သိလိုက်ပါပြီ။

သူ မသိအောင် နာမည်ကြီးလူကြမ်း မငှားဘဲ၊ အခုမှ တစ်ကားနှစ်ကား စ,ပါသော တောသားလူကြမ်းတွေကိုခေါ်ကာမှ အလိမ်ပေါ်သွားသေးသည်။

'အဲဒါကြောင့်မို့လို့··နင်က ငါ ရဲ့စခန်းမှာ အမှုဖွင့်မယ်လုပ်တော့ အတင်းတားနေတာကိုး··ကိုမိုးမြင့်စံယူတဲ့မိန်းမဟာ သူများနဲ့ဖြစ်ထားတဲ့ မိန်းမဆိုရင် အစ်ကိုသိက္ခာကျမှာစိုးလို့ အမှုမဖွင့်ပါနဲ့တဲ့၊ ငါကတော့ အဟုတ်ကြီးထင်ပြီး နင့်ကို လေးစားလိုက်ရတာ၊ အမှန်တကယ်က နင် အလိမ်ပေါ်သွားမှာစိုးလို့ ငါ့ကို အမှုမဖွင့်ခိုင်းတာ···အခုမှ သိတော့တယ်၊ နင် ပြောစမ်း···ဘာအဓိပ္ပာယ်နဲ့ ဒီလိုလုပ်ရတာလဲ'

နံ့သာဖြူ မိုးမြင့်စံရှေ့မှာ ဒူးလေးထောက်ပြီး တောင်းပန်သည်။

'ကျွန်မကို ခွင့်လွှတ်ပါ ကိုရယ်··ကျွန်မ ကို့ကိုချစ်လွန်းအားကြီးလို့ ဒီလိုဖန်တီးလိုက်တာပါ၊ အဲဒီလိုမှမလုပ်ရင်··အစ်ကိုက ယုရီကိုနဲ့ယူတော့မှာကိုး'

'တော်စမ်း နံ့သာဖြူ··မင်းက စာရေးဆရာမပီပီ တော်တော်ဇာတ်လမ်းဆင်ကောင်းတာပဲ··သရုပ်ဆောင်ဆို ပိုတောင် ကောင်းသေးတယ်··



www.burmeseclassic.com

www.burmeseclassic.com



မင်းက မင်းသမီးလုပ်ရမှာ၊ ကိုယ်တိုင်ဇာတ်လမ်းဆင်၊ ကိုယ်တိုင်ရိုက်၊ ကိုယ်တိုင်သရုပ်ဆောင်ပေါ့၊ အခု မင်းရေးနေတဲ့ ပထမဆုံးလုံးချင်းဝတ္ထုက ရော ဒီဇာတ်လမ်းမှုပဟုတ်ရဲ့လား'

'ကိုရယ်··ကို့ကို ကျွန်မ ကုန်ကြမ်းရှာဖို့ချစ်ခဲ့တာ မဟုတ်ပါဘူး'

'သိတယ်··ကလဲ့စားချေဖို့လည်း ပါတယ် မဟုတ်လား၊ ဒီမှာ·· မင်းရဲ့ကိုယ်ရေးရာဇဝင်ပြန်ကြည့်'

မိုးမြင့်စံက နံ့သာဖြူရှေ့ကို စားပွဲပေါ်မှ သူမရဲ့ဖိုင်တွဲပစ်ချပေး လိုက်သည်။

နံ့သာဖြူ အဲဒီဖိုင်တွဲလေးကိုဖွင့်၍ကြည့်လိုက်သည်။

'မင်းက ငါ့အမေကိုစိန်ခေါ်ပြီး ငါ့ကို အသုံးချခဲ့တာပဲ၊ တစ်နေ့ ရှင့်သား ကျွန်မကို တန်းတန်းစွဲလာစေရမယ်တဲ့··စိတ်တော့ မကောင်းပါ ဘူး နံ့သာဖြူ···အလှူကိစ္စကို ခုတုံးလုပ်ပြီး ငါ့ကိုတောက်လျှောက်လိမ်ခဲ့ တဲ့ မင်းကို ဒီနေ့ကစပြီး အမုန်းတွေပဲ ပေးတော့မယ်၊ ငါတို့သားအမိနှစ် ယောက်ဆီက ကြင်နာမှုတွေကို လိမ်ယူခဲ့တဲ့မင်းအတွက် နာကြင်မှုတွေပဲ ပြန်ရစေရမယ်'

နံ့သာဖြူ မျက်ရည်အဝဲသားနှင့် မိုးမြင့်စံကို လက်အုပ်ချီတောင်း ပန်ရှာသည်။

'အစ်ကိုရယ်··ကျွန်မ အပြစ်တွေအားလုံးကို ဝန်ခံပါတယ်၊ ဒါပေ မယ့် ကျွန်မ မညာခဲ့ပါဘူး၊ ကို့ကို စတွေ့ကတည်းက ချစ်နေခဲ့တာပါ·· ကျွန်မအစ်ကို့ဘဝထဲရောက်လာတာ နှလုံးသားသက်သက်နဲ့ပါ အစ်ကို·· ကျန်တာတွေ မပါပါဘူး···အဟင့်'

'ဟား··ဟား··ဟား···မင်းစကားတွေ ငါယုံတော့မယ်ထင်လား



www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူ၊ မင်းဟာ ရုပ်လေးလှသလောက် လူတစ်ယောက်ဆီက ကြင်နာ တတ်တဲ့နှလုံးသားကို အစိမ်းလိုက်ဝါးစားတတ်တဲ့ ပန်းစားဘီလူးမပဲ'

'ရက်စက်လိုက်တာ အစ်ကိုရယ်…ကျွန်မကို ပန်းစားဘီလူးမ… တဲ့၊ ကျွန်မက ပန်းတစ်ပွင့်လို နူးညံ့တဲ့ အစ်ကို့နှလုံးသားကို အမြဲလိုချင်လို့ မျှော်နေခဲ့တဲ့သူပါ'

'ဒီစကားတွေ ရှာသာကြီးမှာ သွားပြောတော့ နံ့သာဖြူ…ငါ အရူး မဟုတ်ဘူး၊ အစက လူတစ်ယောက်ရဲ့မျက်လုံးကိုကြည့်ရင် အတွင်းစိတ် ကိုပါ မြင်နိုင်တယ်လို့ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့တဲ့ ငါဟာ မင်းနဲ့တွေ့ တော့မှ စုံလုံးကန်းတော့တယ်၊ အဲဒီတော့ အမြင်တွေ ပြန်ကြည်လင်လာ အောင် မင်းမဟုတ်တဲ့ တခြားမိန်းမတွေကို မျက်စိအစာကျွေးဖို့ ငါ ဒီည နိုက်ကလပ်တက်မယ်၊ မကျေနပ်ရင် လိုက်ခဲ့'

မိုးမြင့်စံက ပြောပြီး အိမ်ပြင်ထွက်၍ ကားကိုမောင်းထွက်သွားရာ နံ့သာဖြူ ငိုပြီးကျန်ခဲ့သည်။

'မောင်ရယ်‥မောင် စုံလုံးကန်းတာ မဟုတ်ပါဘူး၊ ကျွန်မမျက်လုံး တွေက မောင့်ကိုချစ်နေတာ ဟန်ဆောင်မှုမှ မဟုတ်ဘဲ…အမှန်ကို အမှန် အတိုင်းမြင်ခဲ့တာပါ…အဟင့်'

သူ့စကားတွေကို မိုးမြင့်စံကတော့ ကြားနိုင်မည် မဟုတ်သော် လည်း၊ အပေါ်ထပ်မှာ ဘုရားရှိခိုးပြီးဆင်းလာသည့် ဒေါ်ဣန္ဒြာမိုးမြင့်က တော့ ကြားလိုက်ပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

အမည်မဖော်လိုသော စုံထောက်မြိုင်နိုက်ကလပ်တွင် ဖြစ်သည်။

'ဒီမှာ နံ့သာဖြူ..ငါ မင်းကိုပြောပြီးပြီ၊ ဒီည ငါ အိမ်ပြန်မလာဘူး၊ အခု နိုက်ကလပ်ထဲမှာ၊ မကျေနပ်ရင် လိုက်ခဲ့...ဒီနေရာက မိန်းမကောင်းတွေလာရမယ့်နေရာမဟုတ်ဘူး...ဘာ..လိပ်စာပြောရမယ်...ဟုတ်လား၊ အေး...ပြောပြမယ်'

မိုးမြင့်စံက လိပ်စာပြောပြီး ဖုန်းကိုပိတ်ကာ ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်သည်။

ထို့နောက် ဘီယာကို တစ်ငုံယူသောက်လိုက်ပြီး မီးရောင်ဖြိုးဖြိုးဖျပ်ဖျပ်အောက်မှာ ပိုးလို့ပက်လက်လှန်ပြီးကနေသော ညမင်းသမီးလေးတွေကို ကြည့်လိုက်သည်။

ဝိတ်တာတစ်ယောက်က မိုးမြင့်စံနားရောက်လာပြီး တိုးတိုးလေးကပ်ပြောသည်။

'အစ်ကို...အဲဒီ က,နေတဲ့ ကောင်မလေးတွေထဲက ဘယ်သူ့ကိုကြိုက်လဲ...ပြော၊ ညီလေးပြောပေးရင် အစ်ကိုချုပ်လို့ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်စံကလည်း သူ့ စိတ်မပါသောကိစ္စကို အားပေးအားမြှောက် လုပ်နေ၍ ဆန့်ကျင်ဘက်ပြောသည်။

'မင်း ချုပ်ချင် ချုပ်လေ၊ ငါကတော့ စိတ်မပါဘူး'

'မဟုတ်ဘူးလေ အစ်ကိုရဲ့…ကျွန်တော်က ဒီကဝန်ထမ်းဆိုတော့ ချုပ်လို့မရဘူး၊ အစ်ကို့လိုဧည့်သည်တွေကသာ ချုပ်ရမှာ'

'နေစမ်းပါဦး၊ မင်းက ချုပ်ဖို့ချည်းပဲ ပြောနေတော့··ဒီနေရာက အချုပ်ခန်းမို့လို့လား'

'အာ အစ်ကိုကလဲ နိမိတ်မရှိနမာမရှိ၊ ဒီနေရာက စုံတောမြိုင်နိုက်ကလပ်လေဗျာ၊ အဲဒီတော့ ဒီကိုလာတဲ့သူတိုင်းက အပျော်အပါးအတွက်လာကြတာလေ၊ အဲဒီတော့ ညီလေးလည်း အစ်ကို့ကို အပျော်ရှာပေးမလို့ပေါ့'

'ဒီမှာ ညီလေး၊ ကိုယ်…မင်းကိုပြောမယ်၊ မင်း··အဲဒီက‚နေတဲ့ ကောင်မလေးတွေကို ကြည့်လိုက်'

'ကြည့်ပြီ'

'သူတို့တွေဟာ လူတွေရဲ့ရာဂ၊ တဏှာစိတ်တွေ ဖြစ်ပေါ်အောင် နှိုးဆွပြီး က‚နေတာ ဆိုတော့···သေတဲ့အခါ ပလာသဂရဲ့မှာ အောက်က သံပူပြားကြီး ရဲရဲတောက်နေတဲ့ စင်ပေါ်မှာ မချိမဆန့် က‚ရလိမ့်မယ်·· အနောက်က DJပွတ်နေတဲ့ ကောင်ကလဲ သံပူပြားကြီးကို လက်အပူခံပြီး မဖြစ်မနေပွတ်ရလိမ့်မယ်၊ အဲဒါကို အောက်ကကြည့်ပြီး သွားရည်တမြားမြားနဲ့ အားပေးနေတဲ့ ပရိသတ်တွေဟာလည်း··မီးပြင်ကြီးထဲမှာ ထိုင်ပြီး လက်ခုပ်တီးရလိမ့်မယ်၊ အင်မတန် အကုသိုလ်များလှတဲ့ ဒီကပွဲကြီးကို မင်းက ဘာဖြစ်လို့လာပြီးဆွဲဆောင်နေရတာလဲ၊ တော်ကြာ···မင်းပါ ငရဲမှာ ဝိတ်တာဖြစ်နေဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာ မျက်နှာပျက်သွားသည်။

'အစ်ကိုရယ်..အဲဒါဆိုလည်း ဘာလို့ဒီကိုလာနေသေးလဲ၊ တရားစခန်းပဲ သွားပါလား'

'အခုလည်း တရားမှတ်နေတာပဲကွ...ငါ သူတို့ကို ကြည့်ပြီး..သြော်..အရိုးစုတွေ ကနေပါလား၊ ဘယ်လိုမှကြည့်မကောင်းလိုက်တာ..နောက်ထပ်နှစ်တွေအများကြီးကြာရင် ဒီနေရာမှာ ဆက်မကနိုင်ဘဲ ငရဲမှာ ကနေရတော့မှာပါလားဆိုပြီး သံဝေဂလာယူတာကွ'

ဝိတ်တာက မိုးမြင့်စံကို တစ်ချက် မကြည်သလိုကြည့်ပြီး စကားတစ်ခွန်းပြောကာ ထထွက်သွားသည်။

'ခင်ဗျားလိုလူမျိုးတွေ နောက်ထပ် အယောက် နှစ်ဆယ်လောက်ထပ်လာရင် ဒီနေရာကို နိုက်ကလပ်အစား တရားစခန်းဖွင့်ဖို့ ကျုပ်သူဌေးကို ပြောလိုက်တော့မယ်'

မိုးမြင့်စံကလည်း ရွဲ့လိုက်သည်။

'သာဓုကွာ...သာဓု'

ဝိတ်တာကို မြန်မြန်ထွက်သွားအောင် သူ တမင်ပ,ထုတ်လိုက်ခြင်းဖြစ်သည်။ စိတ်ညစ်တဲ့အခါ တစ်ယောက်တည်းပဲ နေချင်သည်။

ဒါပေမယ့် နှစ်ယောက်ဖြစ်လာစရာ အကြောင်းက ဖန်လာသည်။ နံ့သာဖြူ သူ့အနားရောက်လာသည်။

'အစ်ကို...အိမ်ပြန်ရအောင်၊ ဒီနေရာက အစ်ကိုနဲ့ဘယ်လိုမှမအပ်စပ်ဘူး'

မိုးမြင့်စံ သူ့ဘေးမှာ မတ်တတ်ရပ်၍ အိမ်ပြန်ရန် ခေါ်နေသော နံ့သာဖြူကို မော့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'မင်းက တကယ်ရောက်လာတာကိုး၊ ငါ မပြန်ဘူးလို့ပြောပြီးပြီ၊ ဒီနေရာက မင်းလာသင့်တဲ့နေရာမဟုတ်ဘူး နံ့သာဖြူ၊ ပြန်တော့'

'မပြန်ဘူး အစ်ကို…အစ်ကို မပါမချင်း ကျွန်မလည်း ဘယ်ကိုမှ မသွားနိုင်ဘူး'

မိုးမြင့်စံ မတ်တတ်ထရပ်လိုက်ပြီး -

'မင်း တော်တော်ခေါင်းမာပါလား နံ့သာဖြူ…ငါ ပြန်တော့လို့ ပြောနေတယ်၊ မင်း မလားဘူးမှတ်လို့ ငါ တမင်ပြောလိုက်တာ'

'အစ်ကိုသာ ရှိမယ်ဆို…ကျွန်မ ဘယ်နေရာပဲဖြစ်ဖြစ် ရောက်အောင်လာမယ် အစ်ကို'

'တောက်-အဲဒီလောက်တောင်ဖြစ်လှတာ၊ ဟိုမှာကြည့် နံ့သာဖြူ'

မိုးမြင့်စံက DJနှင့်အပြိုင်ကနေသော မိန်းကလေးတွေကို လက်ညှိုးထိုးပြလိုက်ပြီး

'မင်း··အဲဒီမိန်းမတွေနဲ့အတူ ဝင်ပြီး ကရဲရင် ငါပြန်လိုက်ခဲ့မယ်'

နံ့သာဖြူ မျက်နှာပျက်သွားသည်။

သို့သော်…မိုးမြင့်စံအလိုကျ ကပြမှဖြစ်တော့မည်မို့ သူမ အားတင်းရင်း ဖြေသည်။

'ရပါတယ် အစ်ကို…ကျွန်မ ကမှ အစ်ကိုပြန်လိုက်ခဲ့မယ်ဆို··ကျွန်မ ကပြပါ့မယ်'

မိုးမြင့်စံ ဆိုဖာပေါ် စိတ်ပျက်လက်ပျက်ပြန်ထိုင်လိုက်သည်။

ခဏအကြာ နံ့သာဖြူတစ်ယောက် လူမှားလောက်အောင် ဟော့ရှော့ဒီဇိုင်း ဘောင်းဘီတိုဝတ်ပြီး မီးရောင်အောက်မှာ ကနေသော မိန်းကလေးများကြား ပြေးဝင်သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူ ရောက်လာတယ်ဆိုရင်ပဲ အားလုံးသော ကနေသော မိန်းမတွေ၊ ဝိတ်တာတွေ၊ ဧည့်သည်တွေ အားလုံး သူ့မဆီ အကြည့်တွေ စုပြုံသွားသည်။

သူမ အဲဒါတွေ ဘာတစ်ခုမှဂရုမစိုက်။

သူမ ဂရုစိုက်တာ မိုးမြင့်စံ ကျေနပ်ဖို့။

DJ စ,ပွတ်လိုက်တယ်ဆိုရင်ပဲ နံ့သာဖြူတစ်ယောက် ယိုးဒယား သီချင်းသံကြားမှာ စည်းချက်ညီစွာ ကတော့သည်။

ရုပ်ရည်က ဒီကလပ်တစ်ခုလုံးရဲ့မိန်းမတွေထက် သာသည့်အပြင် ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးအဆစ်ကျ၊ ပြီးတော့ တက္ကသိုလ် ကျောင်းသူဘဝက ဆရာနှင့် စနစ်တကျသင်ဖူးထားသည်မို့ နံ့သာဖြူရဲ့ အကအလှကြားမှာ ပုရိသတွေအားလုံး မျောကုန်သည်။

ပုရိသတွေတင်လား ဆိုတော့...မဟုတ်။

ဂျူတ္တိုယတွေလည်း နံ့သာဖြူ ရောက်လာသည်မှ စ၍ မိမိ၏ အလုပ်ဆက်မလုပ်နိုင်ဘဲ နံ့သာဖြူကိုသာ ငေးမောနေမိကြတော့သည်။

ဝိတ်တာတွေဆိုရင် ပါးစပ်အဟောင်းသားဖြစ်ပြီး သွားရည်တမြားမြားကျလို့။ မိုးမြင့်စံကို စကားလာပြောသော ဝိတ်တာ..အဆိုးဆုံး။

မိုးမြင့်စံကတော့ နံ့သာဖြူကို ကြည့်ပြီး မျက်စိမျက်နှာပျက်နေသည်။

မပွင့်တမြေလှုးအက၊ ဆပ်ပြာသည် လင်ပျောက်အက၊ ခုတ္တိတပျားတုပ်အက၊ မိအေး ကဏန်းညှပ်အကတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ကနေသည့်အချိန် မိုးမြင့်စံ တောက်တစ်ချက်ခေါက်ပြီး သူမအနား ရောက်လာသည်။

www.burmeseclassic.com



ထို့နောက် ဘာမပြောညာမပြောနှင့် -

'ဖြောင်း'

လူကြားထဲမှာ ပါးရိုက်ခံလိုက်ရသဖြင့် နံ့သာဖြူရှက်သွားသလို ပါးတစ်ဖက်လည်း ထူပူသွားသည်။

'ဧက်ရှက်မရှိတဲ့ ဟာမ၊ လာ··ပြန်မယ်'

မိုးမြင့်စံ နံ့သာဖြူကို လက်က ဆွဲပြီး အပြင်ခေါ်ထုတ်သွားရာ အားလုံးသောအကြည့်များက သူတို့နှစ်ယောက်ဆီ စုပြုံလို့။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

နံ့သာဖြူ

ငါ ဒီနေ့ ဘိုးဘွား ရိပ်သာမှာ ပိုက်ဆံသွား လှူမယ်၊ ပြီးရင် ကိုယ်လက်လေ့ပါး သွားအောင် မာဆတ်ဝင်ပြီး အနှိပ်ခံမယ်။ ဒီည..ပြန်မလာတော့ဘူး။ မင်းမျက်နှာ မြင်နေရရင် ဘီလူး သဘက်ကို မြင်ရသလို ကြောက်လွန်းလို့ သူငယ်ချင်းတွေနဲ့ ပုပ္ပား တောင်ကို ခရီးထွက်မယ်။ ပုပ္ပားမယ်တော်ကြီး ဆီမှာ ဘဝဆက် တိုင်း မင်းသမီးခေါင်းဆောင်းထားတဲ့ ဘီလူးမမျိုးနဲ့ မတွေ့ပါ စေနဲ့လို့ ဆုတောင်းပြီးမှ ပြန်လာမယ်။ ကြာချင်သလောက် ကြာ မယ်။ ဒါပဲ။

မိုးမြင့်စံ

နံ့သာဖြူ လာပြသောစာကိုဖတ်ပြီး ဒေါ်ကုန္ဒြာမိုးမြင့်က သူ့ချွေးမ ကို နှစ်သိမ့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လောလောဆယ် သွေးပူနေတုန်းမို့လို့ သူစိတ်ထင်ရာလုပ်ပါစေ သမီးရယ်..စိတ်ပြေတော့လည်း ပြန်လာမှာပါ'

'သမီး…သူ့ကိုစောင့်နေပါ့မယ် အန်တီ၊ အစ်ကိုက တစ်ခါမှအိမ်နဲ့ကြာကြာခွဲအိပ်ဖူးတာ မဟုတ်တော့…သုံးလေးရက်လောက်နေပြီး ပြန်လာမယ်ထင်တယ်'

ဒေါ်ကြူနွယ်မိုးမြင့်က နံ့သာဖြူရဲ့ပခုံးလေးကိုကိုင်၍ အားပေးလိုက်သည်။

'သားက သမီးကို ချစ်လို့…ရုတ်တရက် ပေါက်ကွဲသွားတာပါ၊ နောက်တော့လည်း နားလည်သွားမှာပေါ့'

'သမီးအပေါ်ကို ခွင့်လွှတ် နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်တီရယ်…သမီး အစ်ကို့ကို တကယ်ချစ်လို့ မလုပ်သင့်တာတွေ လုပ်ခဲ့တာပါ…ကော်ဖီဆိုင်မှာ ဖြစ်ခဲ့တဲ့ ကိစ္စအတွက်လည်း သမီး နောင်တရလို့ မဆုံးပါဘူး၊ သမီး မခံချင်စိတ်နဲ့ပြောမိခဲ့တာပါ'

'အဲဒီအတွက် သမီးလေးက အန်တီ့ကို ရှိခိုးတောင်းပန်ပြီးပြီလေကွယ်…အန်တီ ခွင့်လွှတ်ပါတယ်၊ အန်တီလည်း အသက်ကြီးပါပြီ၊ မာန်မာနတရားတွေလျှော့ချပြီး စိတ်ထဲမှာ ဘာအငြိုးအာဃာတမှ မထားတော့ပါဘူး'

'ကျေးဇူးတင်ပါတယ် အန်တီရယ်..သမီး တစ်ခုစဉ်းစားမိတယ်'

'ဘာကိုလဲ သမီး'

'ဒီဇင်ဘာလ ရောက်တော့မယ်ဆိုတော့ ချမ်းလာပြီလေ…အဲဒါတော့…အစ်ကို ပြန်လာရင် အချမ်းပြေဝတ်ရအောင် ဆွယ်တာလေးတစ်ထည်ထိုးပြီး စောင့်နေမယ်၊ အစ်ကို့ကို ပြန်ချော့တဲ့အနေနဲ့ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတာပေါ့ သမီးရယ်..သားက ဆွယ်တာလှလှလေးတွေဆို သဘောကျတယ်၊ သမီး အစွမ်းကုန်သာ လက်စွမ်းပြပေတော့'

'ဟုတ်ကဲ့'

နံ့သာဖြူ ပြုံးလိုက်သည်။

ဒီနေ့ကစပြီး သူမ မိုးမြင့်စံ ပြန်လာမည့်အချိန်ကို ဆွယ်တာထိုးရင် စောင့်နေတော့မည်။

●

တစ်ရက်။

နှစ်ရက်။

သုံးရက်။

တစ်ပတ်။

တစ်လ။

ဆွယ်တာက ပြီးသွားပေမယ့် မိုးမြင့်စံ အခုထိ ပြန်မလာသေး။ နံ့သာဖြူကတော့ ညတိုင်း အိမ်ရှေ့ ဒန်းလေးပေါ်မှာ ထိုင်စောင့်နေသည်။

အခုလည်း ည ၁၁းဝဝထိုးသည့်အထိ ဒန်းပေါ်မှာ တစ်ယောက်တည်း ငေးငိုင်လို့။

ဒေါ်ဣန္ဒြာမိုးမြင့်က အနွေးထည်တစ်ထည်ယူလာပြီး နံ့သာဖြူအပေါ်မှ ခြုံပေးလိုက်သည်။

'ဩော်...အန်တီ၊ မအိပ်သေးဘူးလား'

'အဲဒါ အန်တီက မေးရမှာပါကွယ်...၁၁းဝဝနာရီတောင် ထိုးနေပြီ၊ အပြင်မှာ အရမ်းအေးတယ်...သမီးက အနွေးထည်မဝတ်လို့ အန်တီယူလာပေးတာ၊ အိပ်တော့လေကွယ်'



www.burmeseclassic.com

www.burmeseclassic.com



'အန်တီရယ်…သမီး ထုံးစံအတိုင်း ၁၂းဝဝနာရီထိုးမှပဲ အိပ်တော့မယ်…အစ်ကို ပြန်လာရင် ကြိုမယ့်သူမရှိဘဲ နေဦးမယ်'

'သမီးရယ်‥အရင်က သိပ်ကိစ္စမရှိဘူး၊ အခု ဒီဇင်ဘာလလေ‥အရမ်းချမ်းတယ်၊ ဝင်အိပ်လိုက်ပါကွယ်'

'နောက်ထပ် တစ်နာရီလောက်ပဲ ထပ်စောင့်ပါရစေ အန်တီရယ်၊ အစ်ကိုက ဖုန်းလည်း မဆက်ဘူး…ဘာမှ အကြောင်းမကြားဘဲ ခြေရာဖျောက်နေတာ တစ်လတောင်ရှိပြီ'

ဒေါ်လှန္ဒာမိုးမြင့် သူ့ချွေးမကိုပင် ကရုဏာသက်သွားသည်။ တော်တော်အချစ်ကြီးသည့် မိန်းကလေး။

'ကဲ…ကဲ…ဒါဆိုရင်လည်း အနွေးထည်ဝတ်၊ လုံလုံခြုံခြုံနေ၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ သမီးရယ်၊ အန်တီ နောက်နေ့ သူ့သူငယ်ချင်းတွေကို မေးကြည့်ပါဦးမယ်'

'ဟုတ်ကဲ့…အန်တီ၊ အန်တီ အိပ်တော့လေ…မနက် ဆိုင်သွားဦးမယ် မဟုတ်လား'

'အေးအေး‥၁၂းဝဝထိုးရင်တော့ ဝင်အိပ်နော်'

'ဟုတ်'

ဒေါ်လှန္ဒာမိုးမြင့် စိတ်မသက်မသာနှင့် အိမ်ပေါ်ပြန်တက်သွားသည်။ သူ့သားဖုန်းကလည်း ခေါ်လို့မရ။ ကြည့်ရတာ ကဒ်ပါ ဖြုတ်ထားဟန်တူသည်။

နံ့သာဖြူကတော့ ဆောင်းညရဲ့ကောင်းကင်ကြီးကိုမော့ကြည့်ပြီး မိုးမြင့်စံကို သတိရနေဆဲ။

◆



www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

'ရှင်…လမ်းစပျောက်နေတယ်…ဟုတ်လား…အန်တီ'

'အေးကွယ်…သူ့သူငယ်ချင်းတွေအားလုံးကလည်း ပုံမှန်အတိုင်း သူ့အလုပ်နဲ့သူ ဘယ်မှမသွားကြဘူးတဲ့…ဘယ်က သူငယ်ချင်းတွေနဲ့များ ပုပ္ပားသွားပါလိမ့်'

နံ့သာဖြူ မျက်နှာလေး မှိုင်သွားသည်။

'သမီး…ပုပ္ပားကိုလိုက်သွားရင် ကောင်းမလား အန်တီ'

'မဟုတ်တာ သမီးရယ်…အဓိပ္ပာယ်မရှိတာ၊ သူက ယောကျ်ား လေး၊ ဘာမှမဖြစ်နိုင်ပါဘူး…သမီးကို စိတ်ဆိုးပြီး သက်သက်ရှောင်နေ တာ၊ ပြန်မလာဘဲတော့ မနေပါဘူးကွယ်'

နံ့သာဖြူမျက်နှာလေး ညှိုးငယ်နေသည်ကိုကြည့်၍ ဒေါ်ဣန္ဒြာမိုး မြင့် စိတ်မကောင်း။

ဖြစ်နိုင်လျှင် သူ့သားကို ရောက်ရာအရပ်က အမြန်ခေါ်ပြီး သူ့ မိန်းမနားမှာ ပြန်နေခိုင်းချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ချွေးမလေးရဲ့မေတ္တာတရားကို သူ့သား နားလည်အောင် ရှင်းပြပေးမည်။ ဒါပေမယ့် အခုတော့....

●

'အဟွတ်...အဟွတ်'

ဆရာဝန်က နံ့သာဖြူကိုစစ်ဆေးပေးပြီး ဒေါ်ကူရွှာမိုးမြင့်ကို မှာကြားသည်။

'အဆုတ်အအေးမိနေပြီ၊ ကျန်းမာရေး ဂရုစိုက်ပါ၊ သောက်ဆေးပေးခဲ့မယ်'

ဆရာဝန်က စကားနည်းသူပီပီ လိုရင်းပြောပြီး ဆေးသေတ္တာကို ပြန်သိမ်းလိုက်သည်။

'ဝတ်ရည်တိုး...ဆရာ့ကို ပြန်ပို့ပေးလိုက်'

'ဟုတ်'

ဒေါ်ကူရွှာမိုးမြင့်က သူ့အိမ်ဖော်မလေးကို တာဝန်ပေးလိုက်ရာ ဆရာဝန်က ဝတ်ရည်တိုးရဲ့ပခုံးကိုဖက်ပြီး အိမ်ပြန်သွားတော့သည်။

'သမီး...ကြားတယ်နော်၊နောက်နေ့ကစပြီး စောစောဝင်အိပ်ရမယ်၊ လေစိမ်းတွေ အတိုက်မခံနဲ့တော့'

'အဟွတ်...အဟွတ်'

နံ့သာဖြူ လက်ကိုင်ပဝါနှင့်အုပ်ပြီး ချောင်းဆိုးလိုက်သည်။

ထို့နောက် အင်အားဖျော့တော့စွာဖြင့်

'အစ်ကို ပြန်မလာတာ တစ်လနဲ့ နှစ်ဆယ့်သုံးရက်တောင် ရှိပြီ အန်တီရယ်'

◆



www.burmeseclassic.com

www.burmeseclassic.com

# (၂၀)

'အဟွတ်····ဟွတ်'

ဒေါ်ကြူဖြာမိုးမြင့် ရောက်လာ၍ နံ့သာဖြူ ချောင်းဆိုးသံတို့ ရပ်တန့်သွားသည်။

'သမီးရယ်···ပြောထားရက်နဲ့၊ သွား···သွား···အိမ်ထဲဝင်တော့၊ အပြင်မှာ ချမ်းတယ်'

'ခဏလေး· ... နော်တီ· ... မီး မနေ့ညက အိပ်မက်မက်တယ်·· အစ်ကို ပြန်လာတယ်တဲ့'

'သမီးရယ်···ဆောင်းတွင်းအိပ်မက် ကယောက်ကယက်···တဲ့၊ စိတ်ထဲမှာ မထားပါနဲ့၊ သွားတော့···သွား···အိမ်ထဲမှာ နွေးနွေးထွေးထွေးနေ၊ ဆေးကော သောက်ပြီးပြီလား'

'အဟွတ်···သောက်ပြီးပါပြီ အန်တီ၊ ခဏလေးပါ··သမီးနောက်ထပ် နာရီဝက်လောက်စောင့်ကြည့်လိုက်ဦးမယ်၊ ဒီနေ့ အစ်ကိုပြန်လာတာ နှစ်လပြည့်တဲ့နေ့ပဲ'

'ငါ့သမီးကတော့···ပြောရခက်လိုက်တာ၊ ကဲ···ဒါဆိုလည်း ၁၅



www.burmeseclassic.com

www.burmeseclassic.com



မိနစ်နေရင် ပြန်တက်လာနော်၊ သမီးမလာရင် အန်တီလည်း ဒီည မအိပ်တော့ဘူး၊ သမီးနဲ့အတူ ဒီမှာပဲ နေမယ်'

'သမီး တကယ်တက်လာမှာပါ အန်တီ၊ ၁၅မိနစ်ပါပဲ…နောက်ထပ် ၁၅မိနစ်နေရင် ၁၂း၀၀နာရီထိုးပြီ'

'ကဲ…ဒါဆိုလည်း အန်တီ သမီးသောက်ဖို့ နွားနို့သွားဖျော်လိုက်ဦးမယ်…နွားနို့သောက်ပြီး အိပ်တော့နော်'

'ဟုတ်'

ဒေါ်ဣန္ဒြာမိုးမြင့် အိမ်ပေါ်ပြန်တက်သွားစဉ် နံ့သာဖြူကတော့ အပြင်ကို ငေးမျှော်နေဆဲ။

နေမကောင်း၍လား မသိ။ သူမတစ်ကိုယ်လုံး နုံးချိနေသည်။

ဒါပေမယ့် မနေ့က အိပ်မက်ထဲမှာ မိုးမြင့်စံ သူမဆီရောက်လာပြီး ချစ်တယ်လို့ပြောတာကို ဆက်ဆက်ကြားလိုက်ရသည်။

အဲဒါကြောင့် မျှော်လင့်ခြင်းကြီးစွာ ဒီနေရာလေးမှာ စောင့်နေတာဖြစ်သည်။

သူမ သိသလောက် အိပ်မက်ဆိုတာ ရှေ့ပြေးနိမိတ်တဲ့။

'ကိုရယ်…ဒီလောက်ဆို ဖြူ့အပေါ် စိတ်ပြေလောက်ပြီ ထင်ပါတယ်…ကျေပါတော့နော်၊ ဖြူ..နေလို့မကောင်းဘူး၊ ဒီအတိုင်းဆက်သွားနေရင် ဖြူ သေလိမ့်မယ်'

အဲဒီအချိန်…

'ပွမ်..ပွမ်'

ခြံရှေ့မှ ကားဟွန်းတီးသံကြောင့် နံ့သာဖြူ ဝမ်းသာအားရ လှမ်းကြည့်လိုက်ရာ…ထင်သည့်အတိုင်း မိုးမြင့်စံရဲ့ကား။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်…အစ်ကို ပြန်လာပြီ'

သူမ ဝမ်းသာအားရဖြင့် ခြံရှေ့ကိုပြေးထွက်ပြီး ခြံတံခါးကို ကိုယ်တိုင်ဖွင့်ပေးလိုက်သည်။

'ကိုရယ်…နောက်ဆုံးတော့ ပြန်လာပြီပေါ့…ဖြူ့မှာတော့ ကို့ကို သတိရလွန်းလို့ ညတိုင်း အပြင်ထွက်ပြီး မျှော်နေတာ…နမိုးနီးယားရောဂါ တောင် ရနေပြီ သိလား'

နံ့သာဖြူ ပြောရင်း အပြုံးဖြင့် ဆီးကြိုလိုက်သည်။

မိုးမြင့်စံက ကားမှန်တံခါးကိုဖွင့်၍ သူမကို စကားတစ်ခွန်းပြော လိုက်တယ်ဆိုရင်ပဲ သူမရဲ့အပြုံးတွေ ဒီနေရာမှာပဲ အရည်ပျော်ကျသွား သည်။

'မင်းက မအိပ်သေးဘဲကိုး…အတော်ပဲ…ငါ မင်းနဲ့စာရင်းအပြတ် ရှင်းချင်နေတာ'

ပြောပြီး သူမလက်ထဲကို စာချုပ်တစ်ခု ထည့်ပေးလိုက်သည်။

'ရော့'

'အဲဒါ ဘာလဲ အစ်ကို'

နံ့သာဖြူ အသံတွေတုန်နေသည်။

'ကွာရှင်းစာချုပ်လေ၊ ငါ လက်မှတ်ထိုးပြီးသွားပြီ၊ မင်းထိုးဖို့ပဲ ကျန်တော့တယ်၊ မနက်ဖြန်ကျရင် ရှေ့နေလည်း ခေါ်ထားတယ်…ငါ့ဆီ က ငါပိုင်ဆိုင်တဲ့ စည်းစိမ်တစ်ဝက်ယူပြီး မင်းသွားလိုရာသွားတော့…ငါ မင်းမျက်နှာ မမြင်ချင်တော့ဘူး'

နံ့သာဖြူ ခန္ဓာကိုယ်တစ်ခုလုံး ညွတ်ကျသွားလောက်အောင် အား အင်တွေ ဆုတ်ယုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ထိ မျှော်လင့်ချက်တစ်ခုဖြင့် အားတင်းထားရသော်လည်း မိုးမြင့်စံစကားတွေက သူမကို ခွန်အားမဲ့အောင် နာကျင်စေသည်။

မိုးမြင့်စံက ကားကို အိမ်ရှေ့ပေါ်တီကိုအောက်ထဲသို့ ထိုးဝင်သွားစဉ် နံ့သာဖြူကတော့ ခြံဝမှာ မတ်တတ်လေးရပ်ပြီး ကွာရှင်းစာချုပ်ကို ကိုင်၍ ကျန်ရစ်သည်။

'ရက်စက်လိုက်တာ မောင်ရယ်··ကျွန်မရဲ့မျှော်လင့်ချက်တွေကို မောင် ဖျက်ဆီးလိုက်ပြီ···အဲဒီစည်းစိမ်တစ်ဝက် ဘာလုပ်ရမှာလဲ၊ ကျွန်မ လိုချင်တာ မောင့်အချစ်ပါ မောင်ရယ်'

မိုးမြင့်စံ အိမ်ပေါ်တက်သွားစဉ် နွားနို့ခွက်ကိုင်ပြီး ဆင်းလာသော ဒေါ်ကြူနြှာမိုးမြင့်ကို တွေ့လိုက်ရသည်။

'အမေ···မအိပ်သေးဘူးလား၊ နွားနို့က ဘယ်သူ့အတွက်လဲ'

ဒေါ်ကြူနြှာမိုးမြင့် သားဖြစ်သူကို မြင်လိုက်ရာ အတိုင်းမသိဝမ်းသာသွားသည်။

'ဟယ်···သား ပြန်လာပြီ၊ ဝမ်းသာလိုက်တာ···သမီးလေးသာ သိရင် အရမ်းပျော်မှာပဲ၊ သမီးလေးနဲ့ရော တွေ့ခဲ့လား'

'တွေ့ခဲ့ပါတယ်··အမေ ဘာဖြစ်နေတာလဲ၊ သူ့အပေါ်မှာ တော်တော်နူးညံ့နေသလိုပဲ'

'နူးညံ့ရတာပေါ့ သားရယ်··သားဆို ပိုတောင် နူးညံ့ရဦးမယ်··· သူ့ခမျာ သားအလာကို ညတိုင်း အိမ်ရှေ့မှာစောင့်နေရှာတာ၊ အခုဆို··· သူ့မှာ အဆုတ်အအေးမိရောဂါရနေလို့ ဂရုစိုက်နေရတယ်'

'ဗျာ'

မိုးမြင့်စံ အံ့ဩသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်…မင်း မလာမချင်း ဆွယ်တာလေးထိုးပြီး စောင့်နေတာ…ည ၁၂း၀၀ မှ အိပ်တယ်၊ အဲဒီဆွယ်တာလေးကို ဆက်ဆောင်ပေးပြီး မင်းကို ပြန်ချော့မယ်တဲ့…သူ မင်းကို တကယ်ချစ်တာပါ သားရယ်..အမေ ရဲရဲကြီးအာမခံပါတယ်'

'အမေကပါ သူ့မှိုင်းမိနေပြီထင်တယ်…သူက ဟန်ဆောင်သိပ်ကောင်းတာ'

ဒေါ်ဣန္ဒြာမိုးမြင့် ခေါင်းကိုခါယမ်းလိုက်သည်။

'မဟုတ်ဘူး သား၊ သူက မင်းရှိတဲ့ ပုပ္ပားကိုတောင် လိုက်လာဖို့လုပ်နေတာ၊ မင်းဆီက အဆက်အသွယ်မရလို့ ညတိုင်း ဒန်းလေးပေါ်မှာ ထိုင်ရင်း မျှော်နေခဲ့တယ်…အဆုတ် အအေးမိလို့ ဆေးသောက်နေရတာတောင် မနေ့က မင်း သူ့ဆီပြန်လာတယ်လို့ အိပ်မက်မက်လို့ သူ ၁၂း၀၀ထိ စောင့်နေပါရစေ…တဲ့၊ အခု သူ့အတွက် အမေ နွားနို့သွားဖျော်ပေးပြီး ထွက်လာတာ…နေမကောင်းလို့ သူ့မျက်နှာလေး ချောင်ကျနေတာ မင်း သတိမထားမိဘူးလား'

မိုးမြင့်စံ တွေဝေသွားသည်။

'သားအတွက်ထိုးထားတဲ့ ဆွယ်တာလေး သိပ်လှတာပဲ၊ သူ့အခန်းထဲမှာ ရှိလိမ့်မယ်၊ မယုံရင် သွားကြည့်လိုက်..ဘယ်ဘက်ရင်အုံမှာ ဘာရေးထားတယ် မှတ်လဲ…အမေ သူ့အတွက် နွားနို့သွားပေးလိုက်ဦးမယ်၊ သားပြန်လာတယ်ဆိုတော့ သူလည်း နောက်နေ့တွေ အပြင်ထွက်စောင့်နေစရာ မလိုတော့ဘူးပေါ့'

ဒေါ်ဣန္ဒြာမိုးမြင့် နွားနို့ခွက် ကိုင်၍ အိမ်ရှေ့ထွက်သွားစဉ် မိုးမြင့်စံကတော့ နံ့သာဖြူအခန်းဆီကို လျှောက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်နေသောအခန်းထဲကို ဝင်ပြီး ကြည့်လိုက်ရာ မှန်တင်ခုံပေါ်မှာ တင်ထားသော ဆွယ်တာခေါက်လျက်လေးကို တွေ့လိုက်ရသည်။

ထို့ကြောင့် ဆွယ်တာကိုဖြန့်ပြီး ကြည့်လိုက်ရာ သူ့စတိုးဆိုင်မှာ ရောင်းသော ဆွယ်တာတွေထက်ပင် လက်ရာသေသပ်ပြီး ဒီဇိုင်းဆန်းလှသည်ကို တွေ့လိုက်ရသည်။

ဘယ်ဘက်ခြမ်းမှာ အနီရောင်သိုးမွေးနှင့်ထိုးထားသောစာကို ဖတ်ကြည့်တော့ 'မောင့်အတွက်' တဲ့။

မိုးမြင့်စံရင်ထဲမှာ လှိုက်ခနဲခံစားလိုက်ရပြီး ဆွယ်တာကို ပြန်ထားမည်ပြုရာ မှန်တင်ခုံထောင့်လေးမှာ မျက်နှာငယ်နေသော အပြာရောင်မှတ်စုစာအုပ်လေးကို တွေ့လိုက်ရသည်။

ထို့ကြောင့် ယောက်ျားလေးပီပီ စပ်စုပြီး စာအုပ်ကို ဟိုလှန်ဒီလှန် ကြည့်လိုက်တော့

၁၄-၂-၂၀၁၁

*ဗေဒင်ဆရာက ပြောလိုက်တယ်။ ချစ်သူများနေ့မှာ သမီးရဲ့ဖူးစာရှင်ကို တွေ့လိမ့်မယ် တဲ့။ မယုံပါဘူး။ အဲဒီနေ့ ကော်ဖီဆိုင်တစ်ခုမှာ အလုပ်စ,ဝင်ရမှာ။ ပထမဆုံးလုံးချင်းဝတ္ထုအတွက် ကုန်ကြမ်းရှာဖို့ အလုပ်ဝင်တယ် ဆိုပေမယ့်လည်း သူများအလုပ် လုပ်ပေးမှတော့ တာဝန်ကျေအောင် လုပ်ရမှာပေါ့။ ဖူးစာရှင်လိုက်ရှာနေလို့ ဖြစ်ပါ့မလား။*

*ဒါပေမယ့် ဗေဒင်ဆရာကို ထိုင်ကန်တော့ချင်စိတ် ပေါက်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့...သူ့ကို တွေ့လိုက်လို့ပဲ။ သူ ဆိုင်ထဲဝင်လာတော့ ညှို့သည်ထင်ပြီး ဘာသုံးဆောင်မလဲလို့တောင် မေးလိုက်သေး*

www.burmeseclassic.com



တယ်။ သူက မိုက်ပြည့်နေပြီ ပြောပြီး အထဲဝင်သွားတယ်။ နောက်မှ သိရတာ သူက ဆိုင်ပိုင်ရှင်သူဌေးကြီးရဲ့သားတဲ့။ သူ့ကို အငေးလွန်ရင်း စားသုံးသူခြေထောက်ကို တက်နင်းမိတော့ သူဌေးမနဲ့ပြဿနာတွေတက် ပြီး အလုပ်က ထွက်ခဲ့ရတယ်။ မခံချင်စိတ်နဲ့ ရှင့်သားကို ရအောင်ယူမယ် ပြောခဲ့ပေမယ့်..စိတ်ထဲမှာတော့ မြင်မြင်ချင်း တိတ်တခိုးလေး စွဲလမ်းမိ တာ အမှန်ပါ။

သူ့နာမည်က မိုးမြင့်စံ..တဲ့။

မိုးမြင့်စံ နောက်တစ်ရွက် ဆက်လှန်လိုက်သည်။

၂၉-၆-၂၀၁၁

အလျှုဒါနရက်ရောတဲ့သူ့ကို အလျှုကိစ္စနဲ့ပဲ ပူးပေါင်းလိုက်တော့ ရင်းနှီးမှု ရသွားတယ်။ ဒါပေမယ့် သူနဲ့ပူးပေါင်းပြီး အလျှုဒါနတစ်ခုပြ လိုက်တိုင်း ရင်ထဲက ရလာတဲ့ ပီတိတစ်ခုဟာ ဟန်ဆောင်မှုမပါဘူးဆို တာကိုတော့ ဘုရားမှာ သစ္စာဆိုရဲပါတယ်။

၄-၈-၂၀၁၁

အစ်ကိုက ယူရီကိုနဲ့လက်ထပ်တော့မယ်တဲ့။ ကျွန်မ ဘယ်လိုလု ရမလဲ။ အစ်ကို့ကို ဆုံးရှုံးမခံနိုင်ဘူး။ ဒီကိစ္စကို ပျက်အောင် လုပ်ရမယ် စဉ်းစားတာလည်း စဉ်းစားလို့မရဘူး။ ဘယ်လိုနည်းလမ်းကို သုံးရမ ခေါင်းတွေတောင် မီးတောက်နေပြီ အစ်ကိုရယ်..ဟုတ်ပြီ...အစ်ကို့ ကြင်နာတတ်တဲ့ နှလုံးသားရှိတယ်။ ကိုယ့်ကြောင့် ညစ်နွမ်းသွားတဲ့ မျ



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ပွင့်ကို အမှိုက်ပုံးထဲမပစ်ဘဲ စားပွဲပေါ်မှာ အလှထားမယ့်လူမျိုး။ အဲဒီတော့ လူကြမ်းသုံးယောက်လောက်နဲ့ ခေတ်လမ်းဆင်၊ သူ ငါ့ကို သနားပြီး လက်ထပ်ချင်အောင် လုပ်ရမယ်။ ဒါဆို ယူရီကိုနဲ့လည်း ခေတ်လမ်းပြတ်ပြီ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့။

၁၅-၁၀-၂၀၁၁

အစ်ကိုက ကျွန်မဆင်ထားတဲ့ ခေတ်လမ်းထဲကို ကွက်တိဝင်လာတာပဲနော်။ ဒါပေမယ့် ကျွန်မ ကိုယ့်လိပ်ပြာ ကိုယ်မလုံဘူး။ အစ်ကို့ဆီက ကြင်နာမှုတွေ၊ ယုယမှုတွေ၊ ဂရုစိုက်မှုတွေကိုခံရတော့ ကိုယ့်ကိုယ်ကို ရှက်မိတယ်။ မာနခေါင်ခိုက်ပြီး သမီးချင်း ကိုယ်ချင်းမစာတတ်ဘူး လို့ ထင်ထားတဲ့ အစ်ကို့အမေဟာလည်း ကျွန်မကို သမီးအရင်းလို ဂရုစိုက်တော့ ကျွန်မ အရမ်းနောင်တရမိတယ်။ အစ်ကို့အမေဟာလည်း ကျွန်မရဲ့ အမေပါပဲ အစ်ကိုရယ်။ အခါအခွင့်သင့်ရင် ကျွန်မအပြစ်တွေ အားလုံး ဝန်ခံပြီး အစ်ကို့ဆီက လိပ်ပြာသန့်သန့်နဲ့ ဂရုစိုက်မှုလေးတွေ လိုချင်ပါသေးတယ်။

၂၃-၁၀-၂၀၁၁

ဒီနေ့ သိပ်ပျော်တာပဲ အစ်ကိုရယ်။ အစ်ကို့ကို ကျွန်မကိုရီးယားကားထဲကလို နမ်းခဲ့တယ်။ မိန်းကလေးက စလို့ ရှက်မိပေမယ့် ကျွန်မ အစ်ကို့ဆီက ချစ်တယ်ဆိုတဲ့စကား မကြားသေးတော့ ဘယ်လိုမှ နေလို့ မရဘူး။ အစ်ကို ပြောအောင်လို့ ရေလာမြောင်းပေးခဲ့တယ်။ အစ်ကိုက နောက်ဖြန်ကျမှ ပြောမယ်တဲ့။ ပြီးတော့ ကျွန်မရဲ့အနမ်းအတွက် ကာလုံ့စား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချေမယ်တဲ့…။ တစ်ညလုံး အိပ်လို့တောင် မပျော်ဘူး အစ်ကိုရယ်၊ သိလား။ ပျော်လို့လေ။ မနက်ဖြန် အစ်ကို့နှုတ်ဖျားက ကျွန်မကိုချစ်တယ်လို့ ပြောလိုက်ရင် ကျွန်မဘဝ အားလုံးပြည့်စုံသွားပြီ။ အဲဒီအခါကျရင် ကျွန်မရဲ့အပြစ်တွေကို အစ်ကိုတို့သားအမိနှစ်ယောက်ရှေ့မှာ ဝန်ခံမယ်၊ ပြီး ကျေနပ်အောင် တောင်းပန်မယ်။ ပြီးရင် အစ်ကို့ကို ကျွန်မ အခေါ်ချင်ဆုံးစကား 'မောင်'လို့ ခေါ်မယ်နော်။

၂၅-၁၀-၂၀၁၁

မျှော်လင့်ချက်တွေ ရေစုန်မျောသွားပြီ မောင်ရယ်။ ငါ့သမီးလေး တော်လိုက်တာလို့ အမေ့ပါးစပ်က ချီးကျူးတာခံချင်လို့ ကိုယ်ဆွဲထားတဲ့ ပန်းချီလက်ရာလေးကို ဝမ်းသာအားရသွားပြမိကာမှ၊ နောက်တစ်ခါဆွဲရင် နင့်လက်ကို ရိုက်ပစ်မယ်လို့ ပြောလိုက်လို့ ဝမ်းနည်းသွားတဲ့ ကလေးလေးလိုပါပဲ။ မောင့်ဆီက ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တဲ့ နင့်ကို ငါမုန်းတယ် ဆိုတဲ့စကား ကြားလိုက်ရတော့ ကျွန်မရင်ဘတ်တစ်ခုလုံး နင်းချေခံလိုက်ရသလို ခံစားရပါတယ်။ ပြီးတော့ မောင်က ကျွန်မကို ပြောသေးတယ်။ ပန်းစားဘီလူးတဲ့။ ရက်စက်လိုက်တာ မောင်ရယ်…ကျွန်မရဲ့ရေးလက်စဝတ္ထုကို ခေါင်းစဉ်ပေးဖို့ စဉ်းစားမရသေးတဲ့အချိန် မောင့်စကားက ကျွန်မကို နာကျင်စေပါတယ်။ ဒါပေမယ့် မောင်ပေးတဲ့နာမည် ဆိုတော့လည်း မြတ်မြတ်နိုးနိုး သိမ်းထားရမှာပေါ့။ ကျွန်မဝတ္ထုရဲ့ခေါင်းစဉ်ကို ပန်းစားဘီလူး လို့ပဲ ပေးလိုက်ပါပြီ မောင်ရယ်…ကဗျာမဆန်ပေမယ့် ကျွန်မနှ လိုက်ပါတယ်။ ဟုတ်ပါတယ်…မောင့်ရဲ့ အကြင်နာတွေကို ညှာယူခဲ့တဲ့ ပန်းစားဘီလူးမပါ။ ဒါပေမယ့် ကျွန်မရဲ့ပထမဆုံးလုံးချင်းဝတ္ထုကို ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်ပေးပြီးပြီးချင်းမှာပဲ ဓာတ်မသိမ်းခင် မီးရှို့ဖျက်ဆီးလိုက်ပါပြီ။ ဒီဝတ္ထု ရှိနေသမျှ ကာလပတ်လုံး မောင်နဲ့ပတ်သက်ခဲ့တာ ကုန်ကြမ်းရှာဖို့လို့ထင် နေဦးမယ်။ ကျွန်မမျှော်လင့်ခဲ့တဲ့ စာရေးဆရာမလည်း ဘယ်တော့မှမလုပ် တော့ဘူး။ မောင့်ဆီက အချစ်တွေပြန်ရမယ့် မောင့်ဇနီးပဲ လုပ်တော့မယ်။ ကျွန်မကို ဆိုးချင်သလောက် ဆိုးပါမောင်။ ကျွန်မစိတ်မပျက်ဘဲ မောင့် ကို မျှော်လင့်နေပါ့မယ်။

၂၅-၁၂-၂၀၁၁ (ခရစ်စမတ်နေ့)

မောင်ရယ်...ပြန်မလာတာ နှစ်လလောက်ရှိပြီ။ ကျွန်မ ဘယ် လောက်လွမ်းနေတယ်ဆိုတာ မောင်သိရဲ့လား။ မောင့်ကို ညတိုင်း မျှော် နေရလို့ အဆုတ်အအေးမိပြီး၊ ဆေးသောက်နေရတယ်။ ဒါပေမယ့် ကျွန်မ စိတ်မပျက်ဘူးမောင်...မောင့်အတွက် ဆွယ်တာလေး ထိုးပြီး မောင်ပြန် လာမယ့်အချိန်ကို စောင့်နေတယ်။ မနေ့က အိပ်မက်မက်တယ် မောင်ရဲ့။ မောင် ကျွန်မဆီ ပြန်လာပြီး ချစ်တယ်လို့ပြောတယ်တဲ့။ အိပ်မက်ထဲမှာ တောင် ပျော်လိုက်တာ မောင်ရယ်။ အပြင်မှာဆို ဘယ်လောက်တောင် ပျော်လိုက်မလဲ။ မောင်ပြန်လာမှ ကျွန်မ ဆွယ်တာလေးနဲ့အတူ ဒီဒိုင်ယာ ရီစာအုပ်လေးကို ပေးဖတ်ပြီး မောင့်ဆီမှာ အယူခံဝင်မယ်နော်။ ကျွန်မကို ယုံပါတော့ မောင်ရယ်...မောင့်ကို တကယ်ချစ်တာပါ။

စာဆုံးသွားသောအခါ မိုးမြင့်စံရင်ထဲမှာ ရှုးရှုးနစ်နစ်ခံစားလိုက်ရ ပြီး နံ့သာဖြူအပေါ် နားလည်သွားတော့သည်။

'ဖြူရယ်...မင်းက ကိုယ့်အပေါ် ဒီလောက်တောင် စွဲလမ်းခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ကိုယ်··မှားသွားပြီ၊ မင်းအိပ်မက်လေးကို ကိုယ် အကောင်အထည်ဖော်ပေးတော့မယ်···ဖြူ’

မိုးမြင့်စံ ဆုံးဖြတ်ချက်ချပြီး၊ သူ့အတွက် နံ့သာဖြူထိုးထားသော ဆွယ်တာလေးကို ကောက်ဝတ်ကာ ဒိုင်ယာရီစာအုပ်လေးကို ရင်ဘတ်ထဲ ထည့်၍ အခန်းပြင်ထွက်လိုက်သည်။

ထို့နောက် ခြံထဲဆင်းလိုက်သည်တွင် တစ်စုံတစ်ခုကို ရှာဖွေနေပုံရသော ဒေါ်ကူကြွာမိုးမြင့်ကိုတွေ့လိုက်ရသည်။

‘အမေ···ဘာရှာနေတာလဲ··ဖြူရော’

‘အေး···အမေလည်း သူ့ပဲရှာနေတာ၊ တစ်ခြံလုံးနဲ့နေပြီ··ဘယ်မှာမှ မတွေ့ဘူး၊ ညကြီးသန်းခေါင် ဘယ်များထွက်သွားလဲ မသိဘူး’

မိုးမြင့်စံ စိုးရိမ်သွားပြီး ကားပေါ်အမြန်တက်ကာ စက်နှိုးလိုက်သည်။

‘ဟဲ့···သား··ဒါက ဘယ်လဲ’

‘သူ့အိမ်သွားကြည့်မလို့ အမေ’

မိုးမြင့်စံ ကားကို ခြံပြင်မောင်းထွက်သွားစဉ် ဒေါ်ကူကြွာမိုးမြင့် ရင်ဘတ်လေးဖိပြီး ကျန်ခဲ့သည်။

‘ဘုရား··ဘုရား··သမီးလေး ဘေးရန်ကင်းပါစေ’

●

သန်းခေါင်ကျော်ကြီး အိမ်ရှေ့မှာ ဆူညံဆူညံဟွန်းသံကြောင့်နံ့သာဖြူ၏မိဘများ နိုးလာပြီး အိမ်ရှေ့ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့..သား၊ ညကြီးမင်းကြီး ဘာလာလုပ်တာလဲ'

'နံ့သာဖြူ ဒီကိုလာတယ် မဟုတ်လား အန်တီ'

'ပေါက်ပေါက်ရှာရှာ..မလာပါဘူးကွယ်၊ ဒီအချိန်ကြီး'

'ကျွန်တော် ဝင်ကြည့်မယ်ဗျာ'

မိုးမြင့်စံက အိမ်ထဲကို အတင်းဝင်ပြီး နံ့သာဖြူအခန်းထဲဝင်ရှာ ရာ သူ့မိဘတွေ ကြောင်သွားသည်။

'ဘာဖြစ်လာတာလဲ...သမီးလေး ဘယ်သွားနေလို့လဲ'

နံ့သာဖြူရဲ့အခန်းထဲကို ဝင်လိုက်သည်မှာတော့ မိုးမြင့်စံမျက်လုံး အစုံ ပြူးကျယ်သွားသည်။ တစ်ခန်းလုံး သူ့ဓာတ်ပုံတွေချည်း။

ဘယ်အချိန်က ခိုးရိုက်ထားမှန်းမသိသော ပုံစံအမျိုးမျိုးနှင့်ဓာတ်ပုံ တွေက နံရံတစ်ခုလုံးမှာ ပြည့်နှက်လို့။

အောက်မှာလည်း စာရေးထားသေးသည်။

*ကျွန်မရဲ့စိတ်ကူးယဉ်မင်းသားလေး....တဲ့။*

မိုးမြင့်စံ ရင်ထဲမှာ နင့်နင့်နဲနဲခံစားလိုက်ရပြီး နံ့သာဖြူကို ဒီည မတွေ့တွေ့အောင် ရှာမည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

အခန်းပြင်ထွက်လိုက်သည်တွင် နံ့သာဖြူရဲ့မိဘတွေက ဆီးမေး သည်။

'သား...သမီး စိတ်ကောက်ပြီးထွက်သွားလို့လား'

'ဟုတ်တယ် အန်တီ၊ ကျွန်တော် သွားရှာလိုက်ဦးမယ်၊ အန်တီတို့ စိတ်ချလက်ချနေပါ၊ ကျွန်တော် တွေ့အောင်ရှာခဲ့မယ်'

မိုးမြင့်စံက ပြောစရာရှိတာ အမြန်ပြောပြီး ကားဆီအမြန်ပြေးကာ စက်နှိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဆွဲလို့ မရ။

နပိုလီယံတောင်မှ အချိန်အနည်းငယ် နောက်ကျပြီး စစ်ရှုံးခဲ့ဖူးသည်။

ဒီပွဲကတော့ အချစ်ပွဲ။ ရှုံးလို့မရ။

မိုးမြင့်စံ ကားတစ်စီးနှင့်ပတ်ရှာနေသည်မှာ လက်မှနာရီကိုကြည့်တော့ ၁း၀၀နာရီတိတိ။

အပြင်မှာလည်း ချမ်းလိုက်တာ အရိုးကွဲမတတ်။

မိုးမြင့်စံ စိုးရိမ်စိတ်က ငယ်ထိပ်ရောက်နေသည်။

'ဖြူရယ်…ဒုက္ခတော့ ရောက်တော့မှာပဲ။ အပြင်မှာ အရမ်းအေးတယ်..နေကောင်းတာလည်း မဟုတ်ဘဲနဲ့'

ရှိသမျှလမ်းတွေ လျှောက်ပတ်နေသည်မှာ ၁း၃၀ တိတိ ရောက်လာသည်။ မိုးမြင့်စံမျက်လုံးထဲ ဘာကိုမှမမြင်တော့။

ကားကို တရကြမ်းမောင်းလာရင်း မီးရောင်အတိုင်း လိုက်ကြည့်နေသည်။

လမ်းပေါ်မှာ လူလည်း တစ်ယောက်မှမရှိ။

ဒီအချိန် အေးလွန်းလို့ ဘယ်သူက အပြင်ထွက်မှာလဲ။

အဲဒီအချိန်….

လမ်းဘေးတစ်နေရာမှာ ခွေခွေလေးလဲကျနေသော နံ့သာဖြူကိုတွေ့လိုက်ပါသည်။

'ဟာ…ဖြူ'

မိုးမြင့်စံ ကားကိုရပ်၍ တံခါးဖွင့်ကာ အမြန်ပြေးဆင်းလာသည်။ ထို့နောက် နံ့သာဖြူရဲ့ခန္ဓာကိုယ်လေးကို ဆွဲ၍ထူသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖြူ...ဖြူ'

ခေါ်လို့မရ။

နံ့သာဖြူ မျက်လုံးလေးပိတ်ပြီး ဇက်ကျိုးကျနေသည်။ တစ်ကိုယ်လုံးလည်း အေးစက်လို့။

'ဖြူ...ဖြူ...မောင်လာပြီလေ...ထပါဦး'

မိုးမြင့်စံ နံ့သာဖြူရဲ့ပါးလေးကို ဆွဲကိုင်လှုပ်ယမ်း၍ခေါ်သည်။

သို့သော် နံ့သာဖြူဘက်က တုန့်ပြန်မှုမရှိ။

လက်ထဲမှာလည်း ကွာရှင်းစာချုပ်လေးကို ကိုင်လျက်သား။

မိုးမြင့်စံ စာချုပ်ကို သူမရဲ့လက်ထဲမှ ဆွဲထုတ်ပြီး ဖြန့်ကြည့်ရာ နံ့သာဖြူလက်မှတ်ထိုးရမည့်နေရာမှာ ............။

စာချုပ်ကို ဆွဲဖြဲလိုက်သည်။

'ဖြူ...ကိုယ်ခေါ်နေတယ်လေ...ထပါဦး၊ မင်း..ကိုယ့်အလာကို နေ့တိုင်း မျှော်နေတာ မဟုတ်လား'

မိုးမြင့်စံ တုန်ရီကြေကွဲစွာ ခေါ်နေသော်လည်း နံ့သာဖြူကတော့ သူ့လက်ထဲမှာ ပျော့ခွေလို့။

'ဖြူ...မင်းကြားချင်တဲ့ စကား မောင်ပြောမယ်လေ၊ ထပါဦး.. ဖြူရဲ့'

နံ့သာဖြူကတော့ လောကကြီးကိုရော၊ မိုးမြင့်စံကိုပါ နှုတ်ဆက်သွားခဲ့လေပြီ။

'ဖြူ...မင်းကို မောင်နားလည်သွားပြီ...သိလား၊ မင်းကို ချစ်တယ် ဖြူရဲ့၊ အရမ်းကို ချစ်တယ်...ကြားလား...ဖြူ၊ ကိုယ်..မင်းကို ချစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့အိပ်မက်ထဲကအတိုင်း အမှန်တကယ် ဖြစ်သွားခဲ့ပါပြီ။

သို့သော်....

သူမကတော့ မသိရှာတော့။

အသက်မဲ့နေသော ခန္ဓာကိုယ်လေးက မိုးမြင့်စံရင်ခွင်ထဲမှာ မှေးစက်လို့...

မိုးမြင့်စံ မျက်ရည်တွေ စီးကျရင်း နံ့သာဖြူ ရောက်ရာဘဝတကြားနိုင်ရန် ဆောင်းနှင်းတွေကြားမှာ..အကျယ်ကြီး အော်ပစ်လိုက်လေသည်။

'ဖြူ...မင်းကို မောင်ချစ်တယ်'

မင်္ဂလာအပေါင်း ခညောင်းကြပါစေ



www.burmeseclassic.com

www.burmeseclassic.com

မိုးမြင့်စံ၏အသံကြောင့် လောကကြီးနှင့် ခဏတာ အဆက်အသွယ်ဖြတ်ထားသော နံ့သာဖြူ မျက်လုံးလေး ပွင့်လာသည်။

ထို့နောက်..

'တကယ်ပြောတာလား...မောင်'

မယုံကြည်နိုင်ခြင်းများစွာနဲ့ သူ့ရင်ခွင်ထဲက ကောင်မလေး..အပြုံးပွင့်လေးတွေ ဆင်မြန်းလို့...

'ဟင်...ဖြူ..မင်း..မင်း...မသေဘူးနော်'

'မောင့်ကို ကျွန်မ သေပါပြီလို့ ပြောမိလို့လား..မောင့်ဘာသာ ထင်ချင်ရာ ထင်နေတာလေ'

မိုးမြင့်စံရဲ့ပျော်ရွှင်ခြင်းလှိုင်းတံပိုးတွေ နှလုံးသားကျောက်ဆောင်ကို အရှိန်အဟုန်ပြင်းစွာ လာရိုက်ခတ်သည်။

'လန့်သွားတာပဲ ဖြူရယ်...မင်းက အတော်နောက်တာပဲ၊ ကိုယ့်မှာတော့ ခံစားလိုက်ရတာ...အသည်းတွေ မီးကျွမ်းမတတ်ဘဲ'

နံ့သာဖြူက မိုးမြင့်စံကို မျက်စလေးပစ်လိုက်ပြီး

'သွားပါ..အခုမှ လာပြီးချွဲနေတယ်၊ အစကတော့ သူ့ပဲ လူကို ပန်းစားဘီလူးလေး ဘာလေးနဲ့...'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက မင်းရဲ့အချစ်ကို ဒိုင်ယာရီထဲမှာ မတွေ့ခင်က အထင်မှားခဲ့တာပါ ဖြူရယ်··ခုတော့ မင်းက ကိုယ့်အတွက် VIPချစ်သူ ဖြစ်သွားပါပြီ'

'ဘယ်လို···VIPချစ်သူ··'

နံ့သာဖြူက နားမလည်သောမျက်ဝန်းလေးတွေနှင့်မေးသည်။

'ဟုတ်တယ်လေ··VIPချစ်သူဆိုတာ မင်းက ကိုယ့်အတွက်··. Very Important Person၊ ကိုယ့်နှလုံးသားရဲ့အထူးတန်းပွဲကြည့်စင်ရှေ့မှာ ကိုယ့်ရဲ့အချစ်တွေကို တစ်ယောက်တည်း VIPတန်းက ကြည့်ခွင့်ရမယ့် VIPချစ်သူပေါ့'

နံ့သာဖြူ ကျေနပ်စွာ ပြုံးလိုက်မိပါသည်။ နောက်မှ အဲဒီစာသားတွေကို သူမဝတ္ထုထဲမှာ ထည့်ရေးရဦးမည်။

အခုတော့····

နှစ်ယောက်သား ဒီဇင်ဘာရဲ့ နှင်းစက်တွေအောက်မှာ ၁၅၀၀ ကီလေသာတွေနဲ့ အချမ်းဒဏ်ကို အံတုလို့····။

BURMESE CLASSIC

တကယ် ပြီးသွားပါပြီ။

ဟော့လိုင်း



www.burmeseclassic.com